# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၂၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၇၈)


# ဦးဝင်းမြင့် (တာမွေမဲဆန္ဒနယ်)အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း အတည်ပြု

# ဒုတိယသမ္မတသုံးဦးမှ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း ဆက်လက်ဆောင်ရွက်မည်



**နေပြည်တော် မတ် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က တင်ပြသည့် ဒုတိယသမ္မတနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထိုသို့ ဖတ်ကြားတင်ပြရာတွင် လစ်လပ်လျက်ရှိသည့် နိုင်ငံတော်သမ္မတ ရာထူးနေရာအတွက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဦးဝင်းမြင့်(တာမွေမဲဆန္ဒနယ်)အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှ ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပြည်သူ့လွှတ်တော်၏ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်စွဲပါစာဖြင့် ပေးပို့တင်ပြခဲ့ပါကြောင်း။

အဆိုပါ ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊

*စာမျက်နှာ ၇ ကော်လံ ၁* ❖

# မြန်မာ့ပို့ကုန်ပမာဏမြင့်တက်လာ၍ ကုန်သွယ်မှုလိုငွေ သိသိသာသာကျဆင်း



**ရန်ကုန် မတ် ၂၆**

ယခု ဘဏ္ဍာနှစ်(၂၀၁၇ ဧပြီမှ ၂၀၁၈ မတ်လ) အထိ မြန်မာ့ပို့ကုန်ပမာဏ မြင့်တက်လာခြင်းကြောင့် ကုန်သွယ်မှုလိုငွေပြမှု သိသိသာသာ ကျဆင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ တရားဝင်ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၉၀၂ ဒသမ ၂၇၇ ရှိခဲ့ပြီး သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၃၉၈ ဒသမ ၂၀ ရှိခဲ့သဖြင့် ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံရှိကြောင်း၊ ယင်းကုန်သွယ်မှုလိုငွေမှာ ပြီးခဲ့သည့်နှစ် အလားတူကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၉၉၈ ဒသမ ၅၄၄ ရှိခဲ့ပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❄


**ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်လျက်ရှိသဖြင့် ဒေသခံပြည်သူများ ထိတ်လန့်မှုမဖြစ်စေရန် အကြောင်းကြားထား** — စာ ၄

**ပေးဆပ်စွန့်ဖို့ အသင့်ရှိ** — စာ ၆

**ပထမဆုံးအကြိမ် ကျောက်မျက်ရတနာပြပွဲ မြစ်ကြီးနားမြို့တွင် ကျင်းပ** — စာ ၈

**ရေပြတ်လပ်မှုနှင့် ညစ်ညမ်းမှုကို ပေကျင်း ကိုင်တွယ်ဆောင်ရွက်** — စာ ၁၄


**(၇၃)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုပါ၏။**




# (၇၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်းလုံးညီညွတ်ရေးတို့ကို ပြည်သူအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းအတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်အောင် တပ်မတော်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို **Standard Army** ဖြစ်စေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ် မြင့်မားရေးအား စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်ရေး။

မြန်မာ့အလင်း

## အခွင့်အလမ်းများ ခိုင်ခိုင်မာမာ

အဂတိလိုက်စားမှုများကို ကိုယ်တွေ့ကြုံခဲ့ကြရသူများက တိတိကျကျ ခိုင်ခိုင်မာမာ တိုင်ကြားကြသည့်အတွက် လက်တွေ့ကျကျ အရေးယူဆောင်ရွက်သည့် သတင်းများကို မီဒီယာများတွင် မိမိတို့တွေ့မြင်ကြားသိခဲ့ကြရပြီးဖြစ်သည်။ ရာထူးတာဝန်နှင့် လုပ်ပိုင် ခွင့်များကို အလွဲသုံးစားပြုကာ အဂတိလိုက်စားမှုများကို ပြုလုပ်ကြသည့် အကျင့်ပျက် ဝန်ထမ်းများကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန်အတွက် နည်းလမ်းတကျ တိုင်ကြားနိုင်ရန်လည်း အခွင့်အလမ်းများ ရှိပြီးဖြစ်သည်။ အကျင့်ပျက် ဝန်ထမ်းများ၏ အဂတိလိုက်စားမှုများအား သက်ဆိုင်ရာဌာနကိုပင်ဖြစ်စေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကိုဖြစ်စေ တိုင်ကြားကြခြင်းဖြင့် ကာယကံရှင်များအတွက် နစ်နာမှုများကို ကုစားနိုင်မည် ဖြစ်သည်။ အဂတိလိုက်စားမှုကြောင့် နစ်နာသူသည် အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးဦး အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ဖြစ်စေ သတ်မှတ်ချက်နှင့်အညီ တိုင်ကြားနိုင်ကြောင်း သိနားလည်ထားရမည် ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားစာကို ပေးပို့ရာတွင် "သို့- ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ အုပ်စု (၁) ၊ အားကစားလေ့ကျင့်ရေးစခန်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ နေပြည်တော်" ဟူ၍ လိပ်မူပေးပို့နိုင်ပြီး ကော်မရှင်ထံ မိတ္တူပေးပို့ခြင်း မပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်ဖြစ်သည်။ တိုင်ကြားစာတွင် တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ ပါဝင်ရန် လိုအပ်သည်။ မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင်စသည့်အရေးကြီးသော သက်သေခံချက်များရှိကြောင်း ဖော်ပြနိုင်ရမည်ဖြစ်ပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားခြင်းမျိုးကိုမူ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည့်အတွက် ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ရောက်ရှိလာသည့် တိုင်ကြားစာများကို ဖွင့်ဖောက်စစ်ဆေးပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်း၊ ဥပဒေနှင့် ကိုက်ညီမှုရှိပါက စစ်ဆေးဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သည်။ ဥပဒေနှင့် ကိုက်ညီမှုမရှိသည့် တိုင်ကြားစာများကိုမူ မှတ်တမ်းတွဲခြင်း၊ အချို့တိုင်ကြားစာများမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် မကိုက်ညီသော်လည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူရမည့် ကိစ္စများဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းထံတိုင်ကြားစာကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးပို့ခြင်းတို့ကို ဆောင်ရွက်သည်။ ကော်မရှင်သည် ရောက်ရှိလာသည့် တိုင်ကြားစာများအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးသည့် ရလဒ်များကို နိုင်ငံပိုင်သတင်းစာများနှင့်ကော်မရှင် **website(www.accm.gov.mm)** တွင် ထည့်သွင်းဖော်ပြလျက်ရှိသည်။

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီ စနစ်ကို ကျင့်သုံးခဲ့သည်မှာ အစိုးရသက်တမ်းနှစ်ဆက်သို့ ရောက်ရှိခဲ့ပြီး ကာလအားဖြင့် ခုနစ်နှစ်သက်တမ်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်ရာ ပြည်သူများအနေဖြင့်လည်း မိမိတို့၏ အခွင့်အရေးများကို နားလည်စွာဖြင့် ရယူကျင့်သုံးနိုင်ကြရမည် ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ နစ်နာဆုံးရှုံးရမှုများ၊ အဂတိလိုက်စားမှုဆိုင်ရာ နစ်နာဆုံးရှုံးရမှုများ စသည်တို့အတွက် သက်ဆိုင်ရာကော်မရှင်များထံ နည်းလမ်းတကျတိုင်ကြားကြခြင်းဖြင့် မိမိတို့၏ နစ်နာဆုံးရှုံးမှုများကို ကုစားရန် အခွင့်အလမ်းများ ထင်ထင်ရှားရှား ခိုင်ခိုင်မာမာဖော်ဆောင်ထားပြီး ဖြစ်သည်ကို အခါခပ်သိမ်း သတိချပ်နိုင်ကြပါစေကြောင်း။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကြာအင်းဆိပ်ကြီး-ချောင်းဆုံ(ဘုရားသုံးဆူ)လမ်းပေါ်ရှိ မက္ကသာတံတားဖွင့်ပွဲကျင်းပ



**ကြာအင်းဆိပ်ကြီး မတ် ၂၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီး-ချောင်းဆုံ(ဘုရားသုံးဆူ) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတ္တု၊ သစ်တောနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးစောပြည်သာ၊ လမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းသည် ယခင်က ၁၀ မိုင်ခန့်သာ ကတ္တရာလမ်းအဖြစ်ရှိခဲ့ပြီး ကျန်လမ်းပိုင်းသည် အမာခံလမ်းအဖြစ် တည်ရှိနေရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၂၀၀၀ ကျော်ခန့်ဖြင့် ၄၀ မိုင်ငါးဖာလုံကို ကွန်ကရစ်လမ်းသစ်အဖြစ် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါကွန်ကရစ်လမ်းသစ်သည် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့်ဘုရားသုံးဆူမြို့ကို ဆက်သွယ်သည့် မြို့နယ်ချင်းဆက်လမ်းဖြစ်သည့်အပြင် နိုင်ငံတကာဆက်သွယ်ရေးလမ်းများဖြစ်သည့် သံဖြူဇရပ် - ဘုရားသုံးဆူလမ်း၊ မုဒုံ-မြဝတီလမ်းတို့နှင့် ချိတ်ဆက်နေသည့်အတွက် ကရင်ပြည်နယ်အတွင်းအရေးပါသည့် လမ်းတစ်လမ်း ဖြစ်သည်။

ဆက်လက်၍ ယင်းလမ်းပေါ်ရှိမက္ကသာတံတားဖွင့်ပွဲကိုကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ပြည်နယ်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတ္တု၊ သစ်တောနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးစောပြည်သာ၊ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်မြတ်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းတံတားသည် အရှည်ပေ ၂၄၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီပါဝင်သည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ မီးဘေးလုံခြုံရေးပြင်ဆင်ဆောင်ရွက်

**ဖျာပုံ မတ် ၂၆**- မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မတော်တဆမီးဘေးကြုံလာပါက အရေးပေါ်တုံ့ပြန်ရင်ဆိုင်နိုင်ရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို ဧရာဝတီတိုင်းဒေသကြီးဖျာပုံခရိုင် ဘိုကလေးမြို့၌ မတ် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ အစီအစဉ်တွင် ဘိုကလေးမြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ခင်ဗိုလ်တို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဆီမီးလောင်မှုငြိမ်းသတ်ခြင်း၊ ဂက်စ်အိုးယိုစိမ့်မီးလောင်မှု ငြိမ်းသတ်ခြင်းစသော မီးငြိမ်းသတ်ခြင်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၆ -၃-၂၀၁၈

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၀၅/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၂၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၃ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ . ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၇၃ . ၈ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ . ၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပုံတူပန်းပုရုပ်တု ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် မတ် ၂၆**

(၇၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပုံတူပန်းပုရုပ်တုအား ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်လက်ခံရယူသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဦးကျော်ကျော်က ပိတောက်ကျီးပေါင်းသားဖြင့် ထုလုပ်ထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပုံတူပန်းပုရုပ်တုအား ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပြန်လည်ပေးအပ်**

ထို့နောက် အလှူရှင်များက ပုံတူပန်းပုရုပ်တုအား ပေးအပ်လှူဒါန်းရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံရယူပြီး အလှူရှင်ဦးစောလှအေးနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

အဆိုပါရုပ်တုကို မြိုင်ကြီးငူဒေသ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်အနီး ပေါက်ရောက်လျက်ရှိသည့် နှစ် ၁၀၀ ကျော်သက်တမ်းရှိ ပိတောက်ပင်၏ ကျီးပေါင်းသားဖြင့် ထွင်းထုထားခြင်းဖြစ်ပြီး သစ်အလှူရှင် ဦးစောလှအေး လှူဒါန်းသည့် ကျီးပေါင်းသားပေါ်တွင် ဦးကျော်ကျော်၏စီစဉ်မှုဖြင့် ပန်းပုဆရာ ဦးရဲရင့်နောင်လတ်က နှစ်လခန့် အချိန်ယူထုဆစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျီးပေါင်းပန်းပုရုပ်တုမှာ အလေးချိန်အားဖြင့် တစ်တန်ခန့်ရှိပြီး ကာလတန်ဖိုး ငွေကျပ်သိန်း ၁၀၀၀ ခန့်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလှူရှင်ဦးစောလှအေးနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** သတင်းစဉ်

# စန္ဒရား(ဦး)တင်ဝင်းလှိုင်၏ မမှန်မကန် စွပ်စွဲပုတ်ခတ်ပြောကြားမှုများနှင့် ထပ်ဆင့်စွပ်စွဲချက်များ လုပ်ဆောင်နေကြသူများကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

## အသိပေးကြေညာချက်

၂၀၁၇ ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park ၌ ၂၀၁၈ ခုနှစ်၊ မတ်လ (၂၃)ရက်နေ့ ညနေပိုင်းက ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် အကောင်းဆုံးတေးဂီတဆု ရရှိခဲ့သည့် စန္ဒရား(ဦး)တင်ဝင်းလှိုင်အနေဖြင့် ကျေးဇူးတင်စကား ပြောကြားခဲ့ရာတွင် လည်းကောင်း၊ အကယ်ဒမီပွဲပြီးနောက်ပိုင်း မီဒီယာအချို့နှင့် ပြောကြားသော စကားများတွင် လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပတ်သက်၍ မမှန်မကန် စွပ်စွဲပုတ်ခတ်ပြောဆိုမှုများအပြင် ပုဂ္ဂိုလ်ရေးပုတ်ခတ်တိုက်ခိုက်ပြောဆိုမှုများ ပါဝင်နေပြီး ယင်းတို့ကို အွန်လိုင်းအပါအဝင် မီဒီယာများ၌ ရေးသားဖော်ပြလျက်ရှိရာ ယင်းအချက်များသည် မမှန်ကန်ကြောင်း ပြည်သူတို့ သိရှိနိုင်ရေးအတွက် ဤအသိပေးကြေညာချက်အား ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

စန္ဒရား(ဦး)တင်ဝင်းလှိုင်၏ မမှန်မကန် ပုတ်ခတ်တိုက်ခိုက်ပြောဆိုမှုများအနက် အဓိကကျသောအချက်များကို အောက်ပါအတိုင်း ထုတ်နုတ်ရှင်းလင်းဖော်ပြအပ်ပါသည်-

(က) 'ၖင်း၏ **ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ** အစီအစဉ်မလွှင့်နိုင်သည်မှာ (၁) နှစ်ရှိပြီ'ဟု ပြောကြားချက်မှာ **လုံးဝမှန်ကန်ခြင်းမရှိပါ။** ယင်းအစီအစဉ်ကို အပတ်စဉ် အင်္ဂါနေ့ ညနေတိုင်း၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်လျက်ရှိခဲ့ရာ အပိုင်း(၁၅၂)ကို ၂၀၁၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် နောက်ဆုံးထုတ်လွှင့်ခဲ့ပါသည်။ အသစ်ထပ်မံ ရိုက်ကူးနိုင်ရေးအတွက်လည်း ကာယကံရှင်၏ မိသားစုနှင့် ၂၀၁၇ခုနှစ်၊ ဇွန်လမှစ၍ ၂၀၁၈ ခုနှစ်၊ မတ်လ(၂၂) ရက်နေ့အထိ ကာလများအတွင်း အကြိမ်ကြိမ်ဆက်သွယ်ခဲ့ရာ ၎င်း၏သမီးဖြစ်သူက (ဦး)တင်ဝင်းလှိုင် မျက်စိခွဲစိတ်ရန်ရှိခြင်း၊ ရုပ်ရှင်ကားကြီးများတွင် တေးဂီတတီးခတ်နေရခြင်း စသည်တို့ကြောင့်ဟုဆိုကာ အကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့ပြီး အကယ်ဒမီပွဲကြီးပြီးမှသာ ရိုက်ကူးနိုင်ရေး ဆက်သွယ်မည်ဟု ပြန်ကြားခဲ့ကြောင်း သိရှိရပါသည်။

(ခ) **'RCA စက်၊ အသုံးပြုသည့်အပ်တစ်ခုမှမရှိတော့'**ဟူသော ပြောကြားချက်မှာ **လုံးဝမှန်ကန်ခြင်းမရှိပါ။** မြန်မာ့အသံ၌ နှစ်ပေါင်း (၇၀)ကျော်ကစတင် သုံးစွဲခဲ့သော စက်ဖြစ်ပြီး မူရင်းကုမ္ပဏီမှလည်း စက်အပိုပစ္စည်း ထုတ်လုပ်ခြင်းမရှိတော့ပါ။ သို့သော်လည်း ပြန်လည်ပြင်ဆင်ထားမှုအရ ၂၀၁၇ ခုနှစ်တွင် စက် (၁)လုံး ပြန်လည်ကောင်းမွန်လာပြီး အသုံးပြုသည့်အပ်ကိုလည်း ရှာဖွေပြုပြင်ပြီး သုံးစွဲနိုင်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအပြင် ဓာတ်ပြားနှင့် အသံသွင်းတိပ်များထဲမှ သီချင်းများ ပျောက်ပျက်မသွားစေရေးအတွက် ခေတ်မီစက်များအသုံးပြု၍ ဒီဂျစ်တယ်စနစ်ဖြင့် ကူးယူထိန်းသိမ်းလျက်ရှိရာ ယနေ့အထိ မဟာဂီတ၊ ခေတ်ဟောင်း၊ နှောင်းခေတ်ကာလပေါ် တေးသီချင်းနှင့် အငြိမ့်၊ ဇာတ်သဘင် ဆက်စပ်အစီအစဉ်များ စုစုပေါင်းပုဒ်ရေ (၁၂၃၄၈)ကျော် ကူးယူနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍လည်း ဒီဂျစ်တယ်မှတ်တမ်းအဖြစ် ကူးယူထိန်းသိမ်းလျက်ရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များတွင် ပုံမှန်ထုတ်လွှင့်ပေးလျက်ရှိပါသည်။ သို့ဖြစ်ရာ **'ဗမာ့အသံမြေကြီးထဲ မြုပ်သွားတော့မယ်'**ဟူသော ပြောကြားချက်မှာ **လုံးဝမှန်ကန်ခြင်းမရှိပါ။**

(ဂ) **'သီချင်းခွေကူးရာတွင် ပိုက်ဆံအရမ်းပေးရတယ်၊ ရေအရမ်းလျှံရတယ်၊ ပိုက်ဆံမပေးရင် လူအဟောင်းတွေနဲ့ ဘယ်ဝန်ကြီးဌာနမှာမှ မရဘူး၊ ပိုက်ဆံပေးရတာချည်းပဲ'** ဟူသော ပြောကြားချက်မှာ အဖွဲ့အစည်းတစ်ခုကိုသာမက နိုင်ငံတော်အစိုးရတစ်ရပ်လုံး၏ ဝန်ကြီးဌာနများကို သိမ်းကျုံးပုတ်ခတ်စွပ်စွဲပြောကြားချက် ဖြစ်နေပါသည်။ အကယ်၍ ပိုက်ဆံပေးရသည်ဆိုပါက သက်ဆိုင်ရာဝန်ကြီးဌာန (သို့မဟုတ်) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အပါအဝင် အထက်အဖွဲ့အစည်း အဆင့်ဆင့်ကို တိုင်ကြားနိုင်ပါသည်။ တိုင်ကြားမှုများကိုလည်း စိစစ်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ **ယေဘုယျဆန်သော စွပ်စွဲချက်ဖြင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ အားလုံးကို အခြေအမြစ်မရှိ ပုတ်ခတ်စွပ်စွဲပြောဆိုခြင်းမျိုးကို လုံးဝလက်ခံနိုင်မည်မဟုတ်ပါ။**

(ဃ) စန္ဒရား (ဦး)တင်ဝင်းလှိုင်မှ **'ပြည်ထောင်စုဝန်ကြီးနား ကပ်လို့မရဘူး'** ဟူသော ပြောကြားချက်မှာ **လုံးဝမှန်ကန်ခြင်းမရှိပါ။** ၎င်းအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနတစ်ခုခုမှ ဖြစ်စေ၊ အခြားအဖွဲ့အစည်းများမှတစ်ဆင့် ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ အရာထမ်း အမှုထမ်း တစ်ဦးဦးမှဖြစ်စေ **ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံနိုင်ရေးအတွက် စာဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့် သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့် သော်လည်းကောင်း၊ အီးမေးလ်ဖြင့် သော်လည်းကောင်း၊ ကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း ဆက်သွယ်ပြောဆိုခြင်း လုံးဝမရှိခဲ့ပါ။ ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့်လည်း တွေ့ဆုံမှုကို ပိတ်ပင်ခဲ့ခြင်း၊ တားဆီးခဲ့ခြင်း၊ မျက်ကွယ်ပြုခဲ့ခြင်းလုံးဝမရှိ**ပါကြောင်း အထောက်အထားများအရ သိရှိရပါသည်။

(င) ၎င်း၏ပြန်ပြောကြားချက်များတွင် **လူပုဂ္ဂိုလ်ဆိုင်ရာ စော်ကားမှုအပြင် တပ်မတော်မှ နယ်ဘက်သို့ လွှဲပြောင်းအမှုထမ်းဆောင်နေသော ပုဂ္ဂိုလ်များနှင့်ပတ်သက်၍လည်း မတရားစွပ်စွဲပြောဆိုမှုများ ပြုလုပ်ခဲ့သည်မှာ လုံးဝသင့်လျော်မှုမရှိပါ။** ၎င်းဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ခြင်း မရှိပါက မထမ်းဆောင်သည့်သူများကို အမည်နှင့်တကွ တိကျစွာ ဖော်ထုတ်၍ တိုင်ကြားနိုင်ပါသည်။ ထိုသို့ **ယေဘုယျဆန်သော စွပ်စွဲချက်ဖြင့် နယ်ဘက်တာဝန် လွှဲပြောင်းထမ်းဆောင်သူ တပ်မတော်သားအားလုံးကို ပုတ်ခတ်စွပ်စွဲပြောဆိုခြင်းသည် အခြေအမြစ်မရှိသည့် ပြောကြားချက်များ**သာ ဖြစ်ပါသည်။

ထိုသို့ စန္ဒရား(ဦး)တင်ဝင်းလှိုင်၏ မမှန်မကန် စွပ်စွဲ ပုတ်ခတ်ပြောကြားမှုများနှင့် ထိုပြောကြားမှုများအပေါ် အခြေခံ၍ လူမှုကွန်ရက်အပါအဝင် မီဒီယာများတွင် ထပ်ဆင့်စွပ်စွဲ ပြောကြားမှုများ၊ မှန်ကန်မှုမရှိသည့် အကြောင်းအရာများကို ထပ်ဆင့်ဖော်ပြနေမှုများနှင့် ပတ်သက်၍ ပြည်သူအများ ထင်ယောင်ထင်မှားမဖြစ်စေရေးအတွက် ဖြစ်စဉ်အမှန်ကို သက်ဆိုင်ရာအဖွဲ့အစည်းမှ အိတ်ဖွင့်ပေးစာရေးသားခြင်း၊ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းခြင်းများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် ၎င်း၏ မမှန်မကန်ပြောကြားခဲ့မှုများ၊ ယင်းပြောကြားခဲ့မှုများအပေါ် အခြေခံ၍ မမှန်မကန် ထပ်ဆင့်စွပ်စွဲချက်များကို လုပ်ဆောင်နေကြသည့် သက်ဆိုင်သူပုဂ္ဂိုလ်များအား တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့**
**၂၆-၃-၂၀၁၈**

❄ *ရှေ့ဖုံးမှ*

သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၇၂၁၁ ဒသမ ဝ၆၂ ရှိခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ၅ ဘီလီယံကျော် ရှိခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံသာရှိ၍ ကုန်သွယ်မှုလိုငွေ သိသိသာသာ ကျဆင်းလာသည်။

"ဒီနှစ် မြန်မာပို့ကုန်ပမာဏ တိုးတက်လာရခြင်း အဓိကအကြောင်းအရင်းကတော့ ဆန်တင်ပို့မှုက မနှစ်ကထက် မြင့်တက်လာပါတယ်၊ ဒီနှစ်ထဲမှာ RE EXPORT (သွင်းကုန်ကို ပြည်ပသို့ တစ်ဖန်ပြန်ပို့မှု)ကလည်း များပြားခဲ့ပါတယ်၊ ထိုင်းက သကြားကို တရုတ်နဲ့ အခြားနိုင်ငံတွေကို ပြန်ပို့တယ်၊ ဒီအတွက်ကြောင့်လည်း ကုန်သွယ်မှုလိုငွေပြမှုက သိသိသာသာ ကျဆင်းလာခြင်းဖြစ်ပါတယ်"ဟု ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း သင်ကြားရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက ယနေ့ ကမ်းနားလမ်း ကုန်သွယ်ရေးဦးစီးဌာန၌ တွေ့ဆုံစဉ် ပြောကြားသည်။

ယခုနှစ်တွင် ပဲမျိုးစုံတင်ပို့မှု ကျဆင်းခဲ့သော်လည်း ဆန်တင်ပို့မှု သိသိသာသာ မြင့်တက်ခဲ့သည့်အတွက် မြန်မာ့ပို့ကုန်ပမာဏ မြင့်တက်ခဲ့သည်။ ပြီးခဲ့သည့်နှစ်က စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံကျော်ရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ဇန်နဝါရီလကုန်အထိ ၂၇ ဘီလီယံကျော်ရှိသဖြင့် လက်ကျန် ဖေဖော်ဝါရီလနှင့် မတ်လအတွက် ထည့်ပေါင်းလျှင် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံအထိ ရောက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

သို့သော်လည်း မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ခြင်းကြောင့် ပို့ကုန်ထက်သွင်းကုန်မှာ များပြားနေဆဲဖြစ်သည်။ ပို့ကုန်ထက်သွင်းကုန် များပြားနေမည်ဖြစ်လျှင် လိုငွေပြမည်ဖြစ်သည်။ ပို့ကုန်တင်ပို့မှုများပြားလာလျှင် လိုငွေပြမှု ကျဆင်းလာမည်ဖြစ်ကာ နိုင်ငံခြားငွေ အရန်ငွေကြေးထားရှိကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခန့်မှန်းထား**

လာမည့်နှစ်များအတွင်း မြန်မာ့ပို့ကုန်အနေအထားမှာ ဆန်နှင့် ပဲမျိုးစုံအပြင် RE EXPORT လုပ်ငန်းများ တိုးတက်လာခြင်း၊ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးလာခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာကာ ကုန်သွယ်မှုလိုငွေပြမှုကို တဖြည်းဖြည်း လျှော့ချလာမည်ဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ရှမ်းပြည်နယ်ရှိ မြို့များတွင် လူ့အခွင့်အရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြည်သူလူထုအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ ပိုမိုပြန့်ပွားစေရန်နှင့် လူ့အခွင့်အရေးကို မှန်မှန်ကန်ကန်သိရှိပြီး လေးစားလိုက်နာ၍ မှန်မှန်ကန်ကန် ကျင့်သုံးလာနိုင်စေရန် ရည်ရွယ်လျက် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးတို့သည် မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်တို့အတွင်းရှိ ညောင်ရွှေ၊ တောင်ကြီး၊ ဟိုပုံး၊ လွိုင်လင်နှင့် ပင်လုံမြို့များသို့ သွားရောက်၍ လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးသည်။



ရှေးဦးစွာ ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မတ် ၂၀ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြသည်။ အခမ်းအနားသို့ စုစုပေါင်း ၂၀၇ ဦး စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြသည်။

အလားတူ ရှင်းလင်းဆွေးနွေးပွဲများကို ကျင်းပရာ တောင်ကြီးမြို့တွင် စုစုပေါင်း ၁၈၈ ဦး၊ ဟိုပုံးမြို့တွင် ၂၄၀၊ လွိုင်လင်မြို့တွင် ၁၉၃ ဦးနှင့် ပင်လုံမြို့တွင် ၂၅၀ တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားများတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားခဲ့ကြသည်။

လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲများသို့ ရှမ်းပြည်နယ် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ သက်ဆိုင်ရာမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ အရပ်ဘက်အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် စိတ်ပါဝင်စားသော ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ သံဃာတော်နှင့် သီလရှင် ၁၁၆၀၃ ပါး ဖြေဆို

**နေပြည်တော် မတ် ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ဆဋ္ဌမနေ့)ကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် ဖြေဆိုကြရာ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်း သွင်း ၁၅၂၆၉ ပါးအနက် ၁၁၆၀၃ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၉၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်လျက်ရှိသဖြင့် ဒေသခံပြည်သူများ ထိတ်လန့်မှုမဖြစ်စေရန် အကြောင်းကြားထား

**ရေနံချောင်း မတ် ၂၆**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် SEAPကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာအုပ်စု ခုံစုကျေးရွာအနီးနှင့် ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအနီးတို့တွင် ပြုပြင်လျက်ရှိရာ မတ် ၂၇ ရက်မှစ၍ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုအား ခေတ္တရပ်ဆိုင်းခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းဆောင်ရွက်မည့် ပိုက်လိုင်းအတွင်းမှ သဘာဝဓာတ်ငွေ့အား Flare တိုင်များမှ စွန့်ထုတ်၍ မီးရှို့မည်ဖြစ်သည်။ Clause 6-3-2-2 API Standard 521 နှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မတ် ၂၇ နှင့် ၂၈ ရက်အတွင်း ဆူညံသံများနှင့် မီးတောက်များ လေထုတွင်ဖြစ်ပေါ်မည်ဖြစ်ရာ Valve Station (8)Flare တိုင်အနီးရှိ ပတ်ဝန်းကျင်(စကုမြို့ကဒီးရွာပတ်ဝန်းကျင် Yenangyaung Compressor Stationမြို့ပတ်လမ်းအနီး Flare တိုင်ပတ်ဝန်းကျင်)မှ ဒေသခံများအနေဖြင့် စိုးရိမ်ထိတ်လန့်မှုမဖြစ်စေရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကြောင်းကြားထားကြောင်း သိရသည်။ အဆိုပါဓာတ်ငွေ့ပိုက်လိုင်းသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ငဖဲမြို့နယ်၊ မင်းဘူး၊ ပွင့်ဖြူ၊ ရေနံချောင်းနှင့် ချောက်မြို့နယ်များတွင် ဖြတ်သန်းဖောက်လုပ်ထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အင်းဝဘဏ်လီမိတက်၊ အောင်မြေသာစံဘဏ်ခွဲ ဖွင့်လှစ်

**မန္တလေး မတ် ၂၆**

(၇၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၊ အောင်မြေသာစံဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားအား ယနေ့ နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်တွင် ကျင်းပရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်း၊ မန္တလေးတိုင်းဒေသကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုံ့ဇော်၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။




ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုံ့ဇော်နှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်းက အင်းဝဘဏ်လီမိတက်၊ အောင်မြေသာစံဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးကဘဏ်ခွဲကမ္ပည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းပေးကာ အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက်၊ အောင်မြေသာစံဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၄၈ ခုမြောက်ဘဏ်ခွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်ရှိ Mandalay Call Center (မြေညီထပ်)တွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများလက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုး ထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်း နှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီး လုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဇလုပ်ဗဟိုစိုက်ပျိုးရေးသုတေသနခြံ အဆင့်မြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ပျိုးရေးအတွက် ရေမြေရာသီဥတု သီးနှံမျိုးစုံဖြစ်ထွန်းရာ ဒေသဖြစ်သည်နှင့်အညီ စပါး၊ ဂျုံ၊ ကုလားပဲ၊ ပဲမျိုးစုံ၊ နှမ်းနှင့် မြေပဲသီးနှံတို့တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်ဝေထားသည့် မျိုးများကို စိုက်ပျိုးလျက်ရှိပြီး ဒေသအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဝမ်းသာမဆုံးဖြစ်မိပါကြောင်း မတ် ၂၄ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဇလုပ်ဗဟိုစိုက်ပျိုးရေးသုတေသနခြံ အဆင့်မြှင့်တင်ရေးညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောကြားသည်။



ထို့နောက် ဇလုပ်စိုက်ပျိုးရေးသုတေသနခြံ၌ လက်ရှိဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနရုံးချုပ်မှ ချမှတ်ပေးထားသည့် လုပ်ငန်းများဖြစ်ပြီး တိုင်းဒေသကြီးတွင် ဒေသနှင့် ကိုက်ညီသော သီးနှံမျိုးများ ပိုမိုထုတ်လုပ်နိုင်ရေး၊ ခေတ်မီနည်းပညာများ ပံ့ပိုးနိုင်ရေးနှင့် တောင်သူများ ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို အနီးကပ်ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ ဗဟိုစိုက်ပျိုးရေးသုတေသနခြံအဖြစ်သို့ အဆင့်မြှင့်တင်ရခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ညွန့်က သုတေသနပညာရှင်များ၏ စစ်တမ်းများမှ တွေ့ရှိချက်များကို အခြေခံပြီး စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူပညာပေးဝန်ထမ်းများက သီးနှံမျိုးသစ်များနှင့် နည်းပညာလိုအပ်ချက်များကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းပြီး တောင်သူများထံသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ Michigan State University မှ Professor Dr. Duncan က ၂၀၁၂ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့၏ စစ်တမ်းအရ သီးနှံစိုက်ပျိုးရာတွင် ပိုးသတ်ဆေး၊ မြေသြဇာသုံးစွဲမှုနှုန်းထားများ မြင့်တက်လာသည်ကိုသာ တွေ့ရှိရသည့်အတွက် သုတေသနပြုဆောင်ရွက်နိုင်ရန် ဇလုပ်ဗဟို စိုက်ပျိုးရေးသုတေသနခြံအဖြစ် အဆင့်မြှင့်ရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

နေ့လယ်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များ၏ ဖေဖော်ဝါရီ ၁၈ မှ ၂၃ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ၊ မြင်းမူနှင့် ပုလဲမြို့နယ်များရှိ တောင်သူများထံ အခြေခံစစ်တမ်းများ ကောက်ယူချက်များ၊ တောင်သူပြဿနာများနှင့် ဖြေရှင်းပေးနိုင်မည့် နည်းလမ်းတို့ကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**
**ဓာတ်ပုံ-ကျော်လှိုင်သင်း(နေပြည်တော်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၆**

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ထားဝယ်မြို့တွင် ဝ ဒသမ ၅၂ လက်မနှင့် လောင်းလုံးမြို့တွင် ဝ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**



မတ် ၂၆ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညစာ်ခံပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆိဒိုးနားဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နှင့်ဇနီး ပါမောက္ခ ဒေါက်တာမြသီတာတို့အား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်သဘောတူညီပြီးဖြစ်သော H.E. Mr. Manjurul Karim Khan Chowdhury က ကြိုဆိုနှုတ်ဆက်စဉ်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့ နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ဒုတိယဝန်ကြီး ဦးအောင်ထူး မကွေးတိုင်းဒေသကြီးကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအားတွေ့ဆုံ

**နေပြည်တော် မတ် ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ယမန်နေ့ နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးခန်းမ၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းအသင်းရှင်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံမှ တင်ပို့နေသည့် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများတွင် ရောဂါပိုးပါဝင်မှု၊ မှိုနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုများရှိနေသဖြင့် အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်မြင့်မားတင်းကျပ်သည့် နိုင်ငံများသို့ တင်ပို့ရာတွင် အခက်အခဲများကြုံတွေ့နေရကြောင်း။

**အခက်အခဲများ ဆွေးနွေးတင်ပြ**

ကုန်သွယ်မှုတိုးမြှင့်ရေး Supply Chain တစ်ခုလုံး၏ အစဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှုတွင် မှို၊ ရောဂါပိုးများ၊ ဓာတ်ကြွင်းများကင်းစင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ တောင်သူများနှင့် ကုန်သည်များ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရေး အသင်းအဖွဲ့များဖွဲ့စည်း၍ အားပေးဆောင်ရွက်နေပါကြောင်း၊ ယနေ့တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကုန်သည်စက်မှုလုပ်ငန်းရှင်များအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။




ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက တိုင်းဒေသကြီးအတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး စင်တာများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်မှု၊ ကုန်သွယ်မှုအခြေအနေ၊ သီးနှံများ စိုက်ပျိုးထုတ်လုပ် ထွက်ရှိမှုတို့အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ကုန်ချောထုတ်လုပ်နေမှု ကြည့်ရှု**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ကံရွာလေးကျေးရွာရှိ ASW ပဲခွဲစက်၊ နှမ်းလှော်လုပ်ငန်းနှင့် ပဲနှမ်းရောင်းဝယ်ရေး စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း နှမ်းများအဆင့်ဆင့် ကုန်ချောထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စန္ဒရားတင်ဝင်းလှိုင်သို့ အိတ်ဖွင့်ပေးစာ

**သို့**

**ဆရာ စန္ဒရားတင်ဝင်းလှိုင်ခင်ဗျား-**

၁။ ၂၃-၃-၂၀၁၈ ရက်နေ့ ညပိုင်းက ရန်ကုန်မြို့ Myanmar Event Park မှာ ပြုလုပ်တဲ့ ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားမှာ ကျေးဇူးတင်စကားပြောကြားစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နဲ့ ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့တဲ့အချက်တွေနဲ့ ပတ်သက်လို့ အခြေအနေမှန်ကို သိစေချင်လို့ အခုလို စာရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။

၂။ ဆရာပြောတဲ့အထဲက ဗမာသံ မြေကြီးထဲ မြုပ်မသွားအောင် ဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ MRTV က လုပ်နေတာတွေ အများကြီး ရှိပါတယ်။ ဆရာသတိမထားမိလို့ဖြစ်မှာပါ။ အဲဒီအထဲက အကျဉ်းလောက် ထုတ်နုတ်ပြောပြရရင် ရေဒီယိုမှာဆိုရင် ၁၉၄၆ ခုနှစ် ဗမာ့အသံဆိုပြီး စတင်ထုတ်လွှင့်ကတည်းက မြန်မာ့အနုသုခုမဆိုင်ရာများနဲ့ မြန်မာသံတေးသီချင်းတွေကို စဉ်ဆက်မပြတ် ထုတ်လွှင့်လျက်ရှိပြီး မဟာဂီတ သီချင်းကြီးအစီအစဉ်၊ မြန်မာ့ဇာတ်သဘင်၊ တစ်ခေတ်တစ်ခါက အနှစ်သာရ၊ ဗုဒ္ဓဝင်ဇာတ်တော်ကြီးများ၊ ဇာတ်သဘင်အဖွဲ့ ဖျော်ဖြေခန်းများ၊ ဆိုင်းအဖွဲ့ဖျော်ဖြေခန်းများ၊ မြန်မာ့ဓလေ့ တေးသံများ၊ သီချင်းကြီး သရုပ်ဖော်၊ မြန်မာတို့ရဲ့တေးအစ မဟာဂီတ၊ မြန်မာ့အနုသဘင်၊ ဂီတသမား ဂီတစကား၊ ခံစားနားဆင် မြန်မာတေးသံစဉ်၊ မြတ်နိုးစရာကျေးရွာ တေးကဗျာ၊ သူ့ခေတ်သူ့အခါ တေးကမ္ဘာ၊ ရေဒီယိုမှုရင်း ရွှေသီချင်းကြေးမုံ စတဲ့ အစီအစဉ်တွေကို တစိုက်မတ်မတ် တစ်နိုင်ငံလုံးကို ထုတ်လွှင့်ပေးနေပါတယ်။

ရုပ်မြင်သံကြားမှာဆိုရင်လည်း ၁၉၈၀ ပြည့်နှစ်က ရောင်စုံရုပ်မြင်သံကြား အစီအစဉ်တွေ စတင်ထုတ်လွှင့်ချိန်မှစပြီး မြန်မာသံ မြန်မာ့ယဉ်ကျေးမှု အနုလက်ရာများနဲ့ ပတ်သက်တဲ့အစီအစဉ်တွေကို ထုတ်လွှင့်ပေးလျက်ရှိရာမှာ ဆို၊ က၊ ရေး၊ တီး သီချင်းကြီး၊ ဇာတ်တော်ကြီး၊ ဇာတ်ပြောကွက်စိပ်၊ ရုပ်သေးတင်ဆက်ဖျော်ဖြေမှု၊ မှတ်သားစရာ ပြည်သူ့နီတိကျင့်ဝတ်များ၊ (၃၈) ဖြာမင်္ဂလာ၊ ပန်းဆယ်မျိုး၊ အနုပညာအစီအစဉ်များ၊ ဂန္ထဝင်ခေတ်ဟောင်းတေးများ၊ ဂီတသမား ဂီတစကား၊ နေမဝင်အလှများ၊ ကာလပေါ်တေးများ၊ အနုပညာခန်းရိပ်သာ၊ သုခုမအငြိမ့်သဘင်၊ ၁၂ လရာသီ အငြိမ့်သဘင်၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတ၊ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်၊ သမိုင်းကို ဖော်ပြနေသော ဝါကျများအပြင် ဆရာကိုယ်တိုင်ပါဝင်တဲ့ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ အစီအစဉ်တွေကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်ထုတ်လွှင့်လျက်ရှိပါတယ်။ ဆရာစိုးရိမ်သလို ဗမာသံမြေကြီးထဲ မြုပ်မသွားအောင် ဌာနက ဆောင်ရွက်နေတာလေး သိအောင် အကျဉ်းမျှ ပြောပြတာပါ။

၃။ နောက်တစ်ခုက ဆရာပြောသွားတဲ့ RCA ဆိုတဲ့ ဓာတ်ပြားအကြီးကြီးတွေ ဖွင့်တဲ့စက်၊ တိပ်ခွေဖွင့်တဲ့စက် နှစ်ခုမရှိတာ၊ ရေအိုးတွေပဲတင်ထားတာ ဆယ်စုနှစ်ကျော်သွားပါပြီဆိုတာနဲ့ ပတ်သက်လို့ ပြောပြရရင် ဓာတ်ပြားအကြီး (၁၆ လက်မအရွယ်)ကိုဖွင့်တဲ့ RCA စက်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော် ကတည်းက မြန်မာ့အသံမှာ သုံးခဲ့တဲ့စက် ဖြစ်ပါတယ်။ စက်နဲ့ပတ်သက်တဲ့ အပိုပစ္စည်းကို မူရင်းကုမ္ပဏီက လုံးဝမထုတ်တော့ပါဘူး။ ဒါပေမယ့် မိမိတို့ဌာန ဝန်ထမ်းတွေနဲ့ ပြင်ပပညာရှင်တွေ ပူးပေါင်းပြီး ပြုပြင်ထားတာရှိတဲ့ စက်နှစ်လုံးမှာ ၂၀၁၇ ခုနှစ်ကတည်းက တစ်လုံးပြန်ကောင်းနေပါပြီ။ အဲဒီစက်မှာသုံးတဲ့ အပ်ကိုလည်း မူရင်းမရပေမယ့် သုံးလို့ရတဲ့အပ်ကို ရှာဖွေထားတာ ထိုက်သင့်သလောက်ရှိပြီး အသုံးပြုနေပါပြီ။ ဒါ့အပြင် ကျန်တဲ့ဓာတ်ပြားဆိုဒ် အသေးမျိုးစုံ ( ၇ လက်မ၊ ၁၀ လက်မ၊ ၁၂ လက်မ ) ကို ကူးတဲ့စက်ဆိုရင်လည်း ခေတ်မီတဲ့စက်တွေနဲ့ အစားထိုးပြီး ဓာတ်ပြားတွေကို ကူးယူပြီး ဒီဂျစ်တယ်စနစ်နဲ့ Archive ပြုလုပ်လျက်ရှိပါတယ်။ မြန်မာ့အသံက ဓာတ်ပြားနဲ့ အသံသွင်းတိပ်များမှ သီချင်းတွေကို ကူးယူပြီး ဒီဂျစ်တယ်မှတ်တမ်းအဖြစ် Archive လုပ်ထားတာမှာ မဟာဂီတ၊ ခေတ်ဟောင်း၊ နှောင်းခေတ်ကာလပေါ် တေးသီချင်းနှင့် အငြိမ့်၊ ဇာတ်သဘင်ဆက်စပ် အစီအစဉ်များ စုစုပေါင်း အပုဒ်ရေ ၁၂၃၁၄၈ ရှိနေပြီ ဖြစ်ပါတယ်။ ဒီနေ့အထိလည်း နေ့စဉ် ဒီဂျစ်တယ်မှတ်တမ်းအဖြစ် ကူးယူထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

၄။ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ အစီအစဉ်ကို မလွှင့်နိုင်တာ တစ်နှစ်ရှိပြီလို့ ပြောသွားတာနဲ့ ပတ်သက်ပြီး MRTV အနေနဲ့ ဆရာ့ရဲ့ အစီအစဉ်သစ်များ ရိုက်ကူးမထုတ်လွှင့်နိုင်သေးခင် စပ်ကြားမှာ ယခင်ရိုက်ပြီးသား ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ (ဂီတရိပ်သာ - ၁၉၂) ပိုင်းနဲ့ ၎င်းနဲ့ ဆက်စပ်ဂီတရိပ်သာ စတဲ့ အခြားသီချင်းတွေကို စုစည်းတင်ဆက်မှု အစီအစဉ်များအပါအဝင် စုစုပေါင်း အစီအစဉ် ၂၀၉ ခု ရှိပါပြီ။ ဆရာ နောက်ဆုံးရိုက်ကူးတဲ့ အစီအစဉ်ထုတ်လွှင့်တဲ့ ၃-၇-၂၀၁၇ ရက် (အင်္ဂါနေ့) နောက်ပိုင်းက စတင်လို့ အပတ်စဉ် ယခင်ရိုက်ကူးပြီး အစီအစဉ်တွေကို အင်္ဂါနေ့ ညနေ ၄ နာရီခွဲအချိန်တိုင်းမှာ ယနေ့အထိ ထုတ်လွှင့်ပြသလျက်ရှိတာကို ဆရာသိလျက်နဲ့ မလွှင့်နိုင်တာ တစ်နှစ်ရှိပြီလို့ ထည့်သွင်းပြောခဲ့၊ ဆိုခဲ့တဲ့အပေါ်မှာ နားမလည်နိုင်ဘဲ ဖြစ်ရပါတယ်။ ယခုနှစ် ကျင်းပခဲ့တဲ့ အကယ်ဒမီပေးပွဲကြီး မကျင်းပမီ သုံးရက်အလို ၂၀-၃-၂၀၁၈ ရက်နေ့ကလည်း ဂီတရိပ်သာအပိုင်း ၁၅၂ ကို ထုတ်လွှင့်ခဲ့ပါသေးတယ်။

ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ အစီအစဉ်သစ်များ ရိုက်ကူးထုတ်လွှင့်ဖို့အတွက် MRTV က ဆရာ့ဆီ အစဉ်တစိုက် ဆက်သွယ်နေခဲ့ပါတယ်။ ၂၇-၆-၂၀၁၇ ရက်နေ့က ဆရာ့သမီးဖြစ်သူနဲ့ အဆက်အသွယ်ရချိန်မှာ ဆရာ မျက်စိခွဲစိတ်ကုသဖို့ရှိလို့ တစ်လခန့်ကြာမှာဖြစ်လို့ မရိုက်ဖြစ်သေးကြောင်း ပြောခဲ့ပါတယ်။ ၂၇-၇-၂၀၁၇ ရက်နေ့မှာ ထပ်မံဆက်သွယ်တော့ မျက်စိမခွဲစိတ်ဖြစ်သေးပေမယ့် ရုပ်ရှင်ကားကြီးအတွက် တေးဂီတများ တီးခတ်ပေးနေရတယ်၊ ရိုက်ကူးမယ်ဆိုရင် ဆက်သွယ်မယ်လို့ ဆရာ့သမီးက ပြောပါတယ်။ ဒါပေမယ့် ထပ်မံဆက်သွယ်လာခြင်းမရှိလို့ ဌာနက အကြိမ်ကြိမ် ဆက်သွယ်ခဲ့ရာမှာ ၂၂-၃-၂၀၁၈ ရက်နေ့မှာ ဆရာ့သမီးနဲ့ ဖုန်းဆက်သွယ်မှု ထပ်မံရရှိပြီး အကယ်ဒမီပွဲကြီးပြီးမှ ရိုက်ကူးမယ်လို့ အကြောင်းပြန်ကြားလာပါတယ်။ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ အစီအစဉ်ကို MRTV မှာ ရိုက်ကူးခဲ့ရာမှာလည်း သီချင်းသုံးပုဒ်ပါ အစီအစဉ်တစ်ခုကို ယခင်က ငွေ တစ်သိန်းသာ ညဏ်ပူဇော်ခချီးမြှင့်ခဲ့ရာမှ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းကစပြီး အစီအစဉ်တစ်ခုကို ညဏ်ပူဇော်ခ ၄ သိန်းအထိ တိုးမြှင့်ပြီး ချီးမြှင့်ပေးနေပါတယ်။

၅။ နောက်စွပ်စွဲချက်တစ်ခုဖြစ်တဲ့ သီချင်းတွေ ပြန်ကူးတဲ့အခါ ပိုက်ဆံအရမ်းပေးရတယ်၊ ရေအရမ်းလျှံရတယ်ဆိုပြီး စွပ်စွဲပြောဆိုမှုနဲ့ ပတ်သက်လို့ ပြင်ပအနုပညာရှင်များက သီချင်းတွေလာကူးရင် တရားဝင်စာတင်ပြီး ခွင့်ပြုချက်ရပါက ချက်ချင်းကူးပေးပါတယ်။ ခွေကူးခအနေနဲ့လည်း သီချင်းသုံးလေးပုဒ်ပါ အစီအစဉ်တစ်ခုကို ငွေကျပ် ၂၀၀၀ ပဲ ပေးသွင်းဖို့ တရားဝင် သတ်မှတ်ထားပါတယ်။ ဌာနအတွက် အစီအစဉ်လာရိုက်ကူးတဲ့သူတွေက သီချင်းကူးယူရင်၊ ဌာနအစီအစဉ်အတွက် သုံးရင်တော့ အခမဲ့ ဆောင်ရွက်ပေးပါတယ်။ ဆရာ့အနေနဲ့ ငွေအများကြီး ပေးရတယ်ဆိုရင်လည်း ဘယ်သူ့ကို ဘယ်လောက်၊ ဘာကိစ္စအတွက်၊ ဘယ်တုန်းက ပေးရတယ်ဆိုတာကို အထောက်အထားနဲ့ တိတိကျကျ တိုင်ကြားရင် အရေးယူပေးမှာ ဖြစ်ပါတယ်။

၆။ ဆရာပြောတဲ့အချက်တွေထဲက ဆီးသီးဗန်းမှောက်တယ်ဆိုတာနဲ့၊ ပိုက်ဆံမပေးရင် လူဟောင်းတွေနဲ့ သွားနေတဲ့ ဘယ်ဝန်ကြီးဌာနမှာမှ မရဘူး ၊ ပိုက်ဆံပေးရတာချည်းပဲ ဆိုတဲ့စကားနဲ့ပတ်သက်ပြီးတော့ လာဘ်ပေးလာဘ်ယူမှုရှိတယ်ဆိုရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အပါအဝင် သက်ဆိုင်ရာဌာနများကို တိတိကျကျ တိုင်ကြားလို့ရပါတယ်။ အဲဒီလို မတိုင်ကြားဘဲ ဝန်ကြီးဌာနအားလုံးက ဝန်ထမ်းတွေကို သိမ်းကျုံးပြီး အခုလို စွပ်စွဲပြောဆိုတာကတော့ ဌာနအသီးသီးနဲ့ ဝန်ထမ်းတွေရဲ့ဂုဏ်သိက္ခာ ထိခိုက်နစ်နာအောင် ပြုလုပ်တယ်ဆိုတာကို ဆရာ့အနေနဲ့ သတိပြုသင့်ပါတယ်။

၇။ MRTV နဲ့ ပတ်သက်ပြီး အခုလို စွပ်စွဲပြောကြားခဲ့တဲ့ အချက်တွေနဲ့ ပတ်သက်လို့ MRTV က တာဝန်ရှိသူတစ်ဦးဦးကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆရာဆက်သွယ် မေးမြန်းဆွေးနွေး ပြောကြားခဲ့ဖူးခြင်းရှိပါသလား။ အဲဒီလို ဆက်သွယ်ပြောကြားခဲ့ပါလျက်နဲ့ ဌာနဘက်က ဖြေရှင်းဆောင်ရွက်ပေးမှု မရှိခဲ့တာလားဆိုတာကိုလည်း ကွဲကွဲပြားပြား သိလိုပါတယ်။

၈။ ဒီနေ့အချိန်မှာ ဌာနတစ်ခုကိုပဲဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ လွတ်လပ်စွာပြောဆိုနိုင်တဲ့ နေရာတွေ၊ လွတ်လပ်စွာ ပြောဆိုနိုင်တဲ့အခွင့်အရေးတွေ၊ အခြားနည်းလမ်းတွေ အများကြီးရှိနေပါလျက်နဲ့ ယခုကဲ့သို့ ရုပ်မြင်သံကြား လိုင်းပေါင်းများစွာမှ တိုက်ရိုက် (Live) ထုတ်လွှင့်နေချိန်မှာ ချင့်ချိန်နိုင်မှု အားနည်းစွာနဲ့ ထင်မြင်ရာ စွပ်စွဲပြောဆိုခဲ့တာဟာ ဆရာရဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်နစ်နာမှုဖြစ်စေတယ်လို့ မြင်ပါတယ်။ MRTV မှ ဝန်ထမ်းတွေဟာ ဝန်ထမ်း စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်တွေကို အစဉ်တစိုက်လိုက်နာပြီး ကျွမ်းကျင်ရာ လိမ္မာ၊ ဝါသနာ၊ ပညာ၊ စေတနာအရင်းခံပြီး နိုင်ငံနဲ့လူမျိုး အကျိုးအတွက် ပြန်ကြားပေးခြင်း၊ ပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်းတို့အပြင် မြန်မာ့ဂီတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

၉။ MRTV နဲ့ ဆရာတို့ဟာ နှစ်ဦးနှစ်ဖက် ဆက်ဆံရေးရှည်လျားခိုင်မာစွာ ရှိလျက်နဲ့ ယခုကဲ့သို့ မဟုတ်မမှန် စွပ်စွဲပြောဆိုခဲ့ခြင်းအပေါ် ပြန်လည်ဖြေရှင်းပေးဖို့ တောင်းဆိုလိုက်ပါတယ်။ ။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများ**

(၇၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ပေးဆပ်စွန့်ဖို့ အသင့်ရှိ

**နိုင်ဦး (DOCA)**

**အသက်သွေး၊ ချွေးပေး၍ ကာကွယ်နေမည်**

တပ်မတော်သည် စတင်သန္ဓေတည်ပေါ်ပေါက်လာစဉ်ကတည်းက ယနေ့အထိ ပြည်သူများနှင့်အတူ လက်တွဲ၍ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းမှု၊ ပြည်တွင်းလုံခြုံမှုရှိရန် ဆောင်ရွက်ခြင်း၊ ပြည်ပကျူးကျော်မှုများကို နှိမ်နင်းခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ တိုင်းပြည်အရေးကိစ္စ ကြုံလာတိုင်း၊ အန္တရာယ်တွေဖြစ်ပေါ်လာတိုင်း အသက်သွေး၊ ချွေးပေး၍ ကာကွယ်နေမည်သာဖြစ်သည်။

တိုင်းပြည်အင်္ဂါ (၇)ပါးရှိပေသည်၊ ပြည့်ရှင်မင်း(သို့မဟုတ်)သမ္မတမင်း၊ ဝန်ကြီး၊ သံကြီး၊ မင်းတိုင်ပင်အမတ်များ၊ စစ်မက်ကူညီရေးမဟာမိတ်မင်းများ၊ စားနပ်ရိက္ခာ ရွှေငွေဘဏ္ဍာများ၊ ကျုံး၊ မြောင်း၊ ခံတပ်၊ နယ်စပ်တံတိုင်းများ၊ ကျယ်ပြန့်သော တိုင်းနိုင်ငံတော်၊ စစ်သည်ဗိုလ်ပါ စစ်အင်္ဂါဟူ၍ သတ်မှတ်ထားကြသည်။

တိုင်းပြည်ရတနာ (၉)ပါးဟူ၍လည်းရှိသေးသည်။ ပြည့်ဦးကင်းဟုဆိုသော တိုင်းရေးပြည်ရာကိစ္စများကို ဆောင်ရွက်ပေးနိုင်သော မှူးကြီး၊ မတ်ကြီးများ၊ ပြည့်တံခွန်ဟုဆိုသော သီလဝန္တ၊ ပညာဝန္တပြည့်စုံသော ရဟန်းတော်များ၊ ပြည့်မျက်စိဟုဆိုသော လိမ္မာကျွမ်းကျင်သော ဆေးသမားတော်၊ ဟူးရားနက္ခတ်၊ စက်ယန္တရားဆရာများ၊ ပြည့်အစွယ်ဟုဆိုသော သူရသတ္တိရှိသော မင်းညီမင်းသား၊ မင်းဆွေ၊ မင်းမျိုးများ၊ ပြည့်မျက်နှာဟုဆိုသော ရုပ်ရည်ချောမောလှပသည့်လှပျိုမယ်များ၊ ပြည့်ဝမ်းဗိုက်ဟုဆိုသည့် စားနပ်ရိက္ခာနှင့်ဥစ္စာပေါများသော သူဌေးသူကြွယ်များ၊ ပြည့်ခြေဟုဆိုသည့် စစ်သည်ဗိုလ်ပါအပေါင်းနှင့် ယာဉ်မျိုးစုံများ၊ ပြည့်လက်ဟုဆိုသည့် ခဲယမ်း၊ မီးကျောက်၊ အမြောက်သေနတ်စသော လက်နက်စုံတို့ဖြစ်ကြသည်။ ရှေးခေတ်ရော၊ ယနေ့ခေတ်တွင်ပါ တိုင်းပြည်တစ်ပြည်ကို မည်သည့်နည်းလမ်းကို အသုံးပြု၍ဖြစ်စေ သိမ်းပိုက်ရန်အတွက် ပြည့်ခြေ၊ ပြည့်လက်ကို အရင်ဦးစွာ ရှင်းလင်းဖယ်ရှားရသည်။

ခါနွေဦးကိုတောင်ရောက်နေပြီ။ သစ်ပင်တွေမှလည်း ရွက်သစ်တွေဝေနိုင်ဖို့၊ ရွက်ဟောင်းတွေကို ခါချနေကြသည်။ ဥဩငှက်ကလည်း ကြင်ဖော်ကို တွန်ကျူးရင်း ရှာဖွေနေသံကို ကြားရသည်။ သြော် ဘာလိုလိုနဲ့ နေစရာမြေကြီး၊ စားစရာကျောက်ခဲ၊ လစာနတ္ထိဖြင့် မျိုးချစ်စိတ်ကို အခြေခံကာ သန္ဓေတည် ပေါက်ဖွားခဲ့သော အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့သည့် တပ်မတော်ပင်လျှင် (၇၃)နှစ်သို့ တိုင်ခဲ့ပြီဖြစ်သည်။

**နယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်ရေး**

တပ်မတော်အစ ရဲဘော်သုံးကျိပ်ကလို့ ဆိုကြသည်။ ရှေးခေတ်က ငါးယောက်တစ်အိုးစား၊ နှစ်အိုးစားအကြပ်တစ်၊ အကြပ်ငါးသွေးသောက်တစ်စသည်ဖြင့် ဖွဲ့စည်းခဲ့ကြသည်။ ထိုမှအဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းလာခဲ့ကြသည်။ ထို့အတူ ယခင်က အသုံးပြုခဲ့ကြသော လက်နက်များဖြစ်သည့် ဓား၊ လှံ၊ လေး၊ မြား၊ အဲမောင်းများနေရာတွင် ခေတ်မီလက်နက်များဖြင့် အစားထိုးလာကြသည်။ လက်ရှိတပ်မတော်၏ အစအဖြစ် ၂၆-၁၂-၁၉၄၁ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army –BIA) ကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေဆိုသူ၏ နေအိမ်တွင် ရဲဘော်သုံးကျိပ်မှ လက်မောင်းသွေးဖောက်၍ သစ္စာပြုကာ စတင်ဖွဲ့စည်းခဲ့သည်။ နယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်ရေးအတွက် ဖက်ဆစ်ဂျပန်များဖြင့် ပူးပေါင်းကာ မြဝတီ၊ ဖာပွန်၊ ထားဝယ်၊ မြိတ်စစ်ကြောင်းကြီး လေးကြောင်းခွဲ၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်၍ နယ်ချဲ့များကို ပူးပေါင်းတိုက်ခိုက်ခဲ့ကြသည်။

ဖက်ဆစ်ဂျပန်များ မြန်မာပြည်ဝင်ရောက်လာပြီးနောက် အင်အားကြီးထွားလာသော ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ၂၇-၇-၁၉၄၂ ရက်နေ့တွင် ဖျက်သိမ်း၍ ပျဉ်းမနားမြို့တွင် အင်အား ၃၀၀၀ ခန့်ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်(Burma Defence Army –BDA) ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၁၅-၉-၁၉၄၃ ရက်နေ့သို့ ရောက်သောအခါ ဂျပန်တို့က မြန်မာပြည်ကို ရွှေရည်စိမ်လွတ်လပ်ရေးပေးပြီးနောက် BDA ကိုလည်း ဗမာ့အမျိုးသားတပ်မတော် (Burma National Army –BNA) ဟု ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့ပြန်ပါသည်။ ဖက်ဆစ်ဂျပန်တို့သည် မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် ကတိမတည်ခြင်း၊ ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ၁၆-၈-၁၉၄၃ ရက်နေ့တွင် အိန္ဒိယနိုင်ငံမှ လျှို့ဝှက်စွာပြန်လာသော သခင်တင်ရွှေမှတစ်ဆင့် ဗြိတိသျှတို့နှင့် မဟာမိတ်ပြုလုပ်ရန် အဆက်အသွယ်ရခဲ့သည်။ ဗြိတိသျှတို့နှင့် ပူးပေါင်းကာ ဖက်ဆစ်တို့အား မြန်မာ့မြေပေါ်မှ အပြီးတိုင်မောင်းထုတ်ရန် ညှိနှိုင်းကြိုးစားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီတို့နှင့်ပူးပေါင်း၍ "ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်" နှင့် "တော်လှန်ရေးတပ်ဦး" တို့ကို ၁၉၄၄ ခုနှစ် ဩဂုတ်လနှင့် အောက်တိုဘာလများတွင် လျှို့ဝှက်၍ ဖွဲ့စည်းခဲ့သည်။

**စစ်တိုင်းကြီး(၇)တိုင်း**

ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် စစ်တိုင်းကြီး(၇)တိုင်းဖြစ်သည့် ပြည်၊ သာယာဝတီ၊ အင်းစိန်ဒေသများပါဝင်သော တိုင်း(၁)မင်းလှစည်သူ၊ ဟံသာဝတီ၊ မအူပင်၊ ဖျာပုံဒေသများပါဝင်သော တိုင်း(၂)ကျော်ခေါင်ဗလ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြဒေသများပါဝင်သော တိုင်း(၃)ရဲကျော်သူရ၊ ပဲခူး၊ ရွှေကျင်၊ သထုံဒေသများပါဝင်သော တိုင်း(၄)လကျာ်ကျော်ထင်၊ မော်လမြိုင်၊ ထားဝယ်ဒေသ များဝင်သော တိုင်း(၅)၊ ဇေယျကျော်သူ၊ တောင်ငူ၊ မိတ္ထီလာဒေသများပါဝင်သော တိုင်း(၆) ဘယျကျော်ထင်၊ သရက်၊ အောင်လံ၊ မင်းဘူးဒေသများပါဝင်သော တိုင်း(၇) သီရိကျော်ထင်တို့ကို ခွဲခြားသတ်မှတ်၍ တိုက်ခိုက်ရမည့်နေ့ကို ၂-၄-၁၉၄၅ ရက်နေ့ဟု ဗိုလ်ချုပ်အောင်ဆန်းက သတ်မှတ်ပေးခဲ့သည်။

> **"တပ်မတော်သည် ဘိုးဘွားစစ်သည်တော်များ၏ ကောင်းမြတ်သော အစဉ်အလာများကို လက်ဆင့်ကမ်း အမွေအဖြစ်ခံယူကာ တိုင်းပြည် လုံခြုံမှုရှိစေရေးအတွက် ကာကွယ်ရေးတာဝန်၊ ပြည်တွင်း ပြည်ပ သွေးတိုးစမ်းလာမှုများကို အမြဲတမ်း တိုက်ပွဲဝင် အသင့်ဖြစ်နေစေရေးအတွက် လေ့ကျင့်ရေးတာဝန်၊ မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေး၊ ပြည်သူများကျန်းမာရေး၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဘေးဒဏ်ခံပြည်သူများကို စောင့်ရှောက်ရေး စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူများနှင့်အတူ လက်တွဲ၍ တက်ကြွစွာဆောင်ရွက်လျက်ရှိ"**

သို့သော် ၂-၄-၁၉၄၅ ရက်နေ့မတိုင်မီ မဟာမိတ်ဗြိတိသျှတပ်များက ရွှေဘိုခရိုင်ကို သိမ်းယူ ၍ စစ်ကိုင်းနှင့်မန္တလေးဒေသများကို စတင်ထိုးဖောက်စပြုနေသဖြင့် အထက်ဗမာပြည်တိုင်းမှူး ဗိုလ်မှူးဗထူးကို ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်တို့ကို ကြိုတင်တော်လှန်ရန် လျှို့ဝှက်ညွှန်ကြားခဲ့ရသည်။ ထို့ကြောင့်ပင် ဗိုလ်မှူးဗထူးက ဖက်ဆစ်ဂျပန်နှင့် ဗမာ့တပ်မတော်ကိုပါ တော်လှန်ကြောင်း ၈-၃-၁၉၄၅ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်၍ ဖက်ဆစ်ဂျပန်တို့ကို စတင်တော်လှန်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၇-၃-၁၉၄၅ ရက်နေ့တွင် ရန်ကုန်မြို့၌ စစ်မြေပြင်သို့ ချီတက်မည့် ဗမာ့တပ်မတော်သားများ၏ တပ်ထွက်အခမ်းအနားကျင်းပသည်။ ၂၂-၃-၁၉၄၅ ရက်နေ့တွင် ရန်ကုန်မှ ပြည်သို့ ထွက်ခွာသည်။ ၂၄-၃-၁၉၄၅ ရက်နေ့ည ရွှေတောင်မြို့၌ ရှိနေစဉ် ပဲခူး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဗိုလ်မှူးကျော်ဇောမှ ၂၇-၃-၁၉၄၅ ရက်နေ့တွင် ဖက်ဆစ်ဂျပန်များကိုတော်လှန်ခွင့်ပြုပါရန် ခွင့်တောင်းသဖြင့် ခွင့်ပြုခဲ့သည်။ ထိုနောက် ၂၆-၃-၁၉၄၅ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တော်



တပ်မတော်ကို စတင်တည်ထောင်သည့် ရဲဘော်သုံးကျိပ်ဝင်အချို့

လှန်ရေးဌာနချုပ်ဖွင့်လှစ်မည့် သရက်မြို့အနောက်ဘက်ရှိ သရက်ချောင်းကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ပြီး ၂၇-၃-၁၉၄၅ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့အား စတင်တော်လှန်တိုက်ခိုက်မှုများကို ကွပ်ကဲဆောင်ရွက်ခဲ့သည်။

**မြန်မာပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှု**

ဤသို့ဖြင့် ဖက်ဆစ်ဂျပန်တို့အား ဗြိတိသျှမဟာမိတ်တပ်ဖွဲ့များနှင့် ပူးပေါင်းကာ ဗမာ့တပ်မတော်မှ ၂၇-၃-၁၉၄၅ ရက်နေ့တွင် စတင်တိုက်ခိုက်ခဲ့သည့် နေ့ဖြစ်သည့် မတ်လ (၂၇)ရက်နေ့အား တပ်မတော်နေ့အဖြစ် သတ်မှတ်၍ တပ်မတော်နေ့ အခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ ပြုလုပ်ခဲ့သော မြန်မာပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုဖြင့် ဖက်ဆစ်ဂျပန်များအား မြန်မာ့မြေမှ အပြီးတိုင်တိုက်ထုတ်နိုင်ခဲ့သည့်နေ့ထူး နေ့မြတ်တစ်နေ့ဖြစ်ခဲ့သည်။

ထို့နောက် ဗြိတိသျှတို့မှ ၂၃-၇-၁၉၄၅ ရက်နေ့တွင် မျိုးချစ်ဗမာ့တပ်မတော် (Patriotic Burmese Forces-PBF) အဖြစ် ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ဖွဲ့စည်းခဲ့သော တပ်မတော်သည် ယနေ့အထိ မျိုးချစ်စိတ်ကိုအခြေခံဖွဲ့စည်းခဲ့သည်၊ သံမဏိစည်းကမ်းများ အတိုင်းလိုက်နာဆောင်ရွက်ကြသည်။ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အပေါ် အမြဲတမ်းသစ္စာရှိစွာ ဆောင်ရွက်ခဲ့သည်။ စွမ်းရည်တိုးတက်အောင် အစဉ်အမြဲကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားဘဲ နိုင်ငံတော်မျက်နှာကိုသာ ကြည့်ခဲ့သည်။ စွန့်လွှတ်စွန့်စားပေးဆပ်ဆောင်ရွက်ကြသည်။ မြင့်မြတ်သောစိတ်ဓာတ်ကို အခြေခံထားသည်။ နိုင်ငံတော်အတွက် တွေ့ကြုံရသည့် မည်သည့်အခက်အခဲကိုမဆို အပင်ပန်း၊ အဆင်းရဲခံကာ၊ ရဲစွမ်းသတ္တိရှိစွာဖြင့် ပေးဆပ်စွန့်လွှတ်ရန် အသင့်ဖြစ်နေသည်။ ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အမြဲဦးထိပ်ပန်ဆင်ထားလျက်ရှိသည်။

သို့မှသာ အလွယ်တကူသိမ်းပိုက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်ပင် ရှေးခေတ်ပညာရှိကြီးများက တိုင်းပြည်တည်ငြိမ်၊ အေးချမ်းဖွံ့ဖြိုးတိုးတက်၊ ခေတ်မီရေးအတွက် "ပြည့်ခြေလက်ကို မဖြတ်ရာ"ဟု ဆိုခဲ့ကြသည်။

**ထာဝရငြိမ်းချမ်းရေးရရှိရေး**

လက်ရှိ တပ်မတော်သည် ဘိုးဘွားစစ်သည်တော်များ၏ ကောင်းမြတ်သော အစဉ်အလာများကို လက်ဆင့်ကမ်း အမွေအဖြစ်ခံယူကာ တိုင်းပြည်လုံခြုံမှုရှိစေရေးအတွက် ကာကွယ်ရေးတာဝန်၊ ပြည်တွင်းပြည်ပသွေးတိုးစမ်းလာမှုများကို အမြဲတမ်း တိုက်ပွဲဝင် အသင့်ဖြစ်နေစေရေးအတွက် လေ့ကျင့်ရေးတာဝန်၊ မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး၊ ပြည်သူများကျန်းမာရေး၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဘေးဒဏ်ခံပြည်သူများကို စောင့်ရှောက်ရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူများနှင့်အတူ လက်တွဲ၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတည်ရှိရေးအတွက် ပေးဆပ်ခဲ့ကြသူများ၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စွန့်လွှတ်ခဲ့သူများ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ စစ်သည်တော်များ နေစရာမြေကြီး၊ စားစရာကျောက်ခဲ၊ လစာနတ္ထိဖြင့် မျိုးချစ်စိတ်ကို အခြေခံကာ ကမ္ဘာ့အလယ်တွင် ခိုင်ခိုင်မာမာတည်ရှိစေရန် ကြိုးစားတည်ထောင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများမှ စုပေါင်းကာကွယ်စောင့်ရှောက်ကြပါစို့၊ အေးအေးချမ်းချမ်း နေထိုင်နိုင်စေဖို့ ကြိုးစားကြပါစို့၊စည်းစည်းလုံးလုံးချစ်ချစ်ခင်ခင် နေထိုင်သွားကြပါစို့၊ ငြိမ်းငြိမ်းချမ်းချမ်း လက်တွဲဆောင်ရွက်ကြပါစို့ဟု မျှော်လင့်လျက် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

❖ *ရှေ့ဖုံးမှ*

ရွှေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ ဒေါ်ခင်စန်းလှိုင် (ပုလဲမဲဆန္ဒနယ်)၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ ဦးအောင်ကြည်ညွန့် (မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) နှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်သန်းစိုးတို့ ပါဝင်သည့် စိစစ်ရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက် အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၁၈)နှင့် ထုတ်ပြန်ဖွဲ့စည်းခဲ့ပါကြောင်း။

**အရည်အချင်းများနှင့် ပြည့်စုံမှုရှိ**

အဆိုပါ နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့ ၂၀၁၈ ခုနှစ် မတ်လ ၂၆ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စုလွှတ်တော် နာယကနားနေခန်းတွင် ပြုလုပ်ခဲ့ပါကြောင်း၊ စိစစ်တွေ့ရှိမှုများအရ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်ထားသည့် ဦးဝင်းမြင့် (တာမွေမဲဆန္ဒနယ်)သည် နိုင်ငံတော်သမ္မတ အရည်အချင်းများနှင့် ပြည့်စုံမှုရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်တင်မြှောက်ပေးသည့် ဒုတိယသမ္မတတစ်ဦးကို စိစစ်အတည်ပြုပြီးဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၇၃ ပုဒ်မခွဲ(ဃ)၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၇ နည်းဥပဒေခွဲ(ခ) တို့အရ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ဒုတိယသမ္မတ သုံးဦးအနက်မှ မိမိတို့ကြိုက်နှစ်သက်သော ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၈ ခုနှစ် မတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်တွင် ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၄ နှင့်အညီ ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက အသိပေးကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် **ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံအခြေခံအဆောက်အအုံ ရန်ပုံငွေတို့ထံမှ အမေရိကန်ဒေါ်လာသန်း ၃၆၀ ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များအပေါ် **ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း**က အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ချေးငွေရယူ ဆောင်ရွက်မည့် လမ်းစီမံကိန်း ၃ ခုအနက် ရန်ကုန် - ပုသိမ်လမ်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) ခွင့်ပြုချက်အရ Oreintal Highway ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် BOT လုပ်ပိုင်ခွင့်ပေးထားသည့် Oreintal Highway ကုမ္ပဏီထံမှ လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်လွှဲပြောင်းရယူပြီး Step in/ Step Out Method ဖြင့် ဆောင်ရွက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုလည်း ညှိနှိုင်းထားပြီး သဘောတူညီချက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## “ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၇၃ ပုဒ်မခွဲ(ဃ)၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၇ နည်းဥပဒေခွဲ(ခ) တို့အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ရေးအဖွဲ့က ဒုတိယသမ္မတ သုံးဦးအနက်မှ မိမိတို့ကြိုက်နှစ်သက်သော ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးရမည် ”

**ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းမှု**

ADB ချေးငွေ ရယူဆောင်ရွက်မည့် နောက်တစ်လမ်းမှာ ရန်ကုန် - မန္တလေး အမြန်လမ်း၊ ရန်ကုန်မှ ဘောနက်ကြီးအပိုင်း မိုင် ၄၀ အရှည်သည် နောင်တစ်ချိန် ဖြစ်ပေါ်လာမည့် အပြည်ပြည်ဆိုင်ရာ ဟံသာဝတီလေဆိပ်နှင့် ဆက်စပ်အကောင်အထည်ဖော်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ Yangon Inner Ring Road မှတစ်ဆင့် ရန်ကုန် - မန္တလေး အမြန်လမ်းကို ဆက်စပ်အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့လယ်မှ အချိန်တိုအတွင်း အပြည်ပြည်ဆိုင်ရာ ဟံသာဝတီလေဆိပ်သို့ ဆက်သွယ်သွားလာနိုင်ရန် စီမံဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း၊ Yangon Inner Ring Road ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းမှုကို ပြေလည်စေမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်းမှ ရန်ကုန် - မန္တလေး အမြန်လမ်းရှိ ၁၅ မိုင်မှတစ်ဆင့် ဟံသာဝတီလေဆိပ်အထိ ခရီးသွားလာချိန် တစ်နာရီအတွင်း ရောက်ရှိနိုင်မည် ဖြစ်ပါကြောင်း။

ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ ရန်ကုန်မြို့၏ မြောက်ဘက်သို့ တိုးချဲ့ရန် လျာထားခြင်း၊ ရန်ကုန် - မန္တလေး အမြန်လမ်း၏ ရန်ကုန်-ဘောနက်ကြီး လမ်းအပိုင်းတစ်ဝိုက်တွင် ကိုရီးယားနိုင်ငံမှ စက်မှုဇုန်များနှင့် Green City ထူထောင်ရန် စီမံကိန်းများ လျာထားခြင်း၊ ရန်ကုန် - ဘောနက်ကြီး အမြန်လမ်းပိုင်းမှတစ်ဆင့် သထုံ-ဘားအံ - မြဝတီသို့ ဆက်သွယ်နိုင်မည်ဖြစ်ခြင်း စသည့်အချက်များကြောင့် ရန်ကုန်မှ ဘောနက်ကြီးလမ်းပိုင်းသည် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခု မလွဲမသွေ ဖြစ်လာနိုင်သည့်အတွက် ရန်ကုန် - ဘောနက်ကြီး လမ်းအပိုင်း မိုင် ၄၀ ကို နိုင်ငံတော်မှ Concession ရာနှုန်းပြည့်ပိုင်ဆိုင်ထားရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ADB ချေးငွေနှင့် ယခုလမ်းအပိုင်းကို လမ်းအဆင့်မြှင့်တင်ရန်အတွက် တင်ပြရခြင်း ဖြစ်ပါကြောင်း။

ADB ချေးငွေ ရယူဆောင်ရွက်မည့် ပဲခူး - သန်လျင်လမ်းသည် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး၏ ဆက်စပ်နေသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပဲခူးမှတစ်ဆင့် သီလဝါစက်မှုဇုန်သို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်၊ သီလဝါစက်မှုဇုန်နှင့် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများအကြား ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို အထောက်အကူပြုလာနိုင်မည် ဖြစ်ပါကြောင်း။

မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ၏ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသည် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မဖြစ်မနေပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး Cross Border Transport Agreement ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထိုအချက်များကို အထောက်အကူဖြစ်စေမည့် လမ်းပိုင်း ၃ ခု၏ လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် အာဆီယံအဆောက်အအုံ ရန်ပုံငွေတို့မှ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ချေးယူမည့် အစီအစဉ်အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုပါ **အမေရိကန်ဒေါ်လာသန်း ၃၆၀ ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် **ဆောက်လုပ်ရေးဝန်ကြီးဌာန ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Neighbouring Countries Economic Development Cooperation Agency - NEDA ထံမှ ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာအထူးစီးပွားရေးဇုန် ဗဟိုစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**အထူးသက်သာသောနှုန်းဖြင့် ချေး**

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**က ထိုင်းနိုင်ငံ NEDA သည် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖြစ် နိုင်ငံအစိုးရချင်းကိုသာ ချေးငွေပေးခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေကို အီတာလျံ - ထိုင်းက ချေး၍မရပါကြောင်း၊ မြန်မာအစိုးရကိုသာ အထူးသက်သာသောနှုန်းဖြင့် ချေးခြင်း ဖြစ်ပါကြောင်း။

ချေးငွေစည်းကမ်းအရ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် နှစ်လမ်းသွားကားလမ်းအတွက် အီတာလျံ-ထိုင်း ကုမ္ပဏီအုပ်စုမှ ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် Concession Agreement ကို ပြန်လည်ပြင်ဆင်ချုပ်ဆိုရေးကို စနစ်တကျ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလမ်းသည် ထားဝယ်အထူးစီးပွားရေးဇုန်၏ ပြင်ပတွင် တည်ရှိပြီး ဆက်စပ်လုပ်ငန်းအဖြစ်သာ ပါဝင်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ၍ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုင်လမ်းအနေဖြင့် ပြည်သူများအတွက် သင့်တင့်မျှတသောနှုန်းထားဖြင့် သွားလာနိုင်မည် ဖြစ်ပါကြောင်း။

ယခုကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အမြန်ဆောင်ရွက်လိုက်ခြင်းဖြင့် အခြားသော စီမံကိန်းများနှင့် ဆက်စပ်ဒေသများကိုပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် တနင်္သာရီတိုင်းဒေသကြီး၏ အလားအလာကို ပိုမိုကောင်းမွန်ပြီး နိုင်ငံ၏ စီးပွားရေးနှင့် အစိုးရ၏ပုံရိပ်များကိုလည်း ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**ချေးငွေပြန်လည်ပေးဆပ်မှု အချိန်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ယခု ချေးယူမည့် ထိုင်းနိုင်ငံ Neighbouring Countries Economic Development Cooperation Agency (NEDA) ထံမှ ချေးငွေထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံရယူရာတွင် အတိုးနှုန်းမှာ ၀ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး Management Fee အဖြစ် ၀ ဒသမ ၁၅ ရာခိုင်နှုန်း ထိုင်းဘတ် ၆ ဒသမ ၇၅ သန်းကို တစ်ကြိမ်တည်း ပေးချေရမည် ဖြစ်ပါကြောင်း၊ အဆိုပါ Management Fee ကိုပါ ထည့်သွင်းတွက်ချက်ပါက တစ်နှစ်လျှင် အတိုးနှုန်း ၀ ဒသမ ၁၀၅ ရာခိုင်နှုန်းခန့် ကျသင့်မည် ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေ၏ Grant Element တွက်ချက်ရရှိမှုမှာ ၆၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြစ်သဖြင့် သက်သာသော ချေးငွေဖြစ်ပါကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်မှု အချိန်ဇယားအရ ဆိုင်းငံ့ကာလ ၁၀ နှစ်အတွင်း နှစ်စဉ်အတိုး ထိုင်းဘတ် ၄ ဒသမ ၅ သန်း( ၁၉၃ သန်းခန့်) နှင့် ဆိုင်းငံ့ကာလကျော်လွန်ပါက ပြန်ဆပ်ကာလ ၂၀ နှစ်အတွင်း နှစ်စဉ် အတိုးအရင်းပေါင်း ထိုင်းဘတ် ၂၂၉ ဒသမ ၅ သန်း ( ၉၈၄၇ သန်းခန့်) ပေးဆပ်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ **ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သည့် **၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၅/၂၀၁၈)** နှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဋ္ဌေး၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၊ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးကျော်တုတ်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇော်နည်မင်း၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်တို့က အကြံပြုဆွေးနွေးကြသည်။

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို**က အစီရင်ခံစာပါ တွေ့ရှိချက်များအရ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများတွင် မူလသတ်မှတ်ထားသည့် လုပ်ငန်းနှင့် အမှန်ဆောင်ရွက်မှု မတူညီမှု၊ ပြီးစီးကြောင်းတင်ပြသော်လည်း အမှန်တကယ် ဆောင်ရွက်မထားမှု၊ လုပ်ငန်းပြီးစီးမှုအတွက် အစီရင်ခံစာ မတင်ပြမှု၊ မျက်မြင်စစ်ဆေးရာတွင် လုပ်ငန်းသုံးပစ္စည်း လက်ကျန်များ ကျန်ရှိနေမှု၊ စစ်ဆေးချက်များအရ လုပ်ငန်းပမာဏ၊ ဈေးနှုန်း၊ ပစ္စည်းအမျိုးအစား စသည့်အကြောင်းအမျိုးမျိုးကြောင့် ပိုထုတ်ငွေများ ဖြစ်ပေါ်၍ နိုင်ငံတော်ကို ပြန်လည်သွင်းရခြင်း၊ သတ်မှတ်အချိန်မီ မဆောင်ရွက်နိုင်၍ ခွင့်ပြုငွေပြန်သွင်းရခြင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်ပြီး ပျက်စီး၊ ပျောက်ဆုံးသည်များကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံပိုင်ငွေများ သုံးစွဲရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် (၁၅/၂၀၁၇)ပါ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် အဆင့်ဆင့်ကြီးကြပ်မှုများ ပြုလုပ်ဆောင်ရွက်သင့်ပါကြောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်စာရင်းချုပ်အဖြစ် သတ်မှတ်ပုံစံများနှင့်အညီ အချိန်မီတင်ပြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အကြံပေးချက်**

**အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို**က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အသုံးအနှုန်းအစား လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများဟု ပြောင်းလဲ၍ ပြည်ထောင်စုနယ်မြေရှိ မြို့နယ်များအတွက် ပြည်ထောင်စုလွှတ်တော်ရုံး၏ ဘတ်ဂျက်မှ လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ရုံးများ၏ ဘတ်ဂျက်မှ လည်းကောင်း ထောက်ပံ့ငွေ အသုံးစရိတ်အဖြစ် လျာထားဆောင်ရွက်သင့်၊ မသင့်အပေါ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်နည်းစနစ်များအတိုင်းသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်ကို ထောက်ခံပြီး ဖွံ့ဖြိုးရေးရန်ပုံငွေ ခွင့်ပြုရာတွင် နယ်မြေကျယ်ဝန်းပြီး ဖွံ့ဖြိုးမှုလိုအပ်ဆဲဖြစ်သည့် မြို့နယ်များကို လက်ရှိခွင့်ပြုငွေထက် ပိုမိုတောင်းခံခွင့်ပြုရန်ဆိုသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အကြံပေးချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များ အပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ပြည်ထောင်စုလွှတ်တော် ၂၀ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်၊ အေးအေးသန့် (သတင်းစဉ်)**

# ဂြိုဟ်တုအချက်အလက်များအသုံးပြု၍ ကျန်းမာရေးဆိုင်ရာနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်များ ရေးဆွဲ

**နေပြည်တော် မတ် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ပထဝီအနေအထား တည်နေရာဆိုင်ရာ ဂြိုဟ်တု အခြေပြုအချက်အလက်များ (Geographical Information System -GIS) ကို ကျန်းမာရေးဆိုင်ရာ စီမံကိန်းများရေးဆွဲခြင်းနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အနုစိတ်စီမံချက်များရေးဆွဲခြင်း လုပ်ငန်းများတွင်အသုံးပြုရန် တင်ပြသော အစည်းအဝေးသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**အထောက်အကူပြု**

ပြည်ထောင်စုဝန်ကြီးက GIS စနစ်ကို အသုံးပြုခြင်းဖြင့် ရေ၊ မြေ၊ တော၊ တောင် လမ်းပန်းဆက်သွယ်ရေး၊ လူဦးရေထူထပ်သိပ်သည်းမှုအနေအထား၊ ကျန်းမာရေးဌာန များနှင့် ရပ်ကွက်၊ ကျေးရွာ၏ တည်နေရာများကို ပိုမိုလွှမ်းခြုံဆက်စပ်သိမြင်နိုင်မည် ဖြစ်ပြီး ခက်ခဲဒေသပါမကျန် လူအုပ်စုတိုင်းသို့ ကာကွယ်ဆေးထိုးလုပ်ငန်းများ ရောက်ရှိ စေရေးနှင့် အနုစိတ်စီမံချက်များရေးဆွဲရာတွင် အထောက်အကူပြုမည်ဟု ယုံကြည်ပါ ကြောင်း၊

၎င်း GIS မြေပုံစနစ်သည် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက်သာမက အခြားသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစီမံချက်များအတွက်လည်း ဆေးဝါး ပစ္စည်းများ ထောက်ပံ့ဖြန့်ဖြူးရေး၊ ဦးစားပေးနေရာဒေသများ ရွေးချယ်နိုင်ရေး၊ စီမံ ခန့်ခွဲရေးလုပ်ငန်းများအတွက်လည်း အသုံးဝင်မည်ဖြစ်ပါကြောင်း၊

**ကြိုးပမ်းဆောင်ရွက်**

GIS စနစ်ကိုအသုံးပြု၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ အနုစိတ် စီမံချက်များကို ရေးဆွဲသောအခါ ရရှိနိုင်သော လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာ ငွေပေါ်မှာ ထည့်သွင်းစဉ်းစားပြီး မိမိနိုင်ငံနှင့်သင့်လျော်၍ လက်တွေ့အကောင်အထည် ဖော်နိုင်သောစနစ်ဖြစ်ရန် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။




**အကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်လာသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်နှင့် ကျန်းမာရေး လူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများ၊ စီမံချက်မန်နေဂျာများ၊ ပြည်ထောင်စုဝန်ကြီး၏ ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးပညာ ရှင်များ၊ WHO၊ UNICEF၊ ADB၊ 3MDG တို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**မွန်ပြည်နယ် ကျိုက်မရောမြို့စက်ကုန်းလမ်းဝရှိ ရွှေဟင်္သာရုပ်တုဖွင့်ပွဲကို မတ် ၂၆ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။**
(အဆိုပါ ရွှေဟင်္သာရုပ်တုအဝိုင်းကို ကျိုက်မရောမြို့ဘုရားကြီးကျောင်းတိုက်ဆရာတော်က ဦးဆောင်၍ လှူဒါန်းခဲ့ပြီး မြို့သူမြို့သားများ စုပေါင်း ပါဝင်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်)
မြို့နယ် (ပြန်/ဆက်)

# ပထမဆုံးအကြိမ် ကျောက်မျက်ရတနာပြပွဲ မြစ်ကြီးနားမြို့တွင် ကျင်းပ

**မြစ်ကြီးနား မတ် ၂၆**

ကချင်ပြည်နယ်၏ ပထမဆုံးအကြိမ် ကျောက်စိမ်းအရိုင်းတုံးနှင့် အချောထည်ပြပွဲကို မြစ်ကြီးနားမြို့စက်မှု ရပ်ကွက်ရှိ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာရုံး၌ မတ် ၂၆ ရက်က ဖွင့်လှစ်၍ မတ် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းတွဲပေါင်း ၃၀၀၀ ခန့် ပြသသွားမည်ဖြစ်ပြီး ပြပွဲသို့တက်ရောက် မည့် သူများအနေဖြင့် ဝင်ခွင့်ကတ်များကို လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း ကျောက်မျက်ရတနာလုပ်ငန်း ရှင်များအသင်း(မြစ်ကြီးနား)မှ သိရသည်။

**အလုပ်အကိုင်ရရှိရေး**

အဆိုပါ ပထမအကြိမ် ကျောက်မျက်ရတနာပြပွဲ ပြုလုပ်ရခြင်းသည် ပြည်နယ်အတွင်းရှိ ပြည်သူလူထု များ မိမိနေရာ၌ အလုပ်အကိုင်ရရှိရေး၊ ကျောက်မျက်ရတနာများ ပြည်ပသို့ တရားမဝင် ရောင်းဝယ်မှုပပျောက် စေရေး၊ ကချင်ပြည်နယ်သူ ပြည်နယ်သားများ ကြွယ်ဝချမ်းသာဖွံ့ဖြိုးရေး၊ ပြည်နယ်နှင့် နိုင်ငံတော်အခွန် ရရှိရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ကချင်ပြည်နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား) ဥက္ကဋ္ဌ ဦးဇေလွမ်းက ပြောသည်။

**ပေးသွင်းရမည်**

ယခုပြပွဲတွင် ကျပ်ငွေဖြင့်သာ ရောင်းချသွားမည်ဖြစ်သည့်အတွက် ပြည်ပကုန်သည်များအနေဖြင့် C/D အဆင့် ကျောက်စိမ်းဖြတ်သားများကို ဝယ်ယူခွင့်ရမည်မဟုတ်ဘဲ အချောထည်များကိုသာ ဝယ်ယူနိုင်မည်ဖြစ် ကြောင်း သိရသည်။

ကျောက်အတွဲများ ဝယ်ယူနိုင်ရန် အာမခံစပေါ်ငွေကို မြစ်ကြီးနားမြို့ရှိ AGDဘဏ်ခွဲနှင့် ရောဝတီ ဘဏ်ခွဲတို့တွင် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းအမှတ်များသို့ ပေးသွင်းရမည်ဖြစ်သည်။

**မင်းမင်းဦး**



# ခေတ်မီလက်နက်များ စနစ်တကျထားသို ထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရေး (ဆင့်ပွား)သင်တန်းဖွင့်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သင်တန်းခန်းမတွင် မတ် ၂၆ ရက် နံနက် ၉ နာရီ၌ ခေတ်မီလက်နက်များ စနစ်တကျထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုပစ်ခတ်နိုင်ရေး(ဆင့်ပွား) သင်တန်း (၃/၂၀၁၈) ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူး ချုပ် ဝင်းနိုင် တက်ရောက်၍ သင်တန်းဖွင့် မိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၊ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး မြင့်ထွေး၊ တိုင်းအကူတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်းဒေသ ကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း ၂၂၀ တက်ရောက်ခဲ့ကြသည်။

ယင်းသင်တန်းကို မတ် ၂၆ ရက်မှ ဧပြီ ၆ ရက်အထိ ရန်ကုန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိ အခြားအဆင့် သင်တန်းသား ၁၅၀ တို့အား လက်တွေ့ပစ်ခတ်စဉ်ပါ သင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



မတ် ၂၆ ရက်က (၇၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော်လှန်ရေးပန်းခြံတွင် မီးရောင်စုံများထွန်းညှိထားရာ လာရောက်အပန်းဖြေကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## မှုခင်းကျဆင်းရေး အသိပညာပေး

**အမရပူရ မတ် ၂၆**

အမရပူရမြို့နယ် ကျန်တန်းရပ်ကွက် ပွဲတောင်ကျောင်းတိုက်အတွင်း အောင်ချာဇိနရွှေဘုံသာတန်ဆောင်း၌ မတ် ၂၅ ရက်က သက်ငယ်မုဒိမ်းမှုပပျောက်ကျဆင်းရေး အသိပညာပေးဟောပြောပွဲပြုလုပ်ရာ အမရပူရမြို့မရဲစခန်းမှူး ဒုတိယရဲမှူး မိုးသူရိန်က သက်ငယ်မုဒိမ်းမှုပပျောက်ကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ပြီး နယ်ထိန်းတပ်ဖွဲ့ဝင်များကလည်း သက်ငယ်မုဒိမ်းမှုပပျောက်ကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များလိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

## သက္ကရာဇ် ၁၃၇၉ -၁၃၈၀ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း(၁)ရက်နှင့် ဝါဆို-ဝါကပ်-လထပ်-ရက်နှင့် နေ့များ

**၁။ မဟာသင်္ကြန်ကျရက်**

- ဇေယတု-မြန်မာသက္ကရာဇ် - ၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက်
- ရခိုင်သက္ကရာဇ် - ၁၃၇၉ခုနှစ်၊ ပထမတာကူးလပြည့်ကျော် ၁၄ ရက်
- ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၄ ရက်၊ စနေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် စက် ၁၁ နာရီ ၉ မိနစ် ၅ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

**၂။ မဟာသင်္ကြန် အကြတ်ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ဒုတိယတာကူးလဆန်း ၁ ရက်
- ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၅ ရက် တနင်္ဂနွေနေ့သည် မဟာသင်္ကြန် အကြတ်ရက် ဖြစ်ပါသည်။

**၃။ မဟာသင်္ကြန် အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ဒုတိယတာကူးလဆန်း ၂ ရက်
- ခရစ်နှစ် ၂၀၁၈ ခု ဧပြီလ ၁၆ ရက် တနင်္လာနေ့ မြန်မာစံတော်ချိန် နေ့လွဲည စက် ၃ နာရီ ၁၃ မိနစ် ၄၇ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

**၄။ မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ ဦးကဆုန်လဆန်း ၃ ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယတာကူးလဆန်း ၃ ရက်
- ခရစ်နှစ် ၂၀၁၈၊ ဧပြီလ ၁၇ ရက် အင်္ဂါနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်နေ့ဖြစ်ပါသည်။

**၅။ ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ**


ဤ ၁၃၈၀ ပြည့်နှစ်တွင် အမိမာသ လလွန်လထပ်ရက်ရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်းရဟန်းတော် အရှင်မြတ်တို့မှာ

မြန်မာသက္ကရာဇ် ၁၃၈၀ ခု ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၈၀ ဝါဆိုလပြည့်ကျော် ၁ ရက် ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် စနေနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာ-ရခိုင် ဝါခေါင်လပြည့်ကျော် ၁ ရက် ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ သြဂုတ်လ ၂၇ ရက် တနင်္လာနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

**မြန်မာ့အလင်း**

### နှစ်အလိုက် စီးပွားရေးတိုးတက်မှုနှုန်း (Growth Rate)




❒ *ကျောဖုံးမှ*

Music Band တေးဂီတအဖွဲ့နှင့်အတူ Myanmar Idol အဆိုတော် Mဇော်ရိန်နှင့် တက်သစ်စ အဆိုတော် ၁၁ ဦးတို့မှ သီဆိုဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။


"တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နဲ့ နက္ခတ်တာရာပြခန်း(နေပြည်တော်)ရဲ့ ၁၀ နှစ်ပြည့် မွေးနေ့ပွဲကို စည်စည်ကားကားဖြစ်ဖို့ ဆောင်ရွက်ပြီးစီးနေပါပြီ လာရောက်အပန်းဖြေကြမယ့် ပြည်သူတွေ၊ ကလေးသူငယ်တွေ စိတ်ကျေနပ်မှုရှိအောင်၊ ပျော်ရွှင်မှုရှိအောင် နွေရာသီကျောင်းပိတ်ရက်မှာ အပန်းဖြေနိုင်အောင် အစီအစဉ်ကောင်းများစွာ ထည့်သွင်းထားပါတယ်၊ ကလေးများအတွက် ပျော့ပျော့အိအိကစားကွင်းတွေ၊ ပင်လယ်ဓားပြလှေကြီးတွေ စီစဉ်ထားပါတယ်၊ လူကြီးတွေအတွက်ကလည်း နိုင်ငံကျော်အဆိုတော်တွေပါတဲ့ တေးဂီတအဖွဲ့တွေ စီစဉ်ထားပါတယ်၊ ဈေးရောင်းပွဲတော်လည်းပါပါမယ်၊ အရက်၊ ဘီယာ၊ ဆေးလိပ် ကလွဲရင် အခြားပစ္စည်းတွေ ပြသရောင်းချနိုင်ဖို့ကိုလည်းခင်းကျင်းပြသမယ့် ဆိုင်တွေကို ဖိတ်ခေါ်ထားပါတယ်၊ ပွဲတော်ကို တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း(နေပြည်တော်)တို့အတွင်းမှာပဲ မတ် ၃၁ ရက်နဲ့ ဧပြီ ၁ ရက်မှာ ကျင်းပသွားမှာပါ၊ ဒီပွဲရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကလေး၊ လူကြီးတွေ ယခုပွဲတော်ကို လာရောက်လေ့လာခြင်းအားဖြင့် တိရစ္ဆာန်တွေကို သနားကြင်နာတတ်သည့် စိတ်ထားတိုးပွားခြင်း၊ တိရစ္ဆာန်တို့၏ အလေ့အထသဘောသဘာဝကို ဗဟုသုတရရှိစေခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စတဲ့ အသိပညာတွေ တိုးပွားစေဖို့ဖြစ်ပါတယ်" ဟု တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) အုပ်ချုပ်ရေးမှူး ဦးအောင်မင်းခိုင်က ပြောသည်။

ပွဲတော်ကို ယင်းနေ့ နံနက် ၈နာရီမှ ညနေ ၅ နာရီအထိ ပုံမှန်ကျင်းပသွားမည်ဖြစ်ပြီး ဥယျာဉ်ဝင်ကြေး လူကြီးငွေကျပ် ၁၀၀၀၊ ကလေး ငွေကျပ် ၅၀၀ ပုံမှန်နှုန်းထားဖြင့် ကောက်ခံမည်ဖြစ်ကာ မျက်လှည့်နှင့် တေးဂီတဖျော်ဖြေပွဲကို အခမဲ့ ဖျော်ဖြေတင်သွားမည်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်နေပြည်တော်တွင် နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ကျေးငှက်သတ္တဝါ ၃၅ မျိုး၊ တွားသွားသတ္တဝါ ကိုးမျိုးတို့ စုစုပေါင်း အကောင်ရေ ၇၃၄ ကောင်ရှိကြောင်းသိရသည်။

အဆိုပါပွဲတော် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသလိုသည့် ပြည်သူများအနေဖြင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) အုပ်ချုပ်ရေးမှူးရုံး ဖုန်း ၀၉-၇၉၇၉၈၄၀၀၈ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇော်ဘီ**




**တိရစ္ဆာန်ဥယျာဉ် နေပြည်တော်တွင် လာရောက်လည်ပတ်သည့် နိုင်ငံခြားသားများ တိရစ္ဆာန်များအား အစာကျွေးနေသည်ကို တွေ့ရစဉ်။**



**တိရစ္ဆာန်ဥယျာဉ်နေပြည်တော်အတွင်းရှိ နက္ခတ်တာရာပြခန်း အဆောက်အအုံကို တွေ့ရစဉ်။**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလော ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလ ကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉ %)အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည် အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



မောင်တောမြို့နယ် ကိုင်းကြီးတစ်ဖက်ပိတ်ဆည်ကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

❍ ကျော်ဖုံးမှ

ကိုင်းကြီးကျေးရွာဒေသခံ ဦးသက်နိုင်ဝင်းက "ကျွန်တော့်မှာ လယ်နှစ်ကေရှိပါတယ်၊ မိုးရာသီမှာပဲ စပါးစိုက်ပျိုး လုပ်ကိုင်လို့ရပါတယ်၊ နွေရာသီကျရင် ရေမရှိတဲ့အတွက် စိုက်ပျိုးရေးအတွက် သိပ်အဆင်မပြေဘူး၊ အခုလို ဆည်တမံကြီးတွေ တည်ဆောက်နေတဲ့အတွက် ကျွန်တော်တို့လို တောင်သူတွေအတွက် အများကြီးအကျိုးရှိပါတယ်၊ နွေရာသီ သီးနှံတွေပါ စိုက်ပျိုးလို့ရမှာဖြစ်တဲ့အတွက် အဆင်ပြေပါတယ်၊ ဒေသခံတွေအတွက် သောက်သုံးရေနဲ့ ကျွဲ၊ နွား တိရစ္ဆာန်တွေအတွက် နွေရာသီမှာ ရေအခက်အခဲတွေရှိပါတယ်၊ ဒီဆည်တမံကြီး တည်ဆောက်ပြီးရင် သောက်ရေ၊ သုံးရေအတွက် ကျွန်တော်တို့ရွာတင်မကဘဲ အနီးနားကရွာတွေအတွက်ပါ ပိုအဆင်ပြေလာမှာဖြစ်ပါတယ်" ဟု ပြောသည်။

ကိုင်းကြီးတစ်ဖက်ပိတ်ဆည်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် တည်ဆောက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ်ဖြေလမတိုင်မီ ပြီးစီးရန်လျာထားကြောင်းနှင့် ပြီးစီးမှုရာခိုင်နှုန်းအနေဖြင့် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**


# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် မတ် ၂၆**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၂၅ ရက်တွင် နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်ခြားမှတ်တိုင် ၄၀ မှ ၄၁ အထိ နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်ခဲ့သည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက် အထိ နယ်ခြားမှတ်တိုင် ၄၂ မှ ၅၅ အထိ ၁၄ ကြိမ်၊ မတ် ၁၁ ရက်တွင် နယ်ခြားမှတ်တိုင် ၃၁ မှ ၃၄ အထိ တစ်ကြိမ်၊ မတ် ၁၅ ရက်တွင် နယ်ခြားမှတ်တိုင် ၃၄ မှ ၃၆ အထိ တစ်ကြိမ်၊ မတ် ၁၈ ရက် တွင် နယ်ခြားမှတ်တိုင် ၃၆ မှ ၃၈ အထိ တစ်ကြိမ် ၊ မတ် ၂၀ ရက်တွင် နယ်ခြား မှတ်တိုင် ၃၈ မှ ၃၉ အထိ တစ်ကြိမ်၊ မတ် ၂၂ ရက်တွင် နယ်ခြားမှတ်တိုင် ၃၉ မှ ၄၀ အထိ တစ်ကြိမ်၊ မတ် ၂၅ ရက်တွင် နယ်ခြားမှတ်တိုင် ၄၀ မှ ၄၁ အထိ တစ်ကြိမ် စုစုပေါင်း အကြိမ် ၂၀ နှင့် ရေကြောင်းကင်းလှည့်ခြင်းကို နတ်မြစ် ကြောင်းအတိုင်း မတ် ၅ ရက်နှင့် မတ် ၂၀ ရက်တို့တွင် နှစ်နိုင်ငံညှိနှိုင်း၍ လှည့်ကင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**နေပြည်တော် မတ် ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျေးရွာများတွင် ယနေ့အထိ နွား ၆၃၁ ကောင်နှင့် ဆိတ် ၉၃၆ ကောင်ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကံပြင်သာစည် (တိုင်းရင်းသား) ကျေးရွာရှိ နွား ၂၇ ကောင်ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ဆိတ် ၁၈ ကောင်ကို ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရစခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၆၃၁ ကောင်နှင့် ဆိတ် ၉၃၆ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မင်းပြားမြို့နယ်၌ ကျွဲ၊ နွား ၂၅၃၈ ကောင်အား အခမဲ့ဆေးထိုးနှံပေးခြင်းဆောင်ရွက်လျက်ရှိ

**မင်းပြား မတ် ၂၆**

မြောက်ဦးခရိုင် မင်းပြားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာသန်းဇော်ထွေး ဦးဆောင်၍ မွေးကုဝန်ထမ်းများက မတ်လတတိယပတ်မှ စတင်ကာ ကျွဲ၊ နွား ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းပြားမြို့နယ်ရှိ ဘားဘူတောင်အုပ်စု၊ သာယာကုန်းအုပ်စု၊ ဆပ်ဂျာအုပ်စု၊ ငဝေအုပ်စု၊ စွန်ရဲအုပ်စု၊ ရွာပြင်အုပ်စု၊ သံရှင်အုပ်စု၊ ဝင်းဇာအုပ်စု၊ ဓမ္မလည်အုပ်စု၊ အဝရွာအုပ်စုတို့တွင် ကျွဲ၊ နွား ၂၅၃၈ ကောင်အား ကွင်းဆင်းပြီး အခမဲ့ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**၁၅၇**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေး**

# ထိုင်းနိုင်ငံ မဟာချိုင်၌ ကျင်းပသည့် ရိုးရာလက်ဝှေ့ပြိုင်ပွဲ မြန်မာ လေးဦးနိုင်၊ သုံးဦးသရေကျ

ရန်ကုန် မတ် ၂၆

**ထိုင်းနိုင်ငံ မဟာချိုင်တွင် ပထမဆုံးကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ Lehwei in Thailand (Mahachai)ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မတ် ၂၅ ရက် ညနေက စမာ့စခွန် အား/ကာသိပွဲဝင်းအတွင်း မွေထိုင်းစင်တာ၌ ကျင်းပခဲ့ရာ မြန်မာ့လက်ဝှေ့ကျော် လေးဦးအနိုင်ရရှိပြီး သုံးဦးသရေကျခဲ့ကြောင်း သိရသည်။**

အဆိုပါပြိုင်ပွဲ ၅၄ ကီလိုတန်းတွင် သစ်မင်း(မြန်မာ)နှင့် ပက်ချ်ကာရပ်(ထိုင်း)၊ ၅၇ ကီလိုတန်းတွင် စွမ်းထက်နိုင်(မြန်မာ)နှင့်ဖာလစ်ကစ် (ထိုင်း)တို့က သူတစ်ပြန်ကိုယ်တစ်ပြန်ဖြင့် သရေဖြင့်လည်းကောင်း၊ ၆၀ ကီလိုတန်း၌ စောမူထော်ကေး(မြန်မာ)မှာ ဒုတိယအချီတွင် ညာလက်ဖျံကျိုးသွားသော်လည်း ပြိုင်ဘက်ခွန်ပရ်တီလေး(ထိုင်း)ကို ငါးချီအပြည့်ထိုးသတ်ပြီး အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။ ထို့ပြင် ၆၀ ကီလိုတန်း၌ မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံ ထွန်းလွင်မိုး(မြန်မာ)က ဒါဂျစ်မန်နွန်(ထိုင်း)ကို ဒုတိယအချီ ၁၄ စက္ကန့် တွင် ပင့်ခေါင်းတိုက်ချက်ကြောင့် အနိုင်ရရှိသွားသည်။

၆၆ ကီလိုတန်းတွင် ပြိုင်ဘက်ထိုင်းလက်ဝှေ့ကျော် အဘီချပ်၏ ညာခြေကန်ချက်ကြောင့် လမ်းမယူ(မြန်မာ)မှာ ပထမအချီ၌ အမှတ်စဉ်အရေခံရသော်လည်း ဒုတိယအချီတွင် လမ်းမယူလက်သီးတွဲလုံးကြောင့် အဘီချပ်(ထိုင်း)ကို အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။နောက်တစ်ပွဲဖြစ်သည့် ၇၀ ကီလိုတန်းတွင် စောဂေါ်မူဒို(မြန်မာ)နှင့် ပက်ချ်ဆာမတ် (ထိုင်း)တို့ပွဲတွင် စောဂေါ်မူဒို၏ လက်သီးတွဲလုံးများကြောင့် ဒုတိယအချီတွင် ပက်ချ် ဆာမက် အနားတောင်းပြီး ဆက်လက်မထိုးသတ်နိုင်သဖြင့် စောဂေါ်မူဒို အလဲထိုး အနိုင်ရရှိခဲ့သည်။ အမျိုးသမီးပွဲစဉ်တွင် ဘရော်နီကာ(မြန်မာ)၏ ဘယ်ညာထောက်လက်သီးကြောင့် ဒုတိယအချီတွင် ပုတ်ခွဲခန်နန်(ထိုင်း)ကို အနိုင်ရရှိသွားသည်။



စောဂေါ်မူဒို၏ ညာလက်သီး ပက်ချ်ဆာမတ်(ထိုင်း)ဖိုက်ကိုထိမိထားစဉ်။

ယင်းပြိုင်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီး ဆုများကို အပြည်ပြည်ဆိုင်ရာမွေထိုင်းအဖွဲ့ချုပ် (IMF)ဥက္ကဋ္ဌ ဒေါက်တာချန်နာရွန်ဆူဟွန်နာ၊ ဒုတိယဥက္ကဋ္ဌ ၊အထွေထွေအတွင်းရေးမှူးနှင့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇင်ဦး၊ မြန်မာမီဒီယာဂရု(ပ်) မန်နေးဂျင်းဒါရိုက်တာ ဦးဝဏ္ဏတို့က ဆုများချီးမြှင့်ခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**

# အင်းတော်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**အင်းတော် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အုန်းဒုတ်ကျေးရွာတွင် မီးလောင်မှု တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မတ် ၂၆ ရက် နံနက် ၃ နာရီခန့်က မီးလောင်နေကြောင်းသတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အင်းတော်မြို့နယ် အုန်းဒုတ်ကျေးရွာနေ ဦးသိန်းလွင်၏နေအိမ်တွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး ၎င်း၏ နှစ်ထပ်ပျဉ်ထောင်နေအိမ်ကို မီးလောင်ကျွမ်းရာမှတစ်ဆင့် နေအိမ်အနီးရှိ ဦးမျိုးညွန့်၏နေအိမ်နှင့် ဦးရွှေဘ နေအိမ်တို့ မီးကူးစက်လောင်ခဲ့ရာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် နံနက် ၅ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးကိုပေါ့ဆစွာ အသုံးပြုသူ ဦးသိန်းလွင်အား မော်လူးနယ်မြေရဲကင်းစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**



# ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့် စျေးဆိုင်များ ဖယ်ရှားရှင်းလင်း

**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အတွင်းရှိ ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့် စျေးဆိုင်များကို မတ် ၂၆ ရက် နံနက် ၆ နာရီက စတင်ကာ ဖယ်ရှား ရှင်းလင်းခဲ့ကြောင်း မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ သိရသည်။

"တံတားပေါ်မှာရှိတဲ့ စျေးဆိုင်တွေကို ဦးပိန်တံတားက ရှေးဟောင်းအမွေအနှစ် စာရင်းဝင် တံတားကြီးဖြစ်တာကြောင့် စျေးဆိုင်တွေ ဖွင့်လှစ်ရောင်းချခြင်း မပြုလုပ်ဖို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)က တာဝန်ရှိသူ လက်မှတ်ရေးထိုးထားတဲ့ အကြောင်းကြားစာကို ကြိုတင် အသိပေးဖြန့်ဝေထားတယ်၊ စာထုတ်ဝေပြီး သုံးရက်အကြာမှာ ရှင်းလင်းဖို့ အစီအစဉ်ရှိပေမယ့် ရှင်းလင်းမယ့်နေ့က ရုံးပိတ်ရက်ဖြစ်နေတဲ့အတွက် ရုံးဖွင့်ရက်ဖြစ်တဲ့ ဒီနေ့မှ ဖယ်ရှား ရှင်းလင်းတာပါ" ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုကဲ့သို့ ဖယ်ရှားရှင်းလင်းခြင်း မပြုမီ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းရုံးတို့မှ တာဝန်ရှိသူများနှင့် မြို့နယ် ရပ်မိ၊ ရပ်ဖများ ပါဝင်သော ပူးပေါင်းအဖွဲ့က တံတားပေါ်ရှိ စျေးဆိုင်များကို ကနဦးစာရင်းကောက်ယူခဲ့ပြီးကောက်ယူရရှိသည့် စျေးဆိုင် ၆၁ ဆိုင်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ မတ်လ ၂၁ ရက်နေ့က အကြောင်းကြားစာ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်သည်။

ဦးပိန်တံတားပေါ်တွင် စည်းကမ်းမဲ့ ဖွင့်လှစ်ထားသည့် စျေးဆိုင်များအား ဖယ်ရှားရှင်းလင်းရခြင်းမှာ ရှေးဟောင်း အမွေအနှစ်ကို ကာကွယ်ခြင်းနှင့် တံတားပေါ်သို့ လာရောက်လေ့လာ အပန်းဖြေကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆင်ပြေစွာ သွားလာနိုင်စေရန် ရည်ရွယ်၍ ရှင်းလင်းခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဦးပိန်တံတားက ရှေးဟောင်းအမွေအနှစ်ဖြစ်တာကြောင့် ကျွန်တော်တို့ဌာနက ထိန်းသိမ်းစောင့်ရှောက်တယ်၊ ဥပဒေအရ ဒီတံတားပေါ်မှာ ဆိုင်တွေမရှိသင့်ဘူး၊ ရှိရင် ဥပဒေအရအရေးယူမယ် ဆိုတဲ့ အကြောင်းကြားစာဝေပြီးမှ ရှင်းလင်းတာ ဖြစ်ပါတယ်၊ ဒါကြောင့်မို့ ဒီတံတားကို လာရောက်လေ့လာကြတဲ့ ပြည်သူတွေအနေနဲ့လည်း သတ်မှတ်ထားတဲ့ စည်းကမ်းတွေအတိုင်း လိုက်နာစေချင်ပါတယ်"ဟု ၎င်းက ပြောသည်။



လက်ရှိတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြထားသည့် စာရင်းများအရ တောင်သမန်အင်း ပတ်ဝန်းကျင်နှင့် ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို စိစစ်ကောက်ယူမှုအရ တံတားပေါ်၌ ၆၁ ဆိုင်၊ တောင်မင်းကြီးဘုရားဝန်းကျင်၌ ဆိုင်ခန်း ၈၀၊ တောင်သမန်အင်းဝန်းကျင်တွင် ၁၃ ဆိုင်နှင့် မည်စည်တန်းတွင် သုံးဆိုင်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မီးလောင်မှုသတင်းများ

# မီးဖိုအား ပေါ့ဆစွာအသုံးပြုသဖြင့် မီးလောင်

**မြို့သစ် မတ် ၂၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာ၌ ယနေ့မွန်းလွဲ ၁ နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က ဝါးကြီးအိုင်ကျေးရွာ ဦးစိုးလှိုင်(၄၀ နှစ်)၏ နေအိမ်(သွပ်မိုးထရံကာပျဉ်ခင်း)၏ နေအိမ်မီးဖိုချောင်မှ မီးကွင်းမီးကျန်မှတစ်ဆင့် မီးဖိုပေါ်ရှိ ပြောင်းရိုးခြောက်နွားစာပုံများ အပူရှိန်လွန်ကဲရာမှမီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် လေးတိုင်စင်ကျေးရွာ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရှိုင်းအောင်၊ တပ်ကြပ်ကြီး သက်ပိုင်ထူး အရန်မီးသတ်ဦးစိုးဝေ၊ ဝါးကြီးအိုင့်ကျေးရွာ ဆယ်အိမ်မှူး ဦးစိုးလှိုင်၊ ကျေးရွာသူကျေးရွာသား ၂၀၀ ခန့်တို့က ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး မီးလောင်မှုကြောင့် လူတိရစ္ဆာန်သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆမှုကြောင့် နေအိမ်မီးလောင်ဆုံးရှုံးစေခဲ့သူ ဦးစိုးလှိုင်ကို အရေးယူပေးပါရန် ရဲအုပ်မင်းမင်းစိုးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဝါးကြီးအိုင်နယ်မြေရဲစခန်းက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# ဆိပ်ကမ်းတွင် ကပ်ထားသော သင်္ဘောမီးလောင်ရာမှ ကုန်းပေါ်သို့ မီးကူး၍ အိမ် ၃၃ လုံးဆုံးရှုံး

**အမာ မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့နယ် ဒေါ်သိမ်းကျေးရွာအုပ်စု ခါးပြတ်ကျေးရွာ အမှတ် ၆ ရပ်ကွက်၌ မတ် ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ အမာမြို့နယ် ရွှေထီးကျေးရွာနေ ရေလုပ်ငန်းရှင် ဦးနိုင်စိုး-ဒေါ်ခင်လှိုင်ပိုင်ဆိုင်သော အောင်ချမ်းသာ ရေစင်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော အောင်ချမ်းသာ အမည်ရှိ ငါးပေါင်းဖားကူးချွန်းသင်္ဘောတွင် မီးလောင်ရာမှ မီးအရှိန်များကာ ကုန်းပေါ်ရှိ ရေစင်သို့ မီးကူးစက်လောင်ခဲ့ပြီး အဆိုပါရေစင် တွင်းထားရှိသော လောင်စာဆီတိုင်ကီများကို ထပ်မံကူးစက်ခဲ့ကြောင်း။



ယင်းမှတစ်ဆင့် ဆီတိုင်ကီများ ပေါက်ကာ ကျေးရွာရှိ လူနေအိမ် ၃၀၊ ရေစင်လေးစင်၊ တန်းလျား သုံးလုံးနှင့် ငါးဖမ်းစက်လှေတစ်စင်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် အိမ်ထောင်စု ၃၆ စုမှ လူဦးရေ ၂၀၀ ကျော် အိုးအိမ်ပျက်စီးခဲ့သဖြင့် ဒေသရှိ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် ဒေသခံများက အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများ ကူညီထောက်ပံ့ပေးထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဆွာမြို့နယ်ရှိ ထာဝရဘိုးဘွားရိပ်သာကို တောမီးကူးစက်လောင်ကျွမ်းရာမှ အဘိုးသုံးဦးသေဆုံး

**ရေတာရှည် မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ အုန်းခြံကျေးရွာရှိ ထာဝရဘိုးဘွားရိပ်သာအား မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခန့်က တောမီးလောင်ရာမှတစ်ဆင့် ဘိုးဘွားရိပ်သာအား မီးကူးစက်လောင်ခဲ့ပြီး အဘိုးသုံးဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆွာမြို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦး၊ ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေလင်းအောင်နှင့် တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မီးငြှိမ်းသတ်ခဲ့သည်။ မီးလောင်ဆုံးရှုံးခဲ့သော အဆောက်အအုံတွင်းမှ ဦးအောင်မြင့် (၅၇ နှစ်) ကန်းမြောင်ကျေးရွာ အုတ်ကန်မြို့ တိုက်ကြီးမြို့နယ်၊ ဦးမောင်ဝင်း (၇၃ နှစ်) ကုက္ကိုလ်ကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဦးပန်းမောင်(၉၀ နှစ်) သက်ကယ်ကုန်းရပ် တောင်ဒဂုံမြို့နယ် ရန်ကုန်မြို့နေသူ သုံးဦးမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ဦးခင်မောင်ဝင်း(၆၇ နှစ်) မြင်သင်ကျေးရွာ မန္တလေးတိုင်းဒေသကြီးနေသူမှာ ခြေထောက် မီးလောင်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။

အဆိုပါ ဘိုးဘွားရိပ်သာတွင် အဘိုး ၁၃ ဦး၊ အဘွား ၁၈ ဦး သံဃာ ငါးပါးတို့ကို စောင့်ရှောက်ထားခြင်းဖြစ်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

# မိုးညို၌ ဂက်စ်မီးခြစ်ပေါ် နေရောင်ခြည်ကျရောက်ရာမှ အပူလွန်ကဲပြီး မီးလောင်

**နေပြည်တော် မတ် ၂၆**

မိုးညိုမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ မတ် ၂၅ ရက် ညနေ ၄ နာရီ ၅ မိနစ်က အဆိုပါကျေးရွာနေ မမြင့်မြင့်ဌေး (၂၆ နှစ်)၏ နေအိမ်ရှိ စားပွဲပေါ်တွင် တင်ထားသော ဂက်(စ်)မီးခြစ်အပေါ် နေရောင်ခြည်ကျရောက်၍ အပူရှိန်လွန်ကဲရာမှ ဂက်စ်မီးခြစ်ပေါက်ပြီး နေအိမ်ထရံကို မီးကူးစက်လောင်ခဲ့ရာ သက်ငယ်မိုး၊ ထရံကာ၊ ဝါးခင်း နေအိမ်ကိုးလုံးမီးလောင်ဆုံးရှုံးခဲ့သဖြင့် မမြင့်မြင့်ဌေးအား ရေကောင်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရွှေသံလွင်စက်မှုဇုန်၌ ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်

**ရန်ကုန် မတ် ၂၆**

လှိုင်သာယာမြို့နယ် အပြင်ပဒံကျေးရွာအုပ်စု ရွှေသံလွင်စက်မှုဇုန် ဧရာဝတီလမ်းတွင် မတ် ၂၆ ရက် နံနက် ၂ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ**(အောက်ပုံ)** ကျူးကျော်တဲ ၃၃ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မိသားစု ၃၃ စု အိုးအိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျူးကျော်တဲတွင် နေထိုင်သော ဦးကြည်စိုး(ခ) ဦးဖိုးပြား(၅၄ နှစ်)သည် ဖယောင်းတိုင်မီးထွန်း၍ အိပ်ပျော်သွားစဉ် ဖယောင်းတိုင်မီးမှတစ်ဆင့် အနီးရှိ ဝါးထရံသို့ မီးကူးစက်လောင်ခဲ့၍ ကျူးကျော်တဲ ၃၃ လုံး မီးလောင်ပျက်စီးခဲ့ရာ ကျူးကျော်တဲတွင်နေထိုင်သော ဦးချစ်ဝင်း (၄၉ နှစ်)နှင့် ရဲနိုင်စိုး (၁၆ နှစ်)တို့ လက်နှင့်ခြေထောက်တို့တွင် မီးလောင်ဒဏ်ရာရရှိ၍ မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသထားကြောင်း သိရသည်။

မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးနှင့် မီးသတ်ယာဉ် ၁၀ စီးတို့ဖြင့် ငြှိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးကြည်စိုး (ခ) ဦးဖိုးပြားအား လှိုင်သာယာ သောင်ကြီးနယ်မြေ ရဲစခန်းမှ အရေးယူဆောင်ရွက်ထားပြီး အိမ်ထောင်စု ၃၃ စု၏ လူဦးရေ ၁၀၀ အား ရွှေသံလွင်စက်မှုဇုန် မင်းကြီးမဟာမင်းခေါင်လမ်းရှိ မနောကြာဖြူ ဓမ္မာရုံတွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**



# မောင်တောမြို့နယ်၌ အကောက်ခွန်မဲ့ ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

မောင်တောမြို့နယ် နယ်မြေ ၂ ခမောင်းဆိပ်တံတား၌ မတ် ၂၅ ရက် နံနက် ၈ နာရီခွဲက အကောက်ခွန်မဲ့ ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက် နံနက် ၈ နာရီခွဲက ခမောင်းဆိပ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ပါဝင်သောပူးပေါင်းအဖွဲ့သည် ခမောင်းဆိပ်တံတား၌ ရှောင်တခင် စစ်ဆေးနေစဉ် အောင်ဇူဘက်မှ ခမောင်းဆိပ်ဘက်သို့ မင်္ဂလာညွန့်ကျေးရွာနေ ဝင်းလှိုင်(၃၂ နှစ်)မောင်းနှင်၍ တစ်ရွာတည်းနေ အောင်သူ(၂၅ နှစ်)ပါ နှစ်ဦးတို့ လိုက်ပါလာသည့် 4A/---- တိုယိုတာဟိုင်းလတ်ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် တစ်ဖက်နိုင်ငံမှ အကောက်ခွန်မဲ့ သယ်ဆောင်လာသည့် သန္ဓေတားဆေး တစ်ကတ်လျှင် ၂၈ လုံးပါ ကတ် ၁၁၁၀၀၀ တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ဝင်းလှိုင် ပါသုံးဦးအား အောင်ဇူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



# သို့ဝှက်သယ်ဆောင်လာသော ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**မူဆယ် မတ် ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်း၌ မတ် ၂၅ ရက်က ၂၂ ဘီးယာဉ်ပေါ်မှ သို့ဝှက်သယ်ဆောင်လာသော ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက်က ယာဉ်မောင်း ကိုအိုက်ပီး(၅၆နှစ်) မန္တလေးမြို့ စက်မှုဇုန်နေထိုင်သူ မောင်းနှင်လာသည့် MDY/7D---- ချန်းလုံ ၂၂ ဘီးယာဉ်သည် မန္တလေးမြို့မှ ပဲအိတ် ၆၆၅ အိတ် တင်ဆောင်ပြီး ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်း၌ အကောက်ခွန်ဝန်ထမ်းများက စစ်ဆေးစဉ် အဆိုပါယာဉ်ပေါ်မှ ကျောက်စိမ်းတုံးများအား သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် အဆိုပါယာဉ်အား မတ် ၂၆ ရက်က မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် မူဆယ်အကောက်ခွန်သို့ပို့ဆောင်ပြီး ကျောက်စိမ်းတုံး အရေအတွက်နှင့် တန်ဖိုးငွေများကို ဆက်လက်စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

**သန့်ဇင်-မူဆယ်**

# လောက်ကိုင်မြို့၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၂၁ ဦး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

လောက်ကိုင်မြို့နယ် တုံချိန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက သတင်းအရ လောက်ကိုင်မြို့တုံချိန်ရပ် ရပ်ကွက် ၁ နေအိမ်တစ်အိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ တရုတ်နိုင်ငံသား ၂၁ ဦး ဖမ်းဆီးရမိခဲ့သည်။

**အမှုဖွင့်အရေးယူ**

တပ်ဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေချိန် အဆိုပါနေအိမ်တွင် တရုတ်နိုင်ငံ ကျီးလင်ပြည်နယ် ကျီးလင်မြို့ ကျွန်းရရွာနေ တရုတ်နိုင်ငံသား ကျင်းကွေ့ကျင်း ၃၆ နှစ်ပါ အမျိုးသား ၂၁ ဦးအား တွေ့ရှိသဖြင့် စစ်မေးရာ လွန်ခဲ့သော ငါးရက်ခန့်က တရုတ်နိုင်ငံမှ လောက်ကိုင်မြို့နယ် ဆီအောကျေးရွာမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ အရေးယူပေးရန် တိုင်တန်းချက်အရ ကျင်းကွေ့ကျင်းပါ ၂၁ ဦးအား တုံချိန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဝမ်းတွင်းမြို့၌ ကုန်တင်ယာဉ်တစ်စီး သစ်ပင်ဝင်တိုက်မိ၍ ယာဉ်မောင်းသေဆုံး

**ဝမ်းတွင်း မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် မတ် ၂၄ ရက် ညနေ ၆ နာရီခွဲခန့်က ကုန်တင်ယာဉ်တစ်စီး သစ်ပင်ဝင်တိုက်မိ၍ ယာဉ်မောင်းသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၅၆/၇ နှင့် ၃၅၇/၀ အကြား ဝမ်းတွင်းမြို့ ဝမ်းတွင်း ၁ ရပ်ကွက် လိန်ပင်ကျေးရွာလမ်းခွဲ၌ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဂျပန်လမ်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ ယာဉ်မောင်း ကိုငြိမ်းဇော်(၂၅ နှစ်) မောင်းနှင်ပြီး အင်းစိန်မြို့ ဖော့ကန်ရပ်ကွက်နေ ယာဉ်နောက်လိုက် ဇင်မင်းထိုက် လိုက်ပါလာသော 6C/----- NISSAN DIESEL မြန်မာဘီယာ ဗာ ၂၂၆၀ တင်ဆောင်လာသည့် ယာဉ်မှာ ခုံးအဆင်း အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ တမာပင်အား ဝင်ရောက်တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်း ကိုငြိမ်းဇော်မှာ စီယာတိုင်နှင့်ညပ်မိပြီး အခင်းနေရာတွင် သေဆုံးခဲ့သော်လည်း ယာဉ်နောက်လိုက် ဇင်မင်းထိုက်မှာ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ကိုငြိမ်းဇော်အား ဝမ်းတွင်းမြို့မရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# မြဝတီမြို့၌ နိုင်ငံတော်အလံတိုင်နှင့် ခြင်္သေ့ရုပ်တုတို့အား ဖျက်ဆီးသူလေးဦးကို အရေးယူ

**မြဝတီ မတ် ၂၆**

မြဝတီမြို့ မြစန္ဒီပန်းခြံအနီး လွတ်လပ်ရေးကျောက်တိုင်ရှိ နိုင်ငံတော်အလံတိုင်နှင့် ခြင်္သေ့ရုပ်တုတို့အား ဖျက်ဆီးသူ လေးဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက် နံနက် ၈ နာရီခွဲခန့်က မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ဆေးရုံလမ်း မြစန္ဒီပန်းခြံအနီး လွတ်လပ်ရေးကျောက်တိုင်ရှိ အလံတင်သည့် အလံတိုင်မှာ ပျက်စီးနေကြောင်း သတင်းအရ မြဝတီမြို့မရဲစခန်းမှူး ဒုရဲမှူး မင်းကို၊ နယ်ထိန်းအရာရှိ ရဲအုပ် အောင်ချမ်းမွန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ အလံတိုင်မှာ လဲကျနေပြီး အလံတိုင်အောက်ခြေတွင် ဝန်းရံထားသော ခြင်္သေ့ရုပ်တု လေးရုပ်အနက်၊ နှစ်ရုပ်ကို ရိုက်ချိုးဖျက်ဆီးထားကာ အလံတိုင်အုတ်ခုံတွင် ပြန့်ကျဲနေသော အရက်ပုလင်းကွဲစများ၊ အရက်ပုလင်းခွံများ၊ အရက်သောက်ထားသည့် ခွက်များအား စစ်ဆေးတွေ့ရှိရသည်။

ယင်းကဲ့သို့ ပြုလုပ်သွားသူများအား မြဝတီမြို့မရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်ရာ မတ် ၂၅ ရက် ညနေ ၆ နာရီခွဲက ပြည်သာယာလမ်း အမှတ် ၄ ရပ်ကွက် မြဝတီမြို့နေသူများဖြစ်သည့် ရဲလွင်သိန်း(၂၀ နှစ်)၊ ဖြိုးလင်းပိုင် (၁၈ နှစ်)၊ ထက်မျိုးသူ (၁၈ နှစ်)နှင့် စည်သူဟိန်း (၁၈ နှစ်)တို့ လေးဦးအား ဖမ်းဆီးရမိခဲ့ပြီး မြဝတီမြို့မရဲစခန်းက အမှုဖွင့်ထားရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ပဲခူးမြို့၌ လူသတ်တရားခံအား ငါးနာရီအတွင်း ဖမ်းဆီးရမိ

**ပဲခူး မတ် ၂၆**

ပဲခူးမြို့မရဲစခန်းအပိုင် အာသောကဘုန်းကြီးကျောင်းအနီးတွင် မတ် ၂၅ ရက် ည ၉ နာရီခန့်က လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူသတ်မှုကျူးလွန်သူအား ငါးနာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇော်ဖြိုးထက်(၂၅ နှစ်) ရှမ်းစုရပ်ကွက်ဘုရားကြီးမြို့နေသူနှင့် မ--- အသက်(၂၅ နှစ်)မြို့ပတ်လမ်း ဗိုလ်ကုန်း(၁၈)ရပ်ကွက် ပဲခူးမြို့နေသူတို့နှစ်ဦးသည် ပဲခူးမြို့ဗိုလ်ကုန်း(၁၈)ရပ်ကွက် အာသောကဘုန်ကြီးကျောင်းနှင့် မဟာစည်ဘုန်ကြီးလမ်းကြား၌ ချိန်းတွေ့နေစဉ် အမည်မသိ အမျိုးသားနှစ်ဦးရောက်ရှိလာပြီး ဇော်ဖြိုးထက်အား အမျိုးသားတစ်ဦးက အသင့်ပါလာသော ဓားဦးချွန်နှင့်ထိုး၍ ထွက်ပြေးသွားခဲ့ရာ ဇော်ဖြိုးထက်တွင် ဒဏ်ရာများရရှိပြီး ပဲခူးမြို့ဆေးရုံကြီးသို့ တက်ရောက်ဆေးကုသနေစဉ် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲခူးမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူးနိုင်စိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ စည်သူလွင်(ခ)အလတ်ကောင်(၂၀ နှစ်) ကမာနတ်ကျေးရွာ ပဲခူးမြို့နေသူအား သက်သေခံဓားနှင့်အတူ ငါးနာရီအတွင်း ဖမ်းဆီးရမိပြီး ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သည့် ဝတုတ်(ခ)ဒန်နူး(၃၀ နှစ်)ကမာနတ်ကျေးရွာ ပဲခူးမြို့နယ်နေသူအား မတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် ထပ်မံဖမ်းဆီးရမိသဖြင့် ပဲခူးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **သန့်စင်**

# ပိတောက်ခားရွေ ၁၃ တန်ကျော် ဖမ်းမိ

**နေပြည်တော် မတ် ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၇ စီး၊ သွင်းကုန် ၉၆၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး ၊ သွင်းကုန် ၁၉၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။





အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၄၁၂ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၇၄ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁ ဒသမ ၃၈၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၅ ရက်တွင် မန္တလေးနှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၂၀၃ မိုင် ၊ ၃ ဖာလုံတွင် မသင်္ကာဖွယ်ရပ်တန့်ထားသော NISSAN 22 ဘီးယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသော ပိတောက်ခားရွေ ၁၁၄ တုံး၊ ၁၃ ဒသမ ၁၃၇၆ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၄၁၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့ ရွှေညောင်ပင်ကားဂိတ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ပျဉ်းမနား မတ် ၂၆**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ရန်အောင်(၁)ရပ်ကွက် ဘိုကုန်းအုပ်စု ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းဟောင်းဘေး ရွှေညောင်ပင်ကားဂိတ်၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

နေပြည်တော် မူးယစ်တပ်ဖွဲ့ ၁၀၁ မှ ဒုရဲအုပ် အောင်ဖြိုးဝေနှင့် တပ်ဖွဲ့ဝင်များသည် ပုဗ္ဗသီရိမြို့နယ်ဘက်မှ ပျဉ်းမနားမြို့နယ်သို့ ပြေးဆွဲသည့် လိုင်းကားပေါ်တွင် စီးနင်းလိုက်ပါလာသူ ကျော်ကျော်ခိုင်(၃၁ နှစ်) ပုဗ္ဗသီရိဝန်ထမ်းလိုင်း (ရွာတော်) နေသူအား ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ ၀ ဒသမ ၀၇ ဂရမ်အား လက်ဝယ်ဖမ်းဆီးရမိပြီး အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်သယ်ဆောင်လာသူ ကျော်ကျော်ခိုင်အား ပျဉ်းမနားမြို့နယ်ရဲစခန်း(မြို့မ)မှ ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ဖားကန့်၌ ရေမဆေးကျောက်ရှာဖွေသူတစ်ဦး မြေတူးယာဉ်ကြိတ်မိ၍ သေဆုံး

**ဖားကန့် မတ် ၂၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာရှိ ဝင်းဂိတ်ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံတွင် မတ် ၂၅ ရက် မွန်းလွဲ ၃ နာရီခန့်က ဘူဒိုဇာမြေထိုးကော်ယာဉ်ကြိတ်မိ၍ ရေမဆေးကျောက်ရှာဖွေသူ အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာရှိ စွန့်ပစ်မြေစာပုံတွင် ထွန်းဇော်ဟိန်း မောင်းနှင်သည့် ဘူဒိုဇာမြေထိုးကော်ယာဉ်သည် မြေစာများစွန့်ပစ်ပြီး နောက်သို့ ပြန်ဆုတ်စဉ် ရေမဆေးကျောက်ရှာဖွေနေသူ ဆွေဦးအား ကြိတ်မိပြီး သေဆုံးသွားခဲ့သဖြင့် ယာဉ်မောင်း ထွန်းဇော်ဟိန်းအား လုံးခင်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ငွေကျပ်သိန်းပေါင်း ၁၉၄၈၈ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၉၆၀၀ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရေချမ်းပြင်ဆိပ်ကမ်း၌ ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ကမ်းသို့ သွားမည့် မေယုဘုရင် ဇက်ရေယာဉ်ပေါ်ရှိ မော်တော်ယာဉ် တစ်စီးပေါ်၌ SCG ဆင်တံဆိပ် ဘိလပ်မြေအိတ်များအတွင်းမှ ငွေကျပ်သိန်းပေါင်း ၁၉၄၈၈ သိန်းတန်ဖိုးရှိ WY/R စိတ်ကြွရူးသွပ်ဆေးပြား ၆၄၉၆၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မေယုဘုရင် ဇက်ရေယာဉ်ပေါ်ရှိ မော်တော်ယာဉ်များအား မတ် ၂၄ ရက် ညနေ ၄ နာရီ ၅၅ မိနစ်တွင် ရေချမ်းပြင် ရဲကင်းစခန်းမှူးနှင့်အဖွဲ့၊ ခုတင်ပိုက်ကျေးရွာ အုပ်ချုပ်ရေးမှူးတို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးခဲ့ရာ Skat အမျိုးအစား မော်တော်ယာဉ်ပေါ်၌ တင်ထားသည့် ဘိလပ်မြေအိတ်များအနက် SCG ဆင်တံဆိပ် ဘိလပ်မြေအိတ် တစ်အိတ်အတွင်းမှ ပလတ်စတစ်အကြည်ဖြင့် ထုတ်ထားသည့် မူးယစ်ဆေးဝါးဟု ယူဆရသည့် ဆေးပြားများ တွေ့ရှိခဲ့သည်။

မော်တော်ယာဉ်အား အသေးစိတ်ရှာဖွေရန် ဆောင်ရွက်စဉ် မောင်တောခရိုင် ပညာရေးမှူးရုံးမှ စာရေးအဆင့် ၂ ရှိဦးထွန်းလှ၏သား ယာဉ်ပိုင်ရှင် ကျော်ကျော်လင်းနှင့် မောင်တောမြို့ အမှတ် ၁ ရပ်ကွက်နေ ယာဉ်မောင်း ထွန်းအောင်သိန်း(ခ) မောင်ချေ တို့နှစ်ဦးသည် ထွက်ပြေးသွားသဖြင့် ဆက်စပ်နယ်မြေများသို့ ပိတ်ဆို့ရှာဖွေဖမ်းဆီးရန် အကြောင်းကြားခဲ့ရာ ရသေ့တောင်မြို့နယ် နယ်မြေ ၉ အငူမော်-မောင်တော ကားလမ်းပေါ်၌ ပူးပေါင်းအဖွဲ့သည် ဖြတ်သန်းလာသည့် မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးခဲ့ရာ ထွက်ပြေးသွားသည့် ကျော်ကျော်လင်းနှင့်အတူ စစ်တွေမြို့ ပြည်တော်သာရပ်ကွက်နေ ဦးလှမောင်၏သား နေဇော်မင်းနှင့် ၎င်း၏ဇနီး မောင်တောမြို့နယ် ခမောင်းဆိပ် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ မမြသန္တာတို့ လိုက်ပါလာသည့် 4L /5194 Wish အမျိုးအစား ယာဉ်အား ဖမ်းဆီးရမိခဲ့ပြီး ကျော်ကျော်လင်းထံမှ ငွေကျပ် ၄၂၉၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် Skat အမျိုးအစား မော်တော်ယာဉ်ပေါ်ရှိ SCG ဆင်တံဆိပ် ဘိလပ်မြေအိတ် ၁၇ အိတ်အတွင်းမှ ငွေကျပ်သိန်းပေါင်း ၁၉၄၈၈ သိန်းတန်ဖိုးရှိ ပလတ်စတစ်အိတ်အကြည်ဖြင့် ထုပ်ထားသည့် WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၉၆၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ကျော်ကျော်လင်း၊ နေဇော်မင်းနှင့် မမြသန္တာတို့ သုံးဦးနှင့် ထွက်ပြေးလွတ်မြောက်နေသည့် ထွန်းအောင်သိန်း (ခ) မောင်ချေ တို့အား စစ်တွေမြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မများဖြင့် အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၂၇ -၃-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၅း၃၀ - **(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
- ၆း၃၅ - **တပ်မတော်နေ့ သန္နေတည်ရာအစ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဘဝ**
- ၉း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - ဥပဒေရေးရာအဖြာဖြာ **မောင်အရှေ့ကိုတည့်တည့် လျှောက်ရမယ်တဲ့လား**
- ၁၁း၃၀ - မျက်မှောက်ရေးရာ သုံးသပ်စရာ
- ၁၃း၁၅ - **ဘယ်သူ တာဝန်အရှိဆုံးလဲ**
- ၁၄း၄၀ - Yes or No Talk Show
- ၁၅း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်စင်ခတဲ့နှလုံးသား** (အပိုင်း-၄၇)

**ညပိုင်း**

- ၁၆း၄၀ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (အကယ်ဒမီနေတိုး)
- ၁၇း၄၅ - **AFC Asian Cup UAE 2019 Qualifiers Final Round ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (မြန်မာနှင့် မကာအို)**
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **မူပိုင်ခွင့်အကြောင်း သိကောင်းစရာ (ကုန်အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ)**
- \- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (သစ္စာတည်သော စစ်သူကြီး) (အပိုင်း-၁)
- \- အနုပညာခန်းရိပ်သာ **စာရေးဆရာမ မိချမ်းဝေနှင့် တွေ့ဆုံခြင်း**
- \- နိုင်ငံခြားဇာတ်လမ်းတွဲ **အေးအတူပူအမျှ** (အပိုင်း-၂၉)




## အမျိုးသားလွှတ်တော်သို့လာရောက်လေ့လာနိုင်

လွှတ်တော်ကိုပြည်သူများပိုမိုသိနားလည်စေရေးကိုရည်ရွယ်၍အမျိုးသားလွှတ်တော်သို့လာရောက်လေ့လာကြည့်ရှုလိုသူများကိုဖိတ်ခေါ်အပ်ပါသည်။

ပြန်တမ်းဝင်ရုံးပိတ်ရက်များနှင့် စနေ၊ တနင်္ဂနွေနေ့များမှအပရုံးချိန်အတွင်းအဖွဲ့အစည်းများ၊ ကျောင်းများနှင့် မြန်မာနိုင်ငံဒေသအနှံ့အပြားမှ လူမျိုးဘာသာမရွေးလာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာလိုပါကစာဖြင့်ဖြစ်စေ၊ email ဖြင့်ဖြစ်စေ (၃) ရက်ကြိုတင်၍ လျှောက်ထားစာကိုအမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ ပေးပို့နိုင်ပါသည်။

အမျိုးသားလွှတ်တော်ဆိုင်ရာအကြောင်းအရာများကိုသိရှိလိုပါကအမျိုးသားလွှတ်တော် website www.amyotha.hluttaw.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပေးပို့ရန်လိပ်စာ – ညွှန်ကြားရေးမှူးချုပ်
– အမျိုးသားလွှတ်တော်ရုံး
– amyothahluttaw@gmail.com,
amyothahluttaw.adm.ddg@gmail.com

ဆက်သွယ်ရန်ဖုန်း: – ၀၆၇၅၉၈၁၃၈၀၊ ၀၆၇၅၉၈၁၂၄၀


## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဟောင်ကောင်ဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် မြန်မာ ယူ-၁၅ အသင်း တတိယဆုနှင့် အသန့်ရှင်းဆုံးဆု ရရှိ

**ရန်ကုန် မတ် ၂၆**

ဟောင်ကောင်ဖိတ်ခေါ်ဖလား Jockey Club International Youth (U15) ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင် ယူ-၁၅ အသင်းသည် တတိယဆုနှင့် အသန့်ရှင်းဆုံးအသင်းဆု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာ ယူ-၁၅ အသင်းသည် အိမ်ရှင် ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူ အသင်းတို့နှင့် အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဟောင်ကောင် ယူ-၁၅ အသင်းနှင့် ဂိုးမရှိသရေ၊ မလေးရှား ယူ-၁၅ အသင်းကို ခုနစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး စင်ကာပူ ယူ-၁၅ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားအပြီး ရပ်တည်မှုတွင် တတိယနေရာရခဲ့ကာ အဝါ၊ အနီပြစ်ဒဏ်နည်းခဲ့သောကြောင့် အသန့်ရှင်းဆုံးအသင်းဆုကိုပါ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းအသင်းကို ဂျပန်နိုင်ငံသားနည်းပြ တာကူမူက ကိုင်တွယ်ခဲ့ပြီး အကယ်ဒမီများမှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**



## ဘောလုံးအဖွဲ့ချုပ်ဖိတ်ခေါ်ဖလား ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲများ စတင်ကျင်းပ

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲ အကြိုပွဲစဉ်များကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ MIC Legend အသင်း၊ UM FC အသင်း၊ Dala United အသင်းနှင့် Best Friends အသင်းတို့ နိုင်ပွဲများရယူနိုင်ခဲ့သည်။

ယနေ့ကျင်းပသည့် ပွဲများတွင် MIC Legend အသင်းက မျိုးချစ်လူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ UM အသင်းက မြို့မလုသိတာအသင်းကို ၁၄ ဂိုး-တစ်ဂိုး၊ Dala United အသင်းက VUC Youth အသင်းကို ငါးဂိုး-တစ်ဂိုး၊ Best Friends အသင်းက MMU Exclamation အသင်းကို ၁၂ဂိုး- ၁၀ ဂိုးဖြင့် အနိုင်ရခဲ့သည်။ အကောင်းဆုံးကစားသမားဆုများကို MIC Lengend အသင်းမှ ချိုသဲမောင်၊ UM FC အသင်းမှ သူရ၊ Dala United အသင်းမှ ဖြိုးဝေကို၊ Best Friends အသင်းမှ မျိုးညီညီနိုင်မှ ရရှိခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲများကို မတ် ၂၈ ရက် ဆက်လက်ကျင်းပမည်ဖြစ်ပြီး GV Athletic နှင့် ရွှေခရမ်း၊ RDZ နှင့် Winner၊ ရွှေမြဝတီနှင့် Zombie၊ VUC နှင့် UPT အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

▲ *ကျောဖုံးမှ*

ထို့ကြောင့် မကာအိုနှင့်ပွဲတွင် မြန်မာအသင်းသည် ပြည်တွင်းနည်းပြများဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။ ငါးပွဲစီကစားအပြီးတွင် မြန်မာအသင်းက ငါးမှတ်၊ မကာအိုအသင်းက ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်း ယာယီနည်းပြချုပ် ဦးဇော်ဝင်းထွန်းက "အကောင်းဆုံးကြိုးစားပြီး အနိုင်ရအောင် ယှဉ်ပြိုင်မှာပါ၊ နိုင်ပွဲရဖို့ဆိုတာ ဂိုးသွင်းနိုင်မှဖြစ်တာကြောင့် တိုက်စစ်ပိုင်းကိုလည်း အကောင်းဆုံး ပြင်ဆင်ထားပါတယ်" ဟု ပြောသည်။ မြန်မာအသင်းခေါင်းဆောင် ရန်အောင်ကျော်က "အာရှဖလားခြေစစ်ပွဲမအောင်ခဲ့တဲ့အတွက် ပရိသတ်တွေကို တောင်းပန်ပါတယ်၊ ကျွန်တော်တို့ ညံ့ခဲ့တယ်ဆိုတာလည်း ဝန်ခံပါတယ်၊ မကာအိုနဲ့ နောက်ဆုံးပွဲမှာ အနိုင်ရအောင် ကြိုးစားမှာပါ" ဟု ပြောကြားခဲ့သည်။ မကာအိုအသင်းနည်းပြချုပ် ချန်ဟူမင်က "အသင်းက နိုင်ပွဲမရသေးပေမယ့် တဖြည်းဖြည်းတိုးတက်လာပါတယ်၊ မြန်မာအသင်းကို ပထမအကျော့မှာ ဂိုးပြတ်ရှုံးခဲ့ပေမယ့် အိန္ဒိယနဲ့ ကာဂျစ္စတန်ပွဲမှာ ကစားပုံကောင်းခဲ့ပါတယ်၊ အမှတ်ရအောင် ကြိုးစားမှာပါ"ဟု ပြောခဲ့သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**


### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မရွှေလမင်းအိမ် ၁၂/အစန(နိုင်)၂၀၁၉၁၉ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မရွှေလမင်းအိမ်နှင့်မောင်အောင်ဇော်မျိုး ၇/ပမန(နိုင်)၁၄၀၅၁၄တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်ခြင်းမှုမရှိကြသဖြင့် ၂၀၁၆ခုနှစ်ကတည်းက နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ မရွှေလမင်းအိမ်၏ လူမှုရေး၊ စီးပွားရေးတို့နှင့် ပတ်သက်ပြီးတစ်စုံတစ်ရာ ထိခိုက်နစ်နာစေမည့်မည်သည့်ကိစ္စအရပ်ရပ်မဆို မပြုလုပ်ကြပါရန် တားမြစ်သတိပေးအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသိန်း** တရားလွှတ်တော်ရှေ့နေ(၄၂၉၀)

**ဦးမျိုးမောင်မောင်စိုး** တရားလွှတ်တော်ရှေ့နေ(၁၀၂၈၄)

**ဦးညီညီစိုး** တရားလွှတ်တော်ရှေ့နေ(၉၈၃၂)

**ဦးကြည်သာဟန်** အထက်တန်းရှေ့နေ(၂၈၂၄၈)

**အမှတ် ၅၀၊ အခန်း (A -၁၄)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၂၁၆၈၄၊ ၀၉-၇၃၁၆၁၃၁၈၊ ၀၉-၇၇၁၁၅၃၁၇၁**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ သယ်န်းကျွန်းမြို့နယ်၊ ဆ/တရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ်(၂၂၅)၊ မြေညီထပ်(ခြေရင်း)၊ (၁၁ ½ × ၆၅) အကျယ်ရှိတိုက်ခန်းတခန်း အပါအဝင် ၎င်းအခန်းနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်သူ ဦးစိုးပိုင် (၁၂/သဃက(နိုင်)၁၅၃၇၄၂) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစိတ်တဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ၎င်းအခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ထိုရက်ထက်ကျော်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ဝေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၇၈)**
**၀၉ ၅၁၅၅၃၂၇၊ ၀၉ ၃၈၀၅၂၈၉၁၅**

### အိတ်ဖွင့်တင်ဒါ ဘဏ္ဍာနှစ်ပြင်ဆင်သတ်မှတ်ခြင်း

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့အတွက် ဆေးဝါးကုန်ကြမ်း (၃၂၂) မျိုးအား နိုင်ငံခြားငွေ (Euro)(T/T) System (Telegraphic Transfer System) ဖြင့် ဝယ်ယူ မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ကြောင်း ဖော်ပြခဲ့ရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အစား ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်ဟု ပြောင်းလဲသတ်မှတ်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၂၇၆**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းလှမြို့နယ်၊ ရှမ်းစုကျေးရွာနေ ဦးချစ်များ၏ သမီး ဒေါ်ဝင်းမာနှင့် ဒေါ်ဝင်းဝင်းမာ ၅/ကလန(နိုင်)၀၂၆၄၆၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။**ဒေါ်ဝင်းမာ(ခ)ဒေါ်ဝင်းဝင်းမာ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းလှမြို့နယ်၊ ပိတောက်မြိုင်ရပ်ကွက်နေ ဦးဘရှင်၏သမီး ဒေါ်အေးအေးမြင့်နှင့် ဒေါ်အေးမြင့် ၅/ကလန(နိုင်)၀၂၆၄၆၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးအေးမြင့်(ခ)ဒေါ်အေးမြင့်**

# ရုရှားဈေးဝယ်စင်တာ မီးလောင်မှုကြောင့် သေဆုံးသူ ၆၄ ဦးအထိ မြင့်တက်လာ

**မော်စကို မတ် ၂၆**

ရုရှားနိုင်ငံတောင်ပိုင်း ကီမာရိုဗိုမြို့လယ်ကောင်ရှိ ဈေးဝယ်စင်တာတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက် ၆၄ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ရုရှားအရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

တနင်္ဂနွေနေ့ ညနေပိုင်းတွင် စတင်လောင်ကျွမ်းခဲ့သည့်မီးကို ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်သော်လည်း ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အဆောက်အအုံ၏ အမိုးပြိုကျသွားခဲ့သည့်အတွက် အပေါ်ထပ်သို့ ရောက်ရှိရန် ကြိုးစားနေဆဲဖြစ်ကြောင်း သိရသည်။

ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူက မီးလောင်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၁၁ ဦးကို ဆေးရုံများသို့ ပို့ဆောင်ကာ ကုသခံခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် လူ ၄၀ ကျော်တို့ အရေးပေါ်ဆေးဝါးအကူအညီ လိုအပ်နေကြောင်း ပြောကြားခဲ့သည်။ ရုပ်မြင်သံကြားမှ တွေ့မြင်ရသည့် ပုံရိပ်များတွင် ဈေးဝယ်စင်တာမှ မည်းနက်နေသည့် မီးခိုးလုံးကြီးများ ပေါ်ထွက်လာသည်ကို တွေ့မြင်ရသည်။ ယင်းအဆောက်အအုံ၌ ရုပ်ရှင်ရုံတစ်ရုံရှိပြီး တနင်္ဂနွေနေ့ ညနေခင်းတွင် လာရောက်ကြည့်ရှုသူပရိသတ်များဖြင့် ပြည့်နှက်နေကြောင်း သိရသည်။

အရေးပေါ်ဝန်ကြီးဌာန၏ ပြောပြချက်အရ ကျွမ်းကျင်သူများသည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ လူ ၁၂၀ ခန့်ကို မီးလောင်မှုဖြစ်ပွားပြီးနောက် ဈေးဝယ်စင်တာမှ ကယ်ထုတ်နိုင်ခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။

ဈေးဝယ်စင်တာမီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**







# စစ်ပွဲရင်ဆိုင်ရန် ပြင်ဆင်သွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး ပြောကြား

**ဂျေရုဆလင် မတ် ၂၆**

အီရန်နိုင်ငံက ဆီးရီးယားတွင် စစ်အသုံးအဆောင်ပစ္စည်းများ တည်ဆောက်တပ်ဆင်ခြင်းကို အစ္စရေးက ခွင့်ပြုမည်မဟုတ်ကြောင်း၊ ထို့အပြင် မြောက်ပိုင်းဒေသတွင် ဖြစ်ပွားနိုင်သည့် စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ကိုလုပ်ရမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အဗစ်ဒေါလိုင်ဘာမင်န်က မကြာသေးမီက ပြောခဲ့သည်။

အစ္စရေးနိုင်ငံအနေဖြင့် အီရန်အဏုမြူလက်နက်ပိုင်ဆိုင်ခြင်းနှင့် ဆီးရီးယားတွင် စစ်သုံးအဆောက်အအုံပစ္စည်းများ တည်ဆောက်တပ်ဆင်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း လိုင်ဘာမင်န်က ဂျေရုဆလင်တွင် ကျင်းပသော အစ္စရေးနေ့စဉ်ထုတ်သတင်းစာ ရာဒီယော့ အာရိုနို့မှ ကြီးမှူးကျင်းပသည့် အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

ထို့အပြင် မြောက်ပိုင်းဒေသ ကာကွယ်ရေးဆိုင်ရာတည်ဆောက်မှုကို တိုးမြှင့်ရန်အတွက် နောင်လာမည့် ငါးနှစ်တာကာလအတွင်း အစ္စရေးအစိုးရသည် နှစ်စဉ် အနည်းဆုံး အမေရိကန်ဒေါ်လာ ၂၈၆ သန်းအသုံးပြုမည်ဟု ဆက်လက်ပြောကြားခဲ့သည်။

အီရန်နိုင်ငံက ဆီးရီးယားအစိုးရကို အားပေးအားမြှောက်ပြုခြင်း၊ လက်ဘနွန် ဟစ်ဇ်ဘိုလာပါတီနှင့် ဟားမားစ်အဖွဲ့အစည်းတို့ကို ကူညီထောက်ပံ့ခြင်းဖြင့် အာဏာကြီးထွားလာအောင် လုပ်ဆောင်ပြီး ဒေသတွင်းအခြေအနေ ဆိုးရွားအောင် ပြုနေခြင်းဖြစ်ကြောင်း၊ ထို့အပြင် အီရန်နိုင်ငံအနေဖြင့် ဆီးရီးယားတွင် စစ်အသုံးအဆောင်ပစ္စည်းများ တည်ဆောက်တပ်ဆင်ခြင်းကလည်း အစ္စရေးလုံခြုံရေးအတွက် အန္တရာယ်ဖြစ်စေသည်ဟု အစ္စရေးက စွပ်စွဲပြောဆိုထားသည်။

အရှေ့အလယ်ပိုင်းဒေသလုံခြုံရေးများ အလွန်အားနည်းနေကြောင်း၊ မြောက်ပိုင်းတွင် ဆီးရီးယားနှင့် လက်ဘနွန် ဟစ်ဇ်ဘိုလာ၏ အန္တရာယ်၊ တောင်ပိုင်းတွင် ဂါဇာဒေသတစ်လျှောက်ရှိ ဟားမားစ်အဖွဲ့အစည်းတို့၏ အန္တရာယ်ကို ရင်ဆိုင်ရနိုင်သောကြောင့် နောင်ဖြစ်ပေါ်လာနိုင်သည့် စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန် အလွန်အရေးကြီးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဆော်ဒီအာရေဗျနိုင်ငံအား ဟူသီတို့ ဒုံးကျည်ဖြင့် တိုက်ခိုက်

**ရီယာ့ဒ် မတ် ၂၆**

မတ် ၂၅ ရက်ညပိုင်းက ဆော်ဒီအာရေဗျနိုင်ငံအတွင်းသို့ ဒုံးကျည်ခုနစ်စင်းဖြင့် တိုက်ခိုက်ခဲ့ရာ အဆိုပါဒုံးကျည်များကို တားဆီးနိုင်ခဲ့သော်လည်း လွင့်စဉ်ဒုံးကျည်အပိုင်းအစများကြောင့် တစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆော်ဒီဦးဆောင်ညွန့်ပေါင်းတပ်ဖွဲ့က ပြောခဲ့သည်။

ပစ်ခတ်ခဲ့သော ဒုံးကျည်ခုနစ်စင်းအနက် သုံးစင်းသည် ဆော်ဒီနိုင်ငံမြို့တော်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ကျန်လေးစင်းမှာ ယီမင်နယ်စပ်အနီးရှိ ဆော်ဒီအာရေဗျနိုင်ငံနယ်နိမိတ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်များအားလုံးကို ဆော်ဒီအာရေဗျနိုင်ငံ လေကြောင်းကာကွယ်ရေးတပ်ဖွဲ့က တားဆီးနိုင်ခဲ့သော်လည်း မြို့တော်ရီယာ့ဒ်ကို ပစ်ခတ်ခဲ့သည့် ဒုံးကျည်တစ်စင်းကို တားဆီးဖျက်ဆီးခဲ့ရာ ဒုံးကျည်အပိုင်းအစများက လူနေအိမ်တစ်ခုပေါ်သို့ ကျရောက်ခဲ့ပြီး နေအိမ်အတွင်းရှိ လူတစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ညွန့်ပေါင်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ယီမင် ဟူသီလက်နက်ကိုင်အဖွဲ့အစည်းသည် မတ် ၂၅ ရက် ညပိုင်းက ဆော်ဒီအာရေဗျနိုင်ငံရှိ လေဆိပ်လေးခုအပါအဝင် အခြားပစ်မှတ်များကိုလည်း ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# ရေပြတ်လပ်မှုနှင့် ညစ်ညမ်းမှုကို ပေကျင်း ကိုင်တွယ်ဆောင်ရွက်

**ပေကျင်း မတ် ၂၆**

ပေကျင်းသည် ညစ်ညမ်းနေသည့် မြစ်ရေများနှင့် ကန်များကို ယခုနှစ်ကုန်ပိုင်းလောက်တွင် ရှင်းလင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပေကျင်းရေအရင်းအမြစ်ဆိုင်ရာ အာဏာပိုင်အဖွဲ့က မြို့တွင်း၌ ရေထုညစ်ညမ်းမှုဖြစ်ပွားနေသည့် မြစ် ၁၄၀ ခန့်ရှိပြီး ၎င်းတို့အနက် ၅၇ ခုကို သန့်စင်ရှင်းလင်းပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကျန်ရှိသည့် မြစ်များကို ယခုနှစ်ကုန်လောက်တွင် အပြီးရှင်းလင်းမည်ဟု သိရသည်။

ပေကျင်းသည် ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း ရေဆိုးသန့်စင်စက်ရုံ ၅၀ ခန့်ကို တည်ဆောက်ခဲ့သည်။ မြို့တော်သည် နှစ်စဉ်နှစ်တိုင်း ပြန်လည်သန့်စင်ထားသည့် ရေကုဗမီတာပေါင်း တစ်ဘီလီယံကျော်ကို အသုံးပြုလျက်ရှိသည်။

**ဆင်ဟွာ**

# တောင်တရုတ်ပင်လယ်အတွင်း၌ တရုတ်လေတပ်အင်အားစုများ စစ်ရေးလေ့ကျင့်မှု ပြုလုပ်

**တရုတ် မတ် ၂၆**

တရုတ်လေကြောင်း တပ်ဖွဲ့သည် တောင်တရုတ်ပင်လယ်အတွင်း၌ တိုက်လေယာဉ်များပါဝင်သည့် ပျံသန်းလေ့ကျင့်မှု ဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

လေကြောင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက SU-30 တိုက်ခိုက်ရေးဂျက်လေယာဉ်များ၊ H-6K ဗုံးကြဲလေယာဉ်များနှင့် အခြားလေယာဉ်များသည် အနောက်ပစိဖိတ်ဒေသကို ကျော်ဖြတ်သော စစ်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ရန်အတွက် အိုကီနာဝါကျွန်းနှင့် မီယာကို ကျွန်းတို့အကြားရှိ လေပိုင်နက်တွင် ပုံစံတကျ ပျံသန်းမှုလုပ်ဆောင်ခဲ့ကြောင်း တနင်္ဂနွေနေ့က ကြေညာခဲ့သည်။

တရုတ်နိုင်ငံက လေယာဉ်များ ပုံစံတကျ ဖွဲ့စည်းပျံသန်းမှုကို နိုင်ငံပိုင်စီစီတီဗွီမှ ထုတ်လွှင့်ပြသခဲ့သည်။ လေကြောင်းတပ်ဖွဲ့သည် တရုတ်နိုင်ငံက မကြာသေးမီက ရုရှားမှ ဝယ်ယူခဲ့သည့် Su-35 တိုက်လေယာဉ်များအပါအဝင် တောင်တရုတ်ပင်လယ်အတွင်း၌ သီးခြားစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

စစ်ရေးလေ့ကျင့်မှုကို နိုင်ငံတကာဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြီးခဲ့သည့် သောကြာနေ့က Aegis ဖျက်သင်္ဘောတစ်စင်းသည် တောင်တရုတ်ပင်လယ်အတွင်းရှိ စပရက်လေကျွန်းစုတွင် တရုတ်နိုင်ငံက တည်ဆောက်ထားသည့် လူလုပ်ကျွန်းအနီးတစ်ဝိုက်၌ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့် စစ်ဆင်ရေးတစ်ရပ်ကို ဆောင်ရွက်ခဲ့ကြောင်း အမေရိကန်ရေတပ်မတော်က ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

**နိုင်ငံတကာ သတင်းတိုထွာ**

## လွတ်လပ်စွာ ရေကြောင်းသွားလာခွင့် စစ်ဆင်ရေးကို အမေရိကန်ရေတပ် ဆောင်ရွက်

**ဝါရှင်တန် မတ် ၂၆**

အမေရိကန်ရေတပ်ဖျက်သင်္ဘောသည် တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံကတည်ဆောက်ထားသည့် လူလုပ်ကျွန်းတစ်ကျွန်းနှင့် နီးကပ်လာပြီဖြစ်ကြောင်း သိရသည်။

ရေတပ်မတော်၏ ရည်ရွယ်ချက်မှာ အမေရိကန်ပြည်ထောင်စုသည် မဟာဗျူဟာကျသည့် တောင်တရုတ်ပင်လယ်ရေပိုင်နက်အတွင်း တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုကို အားပေးထောက်ခံခြင်းမပြုကြောင်းပြသရန်ဖြစ်သည်ဟု ယူဆရကြောင်း သိရသည်။

အမေရိကန်ရေတပ် အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားခဲ့ရာတွင် ဖျက်သင်္ဘော မတ်စ်တင်သည် လွတ်လပ်စွာ ရေကြောင်းသွားလာခွင့် လှုပ်ရှားမှုတစ်ရပ်ကို ဆင်နွှဲနေခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းလှုပ်ရှားမှုအတွင်း သင်္ဘောသည် စပရက်လေကျွန်းစု အတွင်းရှိ လူလုပ်ကျွန်း၏ ၁၂ မိုင်ခန့်အကွာအတွင်း ဝင်ရောက်လာခဲ့ကြောင်း ရေတပ်အာဏာပိုင်များက ဖြည့်စွက်ပြောကြားခဲ့သည်။

အမေရိကန်ရေတပ်ရေယာဉ်သည် တရုတ်ရေပိုင်နက်ထဲသို့ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာသည်ဟု စွပ်စွဲခံထားရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## သမ္မတရွေးကောက်ပွဲမတိုင်မီ အီဂျစ်နိုင်ငံ၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

**ကိုင်ရို မတ် ၂၆**

အီဂျစ်နိုင်ငံမြောက်ပိုင်းတွင် ကားဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ လူနှစ်ဦးထက်မနည်းသေဆုံးသွားကြောင်း သိရသည်။ ပေါက်ကွဲမှုသည် သမ္မတရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အလိုတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့က ယင်းပေါက်ကွဲမှုသည် နိုင်ငံ၏ ဒုတိယမြောက်အကြီးဆုံးမြို့ဖြစ်သည့် အလက်ဇန်းဒရီးယား၏လုံခြုံရေးအကြီးအကဲကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းသည့် တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း ယုံကြည်လျက်ရှိသည်။

ပေါက်ကွဲမှုသည် စနေနေ့နံနက်ပိုင်းတွင် လမ်းတစ်လမ်းပေါ်ရှိ ကားရပ်နားသည့်နေရာအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် နှစ်ဦးသေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုကို မည်သူလုပ်ဆောင်ခဲ့ကြောင်း မသိရှိရသေးပေ။ အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့သည် တနင်္လာနေ့မှစတင်၍ သုံးရက်ကျင်းပမည့်ရွေးကောက်ပွဲကို အနှောင့်အယှက်ပေးရန် တိုက်ခိုက်မှုများ လုပ်ဆောင်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အီဂျစ် သမ္မတစီစီအတွက် စိုးရိမ်စရာမလိုတဲ့ရွေးကောက်ပွဲ

**ချူးစန္ဒီမွှေး**

အီဂျစ်သမ္မတ ရွေးကောက်ပွဲမတိုင်မီ နေ့ရက်များမှာတော့ သမ္မတ အဗ္ဗဒယ်ဖက်တက်အယ်စီစီရဲ့ ရုပ်ပုံလွှာဟာ အီဂျစ်နိုင်ငံတစ်လွှားမှာရှိတဲ့ ကြော်ငြာဆိုင်းဘုတ်တွေမှာ နေရာယူထားတာကို တွေ့ရပါတယ်။

**စောင့်ကြည့်နေကြ**

သူ့ရဲ့ပြိုင်ဘက်တွေဟာ ထောင်ထဲမှာ၊ သတင်းမီဒီယာဆိုတာကလည်း သူ့ရဲ့အိတ်ကပ်ထဲမှာ၊ သူ့ရဲ့ တစ်ဦးတည်းသော ပြိုင်ဘက်ကလည်း ပြည်သူတွေက လက်မခံတဲ့သူဖြစ်နေတယ်။ အီဂျစ်ရွေးကောက်ပွဲကို စောင့်ကြည့်တဲ့သူ အများအပြားကတော့ တနင်္လာနေ့မှာစတင်မယ့် မဲပေးပွဲမှာ သမ္မတစီစီရဲ့ နောက်ထပ်စိန်ခေါ်မှု တစ်ရပ်ကို စောင့်ကြည့်နေကြပါတယ်။ သမ္မတအဖြစ် ရှစ်နှစ်သာတာဝန် ထမ်းဆောင်ခွင့်ပေးထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲပစ်နိုင်မလား ဆိုတာကို စောင့်ကြည့်နေကြပါတယ်။

**သတင်းမီဒီယာကို တင်းကျပ်မှုပြုလုပ်ခဲ့**

အဲဒီမှာ ထူးဆန်းတာတစ်ခုကတော့ သမ္မတစီစီဟာ ဘာကြောင့် တစ်စုံတစ်ခုကို ဆုံးရှုံးသွားတဲ့ ပုံပေါက်နေရတာလဲ။ ရွေးကောက်ပွဲနီးကပ်လာလေ အီဂျစ်ခေါင်းဆောင်တွေဟာ စိတ်ထင့်နေတဲ့ပုံပေါက်လာတယ်။ သမ္မတစီစီဟာ အောက်တိုဘာလအတွင်းမှာ သူ့ရဲ့ကာကွယ်ရေးဝန်ကြီးကို ဖြုတ်ပစ်ခဲ့ပြီး ဇန်နဝါရီလအတွင်းမှာတော့ သူ့ရဲ့ထောက်လှမ်းရေးချုပ်ကို ဖြုတ်ပစ်ခဲ့ပါတယ်။ သူ့ရဲ့ မိန့်ခွန်းတွေကို နားထောင်ကြည့်ရင် သူ့ရဲ့ လေသံတွေဟာ ဒေါသထွက်နေတာ၊ ခြိမ်းခြောက်တဲ့ အသံပေါက်နေတာတွေကို တွေ့ရပါတယ်။

သတင်းမီဒီယာအပိုင်းမှာလည်း တင်းကျပ်မှုတွေကို ပြုလုပ်ခဲ့ပြီး အစိုးရဟာ အကြောင်းအရာ ဘာတစ်ခုမှ ရှင်းလင်းပြသခြင်းမရှိဘဲ ဗြိတိန်သတင်းထောက်နှစ်ဦးကို ပြည်နှင်ဒဏ်ပေးခဲ့ပါတယ်။ သမ္မတ စီစီဟာ အရာအားလုံးကို သူ့လက်ထဲမှာပဲ ချုပ်ကိုင်ထားတာပါ။ ဒါဆိုရင် ဘာတွေကိုများ ကြောက်စရာလိုနေသေးလို့ပါလဲ။

**အာဏာတည်မြဲရေးအတွက် အခြေခံအုတ်မြစ်**

ကိုင်ရိုမှာရှိတဲ့ ကျွမ်းကျင်သူတွေ၊ သံတမန်တွေ ပြောကြတာကတော့ အီဂျစ်တပ်ဖွဲ့နဲ့ လုံခြုံရေးအေဂျင်စီတို့ဟာ သမ္မတစီစီရဲ့အာဏာတည်မြဲရေးအတွက် အခြေခံအုတ်မြစ်တွေသာဖြစ်တယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ စပြိုင်းတင်းမာမှုတွေ ပေါ်ပေါက်လာတာကတော့သူ့ရဲ့ဗိုလ်ချုပ်ဟောင်းနှစ်ဦးဟာ သူ့ကို စိန်ခေါ်ဖို့အတွက် ရွေးကောက်ပွဲဝင်ခဲ့လို့ပါပဲ။ ပေါ်ပေါက်လာတဲ့ သူ့ရဲ့ပြိုင်ဘက်နှစ်ဦးကိုမြန်မြန်ဆန်ဆန်ပဲ ရှင်းလင်းလိုက်ပါတယ်။ တစ်ဦးကိုထောင်ထဲပို့ပြီး မကြာ မီမှာပဲ နောက်တစ်ဦးကိုလည်း ထိန်းသိမ်း ထားလိုက်ပါတယ်။

အီဂျစ်နိုင်ငံရဲ့ ခေတ်သစ်ခေါင်းဆောင်ဟာ ရှေးခေတ်ဖာရိုးဘုရင်တစ်ပါးလိုပါပဲ။ အရာအားလုံးကို ထိန်းချုပ်ထားလိုပါတယ်။ အဲဒီလိုမျိုးပုံရိပ်ကို မစ္စတာစီစီက အားပေးပါတယ်။ သမ္မတစီစီလက်ထက်မှာ ဗိုလ်ချုပ်တွေနဲ့ လုံခြုံရေးအရာရှိတွေဟာ နိုင်ငံရေးနဲ့ စီးပွားရေးမှာ အာဏာပိုရလာတယ်။ မီဒီယာလုပ်ငန်းကတော့ ဖိနှိပ်ခံလာရတယ်။ ဒါကြောင့် အနားယူထားတဲ့ ဗိုလ်ချုပ်နှစ်ဦးဟာ ရွေးကောက်ပွဲမှာ ပါဝင်လာတာဟာ အံ့သြဖွယ်ရာတော့ မကောင်းပါဘူး။ ၂၀၁၁ ခုနှစ်ကဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ဖူးသူ လေတပ်ဗိုလ်ချုပ် Ahmed Shafik ဟာ ၂၀၁၂ ခုနှစ်မှာ ရွေးကောက်ပွဲဝင်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ အီဂျစ် တပ်ဖွဲ့ကို ဦးဆောင်ခဲ့တဲ့ Sami Anan ကတော့ ၂၀၁၄ ခုနှစ်က ရွေးကောက်ပွဲကို ကျော်ခိုင်းခဲ့တယ်။ အဲဒီနောက် ၂၀၁၈ ခုနှစ်မှာ ရွေးကောက်ပွဲကို တစ်ဖန်ဝင်ရောက်လာတယ်။ Mr. Shafik ရဲ့ မဲဆွယ်ပွဲမှာ စစ်မှန်တဲ့ ဒီမိုကရေစီနဲ့အခြေခံလူ့အခွင့်အရေးဆိုတာ ပေးအပ်ထားခြင်းမခံရဘူးလို့ ဆိုပါတယ်။ အီဂျစ်တပ်ဖွဲ့ခေါင်းဆောင် Anan ကတော့ နောက်ပိုင်းမှာတပ်ဖွဲ့တွင်းဥပဒေတွေကို ချိုးဖောက်တယ်ဆိုပြီး ထောင်ထဲပို့တာ ခံလိုက်ရပါတယ်။ မစ္စတာ Shafik ကတော့ လူထုရှေ့မှာ ရွေးကောက်ပွဲကနေ တရားဝင်နုတ်ထွက်ကြောင်း မကြေညာမီ ဇိမ်ခံဟိုတယ်တစ်ခုမှာ အထိန်းသိမ်းခံခဲ့ရပါတယ်။ နောက်ထပ် အီဂျစ်တပ်ဖွဲ့နဲ့ ဆက်နွယ်နေတဲ့ ရွေးကောက်ပွဲဝင်တစ်ဦးကတော့ ကာနယ်Ahamed Konsowa ပဲဖြစ်တယ်။ သူဟာလည်း ဒီဇင်ဘာလအတွင်းမှာ တရားစွဲဆိုခံရပြီး ထောင်ဒဏ်ခြောက်နှစ် ချမှတ်ခြင်းခံရတယ်။ ဒီဖြစ်ရပ်တွေကို ကြည့်ရင် သမ္မတစီစီဟာ မကောင်းမှုတွေ ကျူးလွန်နေပြီး အီဂျစ်ဟာခေါင်းဆောင်သစ်တစ်ဦး လိုအပ်နေပြီဖြစ်တယ်လို့ အရှေ့အလယ်ပိုင်းဆိုင်ရာ အီဂျစ်အရေးကျွမ်းကျင်သူ မစ္စတာ ဟော်သရုန်းက ပြောပါတယ်။

**"သုံးသပ်သူအချို့ ပြောကြတာကတော့ သမ္မတစီစီဟာ နောက်ထပ်သက်တမ်းအတွက် သေချာအောင် အာဏာတည်တံ့ခိုင်မြဲရေးကို လုပ်နေတယ်လို့ သုံးသပ်ကြပါတယ်၊ သူ့အနေနဲ့ ဘယ်လိုပဲ နှိပ်ကွပ်မှုတွေလုပ်လုပ် အီဂျစ်နိုင်ငံသားအချို့ကတော့ သူ့ကိုဆက်လက်ထောက်ခံကြဆဲပါပဲ"**

**စည်းဝိုင်းအပြင်ကို တွန်းပို့**

သမ္မတစီစီကတော့ ဘယ်လိုဝေဖန်မှုမျိုးကိုမှလက်မခံပါဘူး။ သူ့ရဲ့ပြိုင်ဘက်တွေအားလုံးကို စည်းဝိုင်းအပြင်ကို တွန်းပို့လိုက်နိုင်ပါတယ်။ တီဗွီအင်တာဗျူးတစ်ခုမှာလည်း ရွေးကောက်ပွဲမှာ ပြိုင်ဘက်မရှိဖြစ်နေတာဟာ သူ့ရဲ့ကံကြမ္မာပဲလို့ ဖြေခဲ့ပါတယ်။ လူထုက ရွေးချယ်နိုင်မယ့် ခေါင်းဆောင်ကောင်းတွေ အများကြီးပေါ်ထွက်လာဖို့ သူ့ဆန္ဒရှိခဲ့တာအမှန်ပါပဲ။ ဘုရားမှာလည်း ကျိန်ဆိုတယ်။ ပြိုင်ဘက်တွေဟာ သူတို့ဘာသာသူတို့အဆင်သင့်မဖြစ်သေးတာကိုတော့သူလည်းမတတ်နိုင်ဘူး။ ဒီအတွက်လည်း ရှက်ရွံ့နေမှာမဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ သမ္မတစီစီဟာ အမေရိကန်သမ္မတ ထရန့်ဆီက ထောက်ခံမှုရထားတာကိုလည်း ကျေနပ်နေပါတယ်။ သူတို့နှစ်ဦးဟာ လွန်ခဲ့တဲ့နှစ်ကပဲအိမ်ဖြူတော်မှာ တွေ့ဆုံခဲ့ကြသေးပါတယ်။ သမ္မတစီစီဟာ ဆိုင်းနိုင်းကျွန်းဆွယ်မှာ အိုင်အက်စ်တွေကို နှိမ်နင်းနိုင်ပြီလို့လည်း ကြေညာထားပါသေးတယ်။

သတင်းမီဒီယာတွေအပေါ် ဖိနှိပ်မှုအပိုင်းကို ကြည့်မယ်ဆိုရင်တော့ အတော်လေးဖိနှိပ်လာတာကို တွေ့ရပါတယ်။ သူ့ရဲ့ ရွေးကောက်ပွဲ ပြိုင်ဘက်တစ်ဦးဖြစ်သူ မစ္စတာ Anan ကို အင်တာဗျူးခဲ့တဲ့ သတင်းထောက်ကို ထောင်ချခဲ့တာကို ကြည့်ရင် သိနိုင်ပါတယ်။ လွန်ခဲ့တဲ့လအတွင်းကပဲ The Times of Landon က သတင်းထောက်တစ်ဦးဖြစ်သူ ဘယ်သရူးကို နယ်နှင်ဒဏ်ပေးခဲ့ပါတယ်။ ဘာကြောင့် နယ်နှင်ဒဏ်ပေးလိုက်ရတာလဲ ဆိုတဲ့ဖြေရှင်းမှုကိုတော့ မရခဲ့ဘူးလို့ သိရပါတယ်။ သုံးသပ်သူအချို့ ပြောကြတာကတော့ သမ္မတစီစီဟာ နောက်ထပ်သက်တမ်းအတွက် သေချာအောင် အာဏာတည်တံ့ ခိုင်မြဲရေးကို လုပ်နေတယ်လို့ သုံးသပ်ကြပါတယ်။ သူ့အနေနဲ့ ဘယ်လိုပဲနှိပ်ကွပ်မှုတွေလုပ်လုပ် အီဂျစ်နိုင်ငံသားအချို့ကတော့ သူ့ကိုဆက်လက်ထောက်ခံကြဆဲပါပဲ။ ဘာလို့လဲဆိုရင် သူဟာအာရပ် နွေဦးလှုပ်ရှားမှုရဲ့ရိုက်ခတ်မှုမှာ နိုင်ငံကိုတည်ငြိမ်အောင် လုပ်နိုင်စွမ်းရှိခဲ့လို့ပါပဲ။ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ စီးပွားရေးတိုးတက်လာတာကိုလည်း တွေ့ရတယ်။ ဒါ့အပြင် သမ္မတ စီစီဟာ အမေရိကန်သမ္မတ အပါအဝင် ဆော်ဒီအိမ်ရှေ့မင်းသားရဲ့ ထောက်ခံမှုတွေရထားတာကိုလည်း တွေ့ရပါတယ်။ ဆော်ဒီအိမ်ရှေ့မင်းသားနဲ့ သမ္မတစီစီတို့ဟာ ယခုလအတွင်းမှာပဲ တွေ့ဆုံထားခဲ့ပါ သေးတယ်။ ဒါ့အပြင် အီဂျစ်ရဲ့ ရန်သူဟောင်းတစ်ဦးဖြစ်တဲ့ အစ္စရေးနဲ့လည်း ဆိုင်းနိုင်းကျွန်းဆွယ်က အိုင်အက်စ်တွေ ကိုနှိမ်နင်းတဲ့အခါ အမြော်အမြင်ရှိရှိ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း သမ္မတစီစီဟာ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်တွေကို ချမှတ်တတ်သူလည်းဖြစ်တယ်။

အခုလိုမျိုး အချက်တွေကို ကြည့်ရင် အီဂျစ်ရွေးကောက်ပွဲမှာ သမ္မတစီစီပဲ အနိုင်ရမှာ သေချာသလောက်ပါပဲ။ သမ္မတစီစီအနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ဘာများစိုးရိမ်စရာ ထပ်ရှိပါသေးလဲ။ သမ္မတစီစီကို လူကြိုက်များနေသေးပြီး မဟာမိတ်တွေရဲ့ ထောက်ခံမှုကလည်းရှိခဲ့ပါသေးတယ်။ ဒါ့အပြင် လှုပ်ခတ်နေတဲ့ တိုင်းပြည်ကို ထိန်းသိမ်းနိုင်ပြီး အိုင်အက်စ်တွေကိုလည်း နှိမ်နင်းနိုင်ခဲ့ပါတယ်။ငွေကြေးဖောင်းပွမှုကတော့ ၂၀၁၇ ခုနှစ်ကုန်ပိုင်းမှာ ၃၃ ရာခိုင်နှုန်းအထိတိုးလာပြီး လတ်တလောမှာတော့ ၁၅ ရာခိုင်နှုန်းဝန်းကျင်မှာသာရှိပါတယ်။ ဒါ့အပြင် အာရပ်နွေဦးလှုပ်ရှားမှုအပြီး တိုင်းပြည်ရဲ့အလုပ်လက်မဲ့ပမာဏဟာလည်း ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေရဲ့ စာတတ်မြောက်မှုနှုန်းကတော့ အမျိုးသားတွေနဲ့ တန်းတူအချိုးမကျသေးပါဘူး။ နိမ့်ကျနေဆဲပါပဲ။ သမ္မတစီစီကပဲ နိုင်ငံကို အမြဲဦးဆောင်တော့မှာလား၊ တခြားသူကို လွှဲမပေးတော့ဘူးလားဆိုတာ မသိရသေးပေမယ့် အခုကျင်းပမယ့် ရွေးကောက်ပွဲကတော့ သမ္မတစီစီအတွက်ဖန်တီးထားတဲ့ ရွေးကောက်ပွဲလိုပါပဲ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**



# မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အကြီးဆုံး၊ အကျယ်ဆုံး သမိုင်းဝင်ဇရပ်ကြီး

မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာပီပီ ရှေးကတည်းက လှည်းခေတ်၊ လှေခေတ်တွင် ခရီးသွားများနားနေရန် ဇရပ်၊ တန်ဆောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထိုကဲ့သို့ ဇရပ်ဆောက်လုပ်လှူခဲ့ရာတွင် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခုက္ကူ-ဂန့်ဂေါသွားကားလမ်း ၂၉ မိုင်အကွာ လက်ဝဲဘက်တွင် အောင်နန်းရွာရှိသည်။ အောင်နန်းရွာမှာ အိမ်ခြေ ၁၈၀ ခန့် လူဦးရေ ၂၀၀၀ ကျော်နေထိုင်သော ရွာကြီးဖြစ်သည်။ အောင်နန်းရွာအမည်တွင်သည်မှာ ၁၀ နှစ်ခန့်သာ ရှိသေးသည် ဆို၏။ ယခင်က ရွာငယ်၊ ချောင်းဆုံငယ်အမည်များဖြင့် ထင်ရှားခဲ့သည်။



အောင်နန်းရွာမှာ ပုဂံခေတ်ကတည်းက တည်ရှိခဲ့သည်။ အောင်နန်းရွာတွင် ပုဂံခေတ်၊ ကုန်းဘောင်ခေတ်က ဘုရားစေတီများ ယခုထက်တိုင်အဆူ ၇၀ ကျော်ခန့်ရှိသေးသည်။ ထိုဘုရားစေတီများထဲတွင် ကုန်းဘောင်ခေတ် နံရံဆေးရေး ပန်းချီကားများ ယခုထက်တိုင် ထင်ထင်ရှားရှား ရှိနေသေးသည်။ အောင်နန်းရွာမှာ ဖဆပလ ခေတ်က ပခန်းကြီး မြောက်ဘက်တွင် အကြွယ်ဝဆုံး၊ အချမ်းသာဆုံး၊ သူဌေးသူကြွယ်များ အများဆုံးနေထိုင်ခဲ့သော ရွာကြီးဖြစ်သည်။ ဘုန်းကြီးကျောင်း ၁၁ ကျောင်းရှိခဲ့သည်။

အောင်နန်းရွာမှာ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်က အလံနီနှင့် ဖဆပလတို့ တိုက်ပွဲဖြစ်ပွားရာ တစ်နေ့တည်း လူ ၉၉ ဦးသေဆုံးပြီး တစ်ရွာလုံး မီးလောင်ပြာကျခဲ့သည်။ တစ်ရွာလုံးမီးလောင်ပြာကျပြီး လူများသေဆုံးခဲ့သဖြင့် ရွာမှာ မနေဘဲ ရွာစွန့်ထွက်ပြေးခဲ့ကြရသည်။ ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းလည်း မီးထဲပါသွားခဲ့သည်။ နောင်နှစ်ပေါင်းများစွာ အကြာ၌ လူစု၍ ပြန်လည်တည်ထောင်ခဲ့သော ရွာကြီးဖြစ်ပြီး ရဟန်းပညာရှိ၊ လူပညာရှိများ ထွက်ပေါ်ခဲ့သည်။

ရေစကြို ဦးချင်းချောင်း၏ ပထမဦးစီးပဓာန နာယက ဆရာတော် ရှင်ဝရသံဗောဓိမှာ အောင်နန်းရွာဇာတိဖြစ်သည်။ ဆရာတော် ဦးဝရသံဗောဓိမှာ ရေစကြိုစာချနည်း၊ ပခုက္ကူစာချနည်းများကို စတင်သင်ကြားခဲ့သော ဆရာတော်ဖြစ်သည်။ ဆရာတော်သည် ကဗျာ၊ စကားပြေဖြင့် ကျမ်းပေါင်း ၃၄ ကျမ်းပြုစုခဲ့သော ရဟန်းပညာရှိဖြစ်သည်။

အောင်နန်းရွာမှ မြန်မာနိုင်ငံတွင် အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆု၊ ပခုက္ကူ ဦးအုန်းဖေစာပေဆု၊ အာဆီယံစာပေဆု စာပေဆု ၂၀ အထိ အများဆုံးရရှိခဲ့သော ဦးတင်မြင့် (ခ) ဦးနေမျိုးသန့်မှာလည်း အောင်နန်းရွာဇာတိဖြစ်သည်။ ထို့ကြောင့် အောင်နန်းရွာသည် ရဟန်းပညာရှိ၊ လူပညာရှိများ ထွက်ပေါ်ခဲ့သည့် သမိုင်းဝင်ရွာဖြစ်သည်။

အောင်နန်းရွာအဝင်တွင် ရှေးဟောင်းသမိုင်းဝင် ဖိုးပြောင်ဇရပ်ကြီးတစ်ဆောင်ရှိသည်။ ဖိုးပြောင်ဇရပ်မှာ (၈ × ၆) ပင်၊ ၄၈ တိုင်၊ ၇ ပတ်လည်၊ အလျား ၅၈ ပေ၊ အနံ ပေ ၅၀၊ အခန်း ၃၅ ခန်းရှိ ဇရပ်ကြီးဖြစ်သည်။ ဇရပ်အောက်ခြေတွင် လေးပေခန့် အမြင့်ရှိပြီး သိုး၊ ဆိတ်များနားနေနိုင်ကာ အလယ်တွင် လှည်းလှည့်ထွက်နိုင်ရန် တည်ဆောက်ထားသည်။ ဇရပ်ကြီးဘေး လေးဘက်လေးတန်တွင် နွားလှည်းများ ရပ်နားထားနိုင်သည်။ ဇရပ်အနီးတွင် ရေကန်တစ်ကန်လည်း တူးထားသည်။ ခရီးသွားများ လူ ၂၀၀ ကျော်အထိ နားနေနိုင်သော ဇရပ်ကြီးဖြစ်သည်။ အမြင့်မှာ ၂၅ ပေကျော်ရှိသည်။ ရှေးက ဇရပ်ပေါ်တွင် ခရီးသွားများ သနပ်ခါးလိမ်းရန် ကျောက်ပျဉ်နှင့် သနပ်ခါးတုံးများ ထားပေးခဲ့သည်ဟု သိရသည်။

ထိုဇရပ်ကြီး၏ဒကာမှာ အောင်နန်းရွာမှ ဖိုးပြောင်ဆိုသူဖြစ်သည်။ ဇရပ်တကာ ဖိုးပြောင်သည် အောင်နန်းရွာမှ ရှင်ဝရသံဗောဓိအား ရဟန်းခံပေးခဲ့သော ရဟန်းတကာ ဖြစ်သည်။ ထို့ကြောင့် ဖိုးပြောင်ဇရပ်သည် သမိုင်းဝင်ဇရပ်ကြီး ဖြစ်သည်။

ယနေ့ထက်တိုင် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အောင်နန်းရွာရှိ ဖိုးပြောင်ဇရပ်ကြီးမှာ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော အကြီးဆုံး၊ အကျယ်ဆုံးနှင့် နှစ်ပေါင်း ၂၀၀ ခန့်ရှိ သမိုင်းဝင်ဇရပ်ကြီးတစ်ဆောင်ဖြစ်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။

**တင်လှိုင် (မိတ္ထီလာ)**

## မန္တလေးမဟာသင်္ကြန်ပွဲတော် ဖျော်ဖြေမည့် ကျောင်းသူလေးများ ကကွက်စစ်ဆေး

**မန္တလေး မတ် ၂၆**

၁၃၇၉ခုနှစ် မန္တလေးမြို့တော်ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲများ၌ ပါဝင်ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူလေးများအား စုပေါင်း ကကွက်စစ်ဆေးခြင်းကို မတ် ၂၄ရက်က မန္တလေးမြို့တော်ခန်းမ၌ ပြုလုပ်သည်။

ထိုသို့ စုပေါင်းကကွက်စစ်ဆေးရာ၌ ဒေါ်ထိပ်တင်နှင်း၊ ဒေါ်သန္တာချို၊ ဒေါ်မိုးသီတာစမ်းအေးတို့ ဦးဆောင်သည့် အကနည်းပြများက မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများနှင့်အတူ သင်္ကြန်တေးသီချင်း၊ ကကွက်များကို စုပေါင်းကပြမှုတို့ကို စစ်ဆေးခဲ့ကြသည်။

အဆိုပါ ကကွက်များကို မတ် ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ရက်များ၌ ဆရာမများနှင့် ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးခဲ့ပြီး ၎င်းတို့မှ ပါဝင်ကပြကြမည့် ကျောင်းသူများကို တစ်ဆင့်ပြန်လည်သင်ကြားပြသ၍ မတ် ၂၄ ရက်က စုပေါင်းကကွက်စစ်ဆေးခဲ့ကာ ဧပြီ ၃ ရက်၌ အခြေခံပညာကျောင်း ၁၁ ကျောင်းမှ ပါဝင်မည့် ကျောင်းသူ ၅၀၀ တို့နှင့်အတူ အကတိုက်လေ့ကျင့်မှုကို မြို့တော်ခန်းမ၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**ပြင်ဆင်ဖတ်ရှုပါရန်**

မတ် ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ တွင်ပါရှိသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ထူးချွန်သည့် ကျောင်းသားများကို ပထမဆုံးအကြိမ် ပညာသင်ဆုကြေးချီးမြှင့် သတင်းတွင် ကော်လံ ၂ ၏ ပထမစာကြောင်းတွင် တရုတ်နိုင်ငံ စိုက်ပျိုးရေးဌာနနိုင်ငံအဆင့် စိုက်ပျိုးရေးသုတေသနစင်တာမှ Mr.Hu Jun အစား Yuntianhua Group ၏ အထွေထွေမန်နေဂျာ Mr.Hu Jun ဟု ပြင်ဆင်ဖတ်ရှုပါရန်

**(စာတည်းအဖွဲ့)**

## သာယာဝတီမြို့ဟောင်း မြို့ရိုးနှင့် ကျုံးတည်ရှိရာနေရာကို ယဉ်ကျေးမှုအမွေအနှစ်နယ်မြေဇုန်အဖြစ် သတ်မှတ်

**ကြို့ပင်ကောက် မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ အရှေ့ဘက် ရှစ်မိုင်ခန့်အကွာရှိ မြို့ရိုးဟောင်းများ၊ ဘုရားပုထိုးများ တည်ရှိရာ မြို့တွင်းကျေးရွာဝန်းကျင်နယ်မြေကို သာယာဝတီ မြို့ဟောင်းယဉ်ကျေးမှုအမွေအနှစ် နယ်မြေဇုန်အဖြစ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သတ်မှတ်ခဲ့သည်။



ကြို့ပင်ကောက်မြို့နယ်အတွင်း သာယာဝတီမြို့ဟောင်းနှင့် သက်ဆိုင်သော နေရာများမှာ သာယာဝတီမြို့ဟောင်း၏ မြို့ရိုးဝန်းကျင်နေရာများ၊ မြို့တွင်းကျေးရွာဝန်းကျင်နေရာများ၊ ရန်အောင်မြင် (ကျစ္စဘုရား)ဝန်းကျင်နေရာများ၊ သခ်ရိုင်ဝန်းကျင်နေရာများ ဟူ၍ရှိရာ မြို့တွင်းကျေးရွာအနီးရှိ မြို့ရိုးဟောင်းနှင့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့်သက်ဆိုင်သော နေရာများကို ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ခင် ဦးဆောင်သောအဖွဲ့က ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဇုန်အဖြစ် သတ်မှတ်၍ မတ် ၂၃ ရက်က သတိပေးဆိုင်းဘုတ်များ စိုက်ထူ၍ သတ်မှတ်ပေးခဲ့ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ နန်းဦးစေတီဂေါပကအဖွဲ့နှင့် မြို့တွင်း ကျေးရွာသူကျေးရွာသားများက ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

## သီတဂူမေတ္တာ စက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသ

**သံတွဲ မတ် ၂၆**

သံတွဲမြို့နယ် နန်းချောင်းကျေးရွာရှိ သီတဂူမေတ္တာ စက္ခုဒါနဆေးရုံတော်တွင် မျက်စိဝေဒနာရှင်များအား မတ် ၂၀ ရက်မှစ၍ ကြိုတင်အမည်စာရင်းပေးသွင်းကောက်ယူကာ မတ် ၂၃ ရက်မှ ၂၇ ရက်အထိ စတင်ပြီး အခမဲ့ကုသပေးလျက်ရှိသည်။

မျက်စိကုသရန်အတွက် အနယ်နယ်အရပ်ရပ်မှ ကုသမှုခံယူမည့် မျက်စိဝေဒနာရှင် ၁၀၀၀ ခန့်ရှိသည့်အနက် ခွဲစိတ်ကုသရန်လိုအပ်သည့်လူနာ ၁၀၀ ခန့်ရှိပြီး လူနာ ၂၀ မှာ ခွဲစိတ်ကုသအောင်မြင်ခဲ့ကြောင်း မျက်စိအခမဲ့ကုသမှုကူညီပေးရေးတာဝန်ခံ ဒုဥက္ကဋ္ဌ ဦးခင်မောင်ဝင်းထံမှ သိရသည်။

အဆိုပါ အခမဲ့မျက်စိကုသခြင်းကို သီတဂူသာသနာပြုအဖွဲ့နှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ UEHRD၊ MEDI MYANMAR GROUP LTD နှင့် ဝိသာခါဖောင်ဒေးရှင်းတို့မှ ကူညီပံ့ပိုးခဲ့ခြင်းဖြစ်ပြီး မျက်စိ ပါရဂူ ဦးမြအောင်နှင့် အဖွဲ့ဝင်ဆရာဝန် ၁၉ ဦးတို့ ပါဝင်ကုသပေးခဲ့ကြောင်း သိရသည်။

**နေမျိုးအောင် (ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**သုံးခွ မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကဒပွကျေးရွာအုပ်စု အရှေ့တံခွန်တိုင်ကျေးရွာလမ်းဘေးတွင် မတ် ၂၄ ရက်က ဆိုင်ကယ်စီးနင်းသူ၊ မောင်းနှင်သူများအား အမှတ် ၆၁ ယာဉ်ထိန်းခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ် စန်းလွင်က သင်္ကြန်ကာလအတွင်း အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း၊ အသံဆူညံမှုဖြစ်စေသော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်း မပြုလုပ်ရန်နှင့် အခြားသတ်မှတ်စည်းကမ်းချက်များ ဖောက်ဖျက်ကျူးလွန်သူများအား စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

## ခင်ဦးမြို့နယ်၌ သောက်သုံးရေရှားပါးသော ကျေးရွာများသို့ ရေများပေးဝေလှူဒါန်း

**ခင်ဦး မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ထနောင်းကိုင်းကြီးကျေးရွာအုပ်စုရှိ လူဦးရေ ၅၀၀ ကျော်နေထိုင်သော အိမ်ခြေ ၉၀ ခန့်ရှိ ရွှေလှူးအိုင်ကျေးရွာ၌ နှစ်စဉ်နွေရာသီကာလ၌ အပူချိန်မြင့်မားမှုကြောင့် ရေတွင်း၊ ရေကန်များ ခန်းခြောက်သဖြင့် သောက်သုံးရေရှားပါး၍ အခက်အခဲဖြစ်နေကြောင်း သိရသည်။

အဆိုပါကျေးရွာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်၏ ဦးဆောင်မှုဖြင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းနိုင်၊ ကုန်းကြီးရဲကင်းစခန်းမှူး ရဲအုပ် အောင်ဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဂါလန် ၁၆၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် မတ် ၂၄ ရက်က သောက်သုံးရေ ပေးဝေလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ရွှေကိုမလို ရေကိုသာလိုသည်" ဟု တောင်းဆိုနေသော ထနောင်းကိုင်းကြီးကျေးရွာ၊ ရွှေမင်းဂံကျေးရွာ၊ ရွှေပေါ်ကျွန်းကျေးရွာ၊ တမာတင်ကျောတောတိုက်ကျေးရွာများတွင် သောက်သုံးရေရှားပါးမှုကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ နွေရာသီကာလတွင် ရေရှားပါးမှုအခက်အခဲများ ကြုံတွေ့နေရသည်မှာ နှစ်ပေါင်း ၃၀ ကျော်ရှိပြီဖြစ်ကြောင်းနှင့် သောက်သုံးရေ ရရှိဖို့ရာ နှစ်မိုင်ခန့်ဝေးကွာနေသော ရေတွင်း၌ ရေစည်နွားလှည်းဖြင့် ခက်ခက်ခဲခဲသွားခပ်နေရကြောင်း၊ ယခုလို ရေပေးဝေလှူဒါန်းမှုကြောင့် ရွာသူရွာသားများမှ ဝမ်းသာပီတိဖြစ်၍ ကျေးဇူးတင်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

**ချစ်စံ (ခင်ဦး)**



# ဘူမိပထဝီဝင် ပုပ္ပား



## မောင်သာ(ရှေးဟောင်းသုတေသန)

မျက်မှောက်ခေတ် နိုင်ငံတကာ၌ ကမ္ဘာကြီးပူနွေးလာခြင်း အပါအဝင် ဘေးဒုက္ခ အန္တရာယ်များ လျော့ပါးလာစေရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အမျိုးသားဥယျာဉ်များ ထူထောင်ခြင်းသည်လည်း အပါအဝင်ဖြစ်သည်။

သဘာဝ တောတောင် ရေမြေနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါများသည့် မြန်မာနိုင်ငံရှိ ပုပ္ပားတောင်ဝန်းကျင်တွင် အမျိုးသားအဆင့် ဘူမိပထဝီဝင်ဥယျာဉ်(Geo Park) ပေါ်ထွန်းလာရေးကို မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူး၍ ကြိုးပမ်းလျက်ရှိနေသည်။ ယင်းသို့ ထူထောင်နိုင်ခြင်းဖြင့် ပုပ္ပားတောင်၏ ရေမြေသစ်တော၊ သဘာဝ သယံဇာတနှင့် သက်ရှိသတ္တဝါမျိုးစုံမျိုးကွဲများ ဆက်စပ်ရှင်သန်နေမှု၊ ပညာပေးမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း အတွင်းရေးမှူး ဘူမိဗေဒပညာရှင် ဦးသန်းထွန်းက Geo Park ကို 'အမိကမ္ဘာစခန်းသာ' ဟု မြန်မာမှုပြုခဲ့သည်။

မြန်မာနိုင်ငံအတွင်း ဘူမိပထဝီဝင် ဥယျာဉ်များကို ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီတောင်၊ ပူတာအို၊ ဟူးကောင်းတောင်ကြားနှင့် အင်းတော်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တွင်းတောင်၊ ရှမ်းပြည်နယ်ရှိ ပင်းတယလိုဏ်ဂူနှင့် အင်းလေးကန်၊ ကရင်ပြည်နယ်ရှိ ဇွဲကပင်တောင်၊ တနင်္သာရီတိုင်းဒေသကြီးရှိ လန်ပိကျွန်းနှင့် မန္တလေးတိုင်းဒေသကြီးရှိ ပုပ္ပားတောင်တို့၌ ဆောင်ရွက်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ပုပ္ပားတောင်ကို ဦးစွာရွေးချယ်ခဲ့သည်။

### ရာဇဝင်ထဲမှ ပုပ္ပား

ပုပ္ပားတောင်သည် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ပဲခူးရိုးမ၏ မြောက်ဘက်အစွန်းတွင် တည်ရှိကာ ပုဂံမှ အရှေ့တောင်ဘက်သို့ ၃၁ မိုင်နှင့် ဧရာဝတီမြစ်မှ ၃၇ မိုင် ကွာဝေးသည်။ မြေပုံအညွှန်းအရ ပုပ္ပားတောင်၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၅၂ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ဖြစ်သည်။

မီးတောင်ဟောင်းတစ်ခုဖြစ်သော ပုပ္ပားတောင်သည် ရာဇဝင်များအရ ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ များစွာထင်ရှားခဲ့သည်။ မြန်မာလူမျိုးများ၏ အိမ်တိုင်းနီးပါး၌ မြင်တွေ့ကြရသည့် အိမ်တွင်း မင်းမဟာဂီရိ နတ်မောင်နှမ ပျော်စံသည့်နေရာ၊ လောကီအစီအရင်ပုဂ္ဂိုလ်များ ထွက်ရပ်ပေါက်ခဲ့သည့် နေရာအဖြစ် ထင်ရှားသည့် ပုပ္ပားတောင်နယ်မြေသည် မြန်မာနိုင်ငံ အလယ်ပိုင်း ခြောက်သွေ့သောဒေသမှ စိမ်းလန်းစိုပြည်နေသည့် ဒေသတစ်ခု ဖြစ်သည်။

မြန်မာရာဇဝင်ကျမ်းများ အဆိုအရ အေဒီ ၉၀၄ ခုနှစ်တွင် ပုဂံဘုရင် သေဉ်လည်ကြောင်မင်းသည် တကောင်းမှ မျောလာသော စကားပင်ကြီးကို ပန်းပဲမောင်တင့်တယ် နတ်မောင်နှမ အရုပ်များထု၍ ပုပ္ပားတွင်ထားရှိကာ ပြည်သူများအား ကိုးကွယ်စေခဲ့ကြောင်း အစဉ်အဆက် ယုံကြည်ခဲ့ကြသည်။ ပုဂံမင်းများသည် ပျူမင်းထီးမင်း လက်ထက်မှစ၍ ပုပ္ပား တောင်တက်ပွဲများကို နှစ်စဉ်ပြုလုပ်ခဲ့ပြီး ပုပ္ပားကို မြင့်မြတ်သောတောင်ဟု အသိအမှတ်ပြုခဲ့ကြသည်။

ပုဂံခေတ်မှစ၍ မြန်မာတို့၏ နတ်ကိုးကွယ်မှုသည် ထုံးတမ်းတစ်ခုဖြစ်ခဲ့ကာ မင်းမဟာဂီရိသည် မြန်မာရိုးရာ နတ်ယုံကြည်မှုသမိုင်းတွင် အစောဆုံးသော ပြည်တွင်းနတ်တစ်ပါး ဖြစ်ခဲ့သည်။ မြန်မာနန်းတွင်း၌ မင်းမဟာဂီရိနတ်ကို ရတနာပုံခေတ်တိုင်အောင် ကိုးကွယ်ခဲ့ကြဟန်ရှိကာ တစ်နှစ်တစ်ကြိမ် နတ်မောင်နှမကို ဖူးမြော်ကြသည်ဟု ဆိုသည်။ ပုဂံ အနော်ရထာဘုရင်လက်ထက်၌ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားကျယ်ပြန့်လာသည့်တိုင် နတ်ကိုးကွယ်မှုသည် ပပျောက်သွားခြင်းမရှိဘဲ ယနေ့တိုင် မြန်မာတို့ အိမ်တိုင်းနီးပါး၌ အိမ်တွင်းမင်းမဟာဂီရိနတ်ကို ထားရှိကိုးကွယ်နေကြဆဲဖြစ်သည်။ ထို့အတူ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်စသည့် ထွက်ရပ်ပေါက်သော လူပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍လည်း ပုပ္ပားတောင်သည် အလွန်ထင်ရှားခဲ့ပေသည်။

### မျက်မြင်ပုပ္ပား

ပုပ္ပားတောင်တွင် တောင်မကြီးနှင့် တောင်ကလပ်ဟု နှစ်ပိုင်းရှိပြီး အနောက်ဘက်သို့ ဆင်ခြေလျှောနိမ့်ဆင်းသွားသော ပုပ္ပားတောင်ကလပ်ကို ပုပ္ပားတောင်မကြီး ပေါက်ကွဲရာမှ ပွဲထွက်သွားသည့် အစိတ်အပိုင်းတစ်ခုဟု ယူဆကြသကဲ့သို့ မီးတောင်လည်တိုင်ဟု ယူဆမှုများလည်း ရှိခဲ့သည်။ ပုပ္ပားတောင်မကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၉၈၁ ပေ မြင့်ပြီး ဆယ့်ကိုးယုတ် ငါးထောင် (၅၀၀၀ တွင် ၁၉ လျော့) ဟု မှတ်သားခဲ့ကြသည်။ ပုပ္ပါးတောင်ကလပ်သည် ၂၄၁၇ ပေသာ မြင့်သော်လည်း မတ်စောက်ပြီး ကလပ်ပုံ ဖြစ်နေသည့်အတွက် တောင်ကလပ်ဟု အမည်တွင်ခဲ့သည်။

ပုပ္ပားတောင်ကလပ်တွင် စေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအပြင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ နတ်ရုပ်၊ နတ်နန်းများရှိနေပြီး ပုပ္ပားသို့ လာရောက်ကြသူများသည် တောင်ကလပ်ခြေရင်းမှ တောင်ထိပ်အထိ စောင်းတန်းလှေကားအတိုင်း တပျော်တပါး တက်ရောက်လေ့ရှိကြသည်။ ရသေ့ကြီးဦးခန္တီ ပြုလုပ်ခဲ့သည့် တောင်ကလပ်စောင်းတန်းတွင် အထစ်ပေါင်း ၇၇၇ ထစ်ရှိသည်ဟု ဆိုကြသော်လည်း ယခုအခါတွင် စောင်းတန်းအဆုံးအထိ ၇၉၂ ထစ်ရှိပြီး စောင်းတန်းအဆုံးမှ တောင်ကလပ်သို့ လှေကားထစ် ၄၃ ထစ် ထပ်မံတက်ရကြောင်း ရေတွက်ကြည့်နိုင်ကြပေသည်။

> "မှန်နန်းရာဇဝင် အင်္ဂလိပ်ဘာသာပြန်(၁၉၂၃ ခုနှစ်)တွင် ဧရာဝတီမြစ်၏ အလယ်ပိုင်းဝန်းကျင်၌ ကျယ်လောင်သော အသံကြီးမြည်လျက် မြေငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ဖိုးဥမောင်အရပ်တွင် ရေအိုင်ကြီးတစ်ခု ပေါ်ထွန်းလာခဲ့ကြောင်း၊ စမုံ၊ စမြိတ် မြစ်နှစ်စင်း စီးဆင်းလာကြောင်း၊ ပုပ္ပားတောင်သည် မြေမှထွက်လာကြောင်းနှင့် သရေခေတ္တရာ ပတ်ဝန်းကျင်မှ ပင်လယ် ခမ်းခြောက်သွားကြောင်း ရေးသားခဲ့သည်"

### ဘူမိပထဝီဝင် ပုပ္ပား

ဘူမိဗေဒပညာရှင်များက ပုပ္ပားတောင်သည် လွန်ခဲ့သောအနှစ် ၁၅ သန်းက ပေါ်ထွန်းခဲ့သည်ဟု တွက်ချက်ခဲ့ကြသည်။ ပုပ္ပားတောင်၏ ကန်တော့ပုံသဏ္ဌာန် မီးတောင်ဝသည် မြောက်ဘက်တွင် အနောက်ဘက်သို့ အနည်းငယ်နိမ့်နေသောကြောင့် အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် မြင့်နေသည်ဟု ထင်ရသည်။ ထို့ကြောင့် ပုပ္ပားတောင်ကို အနောက်ဘက်မှကြည့်လျှင် တောင်ထွတ်နှစ်ခုကို မြင်ရ၍ မြောက်ဘက်မှကြည့်လျှင် တောင်ထွတ်တစ်ခုကိုသာ မြင်တွေ့ရသည်။ ပုပ္ပားတောင်ကို စပါးပုံတောင်၊ ရေတွင်းတောင်၊ မောင်းတောင်၊ ငုတ်တိုတောင်၊ လပို့တောင်၊ မှန်တောင်၊ ဆေးပွင့်တောင်၊ စိန်တောင်၊ မာလာတောင်၊ ကင်ပွန်းတောင် စသည့် တောင်စွယ်များက ဝန်းရံထားသည်။

ပညာရှင်များက ပုပ္ပားတောင်သည် လွန်ခဲ့သော နှစ် ၂၅၀၀၀၀ က မီးတောင်ရှင်တစ်ခုဖြစ်ခဲ့သည်ဟု ယူဆကြပြီး မီးတောင်ပေါက်ကွဲပြီးနောက်တွင် ပုပ္ပားတောင်မကြီးသည် မီးတောင်သေတစ်ခုအဖြစ် ကျန်ရှိခဲ့သည်။ မီးတောင်သေထိပ်ဝသည် တစ်မိုင်ကျယ်၍ ပေ ၂၆၅၀ နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီးတစ်ခုအဖြစ် တည်ရှိနေကာ ချုံမတွင်းချောက်ဟု ခေါ်ကြသည်။ မီးတောင်ပေါက်ကွဲခဲ့စဉ်က လွင့်စဉ်ခဲ့သည့် ချော်ရည်များသည် ပုပ္ပားတောင်မကြီး၏ မြောက်ဘက် ၁၀ စတုရန်းမိုင်အထိ ဖုံးလွှမ်းခဲ့ပြီး ချော်တုံးအပိုင်းအစများကို ယနေ့တိုင် မြင်နိုင်ကြသည်။

ပုပ္ပားတောင်ဒေသသည် မြန်မာနိုင်ငံ ကျောက်ခေတ်ဦး အညာသားယဉ်ကျေးမှု(Anyathian Culture) ထွန်းကားခဲ့သည့် ချောက်၊ ရေနံချောင်း၊ ညောင်ဦးစသော ဒေသများနှင့် တစ်ဆက်တစ်စပ်တည်း ရှိနေသောကြောင့် ကျောက်ကြမ်းခေတ်လူသားများနေထိုင်ခဲ့သည့် ဒေသတစ်ခု ဖြစ်နိုင်ဖွယ်ရှိပေသည်။ လွန်ခဲ့သော နှစ်တစ်သန်းက ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းသည် ပုပ္ပားတောင်နေရာဖြစ်နိုင်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ခန့်မှန်းခဲ့သည်။

အမေရိကန် ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာ မိုးဗီးယပ်စ်(Movius)သည် ဆီလီကာကြွယ်ဝသော မီးတောင်ကျောက်ဖြင့်ပြုလုပ်ထားသည့် ကျောက်လက်နက်များကို ပုပ္ပားတောင်ခြေ ဆယ်ပေါက်ရွာမှ ရရှိခဲ့ဖူးသည့်အတွက် ပုပ္ပားဒေသတွင် ကျောက်ခေတ်လူသားများ နေထိုင်မှုများရှိခဲ့ကြောင်း ရေးသားခဲ့သည်။ ပုပ္ပားဒေသတွင် မီးတောင်ကျောက်များ ပေါများခဲ့သဖြင့် ရှေးဦးလူသားများသည် ထိုကျောက်များဖြင့် လက်နက်များ ပြုလုပ်ခဲ့ကြသည်။ ထို့အတူ ပုပ္ပားဝန်းကျင်ဒေသများမှ ဆင်ခေါင်း၊ ဆင်အံများ အပါအဝင် ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိခဲ့သည်။

ကျောက်ခေတ်ယဉ်ကျေးမှု ထွန်းကားစပြုချိန်တွင် လူသားများသည် နေကိုလည်းကောင်း၊ မီးကိုလည်းကောင်း၊ တောင်ကိုလည်းကောင်း ကြောက်ရွံ့ခဲ့ကြသဖြင့် ပုပ္ပားတောင်ကို အားထားကိုးကွယ်ရာတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြဟန်ရှိခဲ့သည်။ ဘာသာစကား ပေါ်ပေါက်လာချိန်တွင် မြေလတ်ပိုင်း လွင်ပြင်ကျယ်တွင် ထီးထီးမားမားတည်ရှိနေသော တောင်ကြီးကို မဟာဂီရိ(ကြီးမားသောတောင်)ဟူသော ပါဠိဝေါဟာရဖြင့် ခေါ်ဆိုရာမှ မင်းမဟာဂီရိဇာတ်လမ်း ပေါ်ထွန်းခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။

မှန်နန်းရာဇဝင် အင်္ဂလိပ်ဘာသာပြန်(၁၉၂၃ ခုနှစ်)တွင် ဧရာဝတီမြစ်၏ အလယ်ပိုင်းဝန်းကျင်၌ ကျယ်လောင်သော အသံကြီးမြည်လျက် မြေငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ဖိုးဥမောင်အရပ်တွင် ရေအိုင်ကြီးတစ်ခု ပေါ်ထွန်းလာခဲ့ကြောင်း၊ စမုံ၊ စမြိတ် မြစ်နှစ်စင်း စီးဆင်းလာကြောင်း၊ ပုပ္ပားတောင်သည် မြေမှထွက်လာကြောင်းနှင့် သရေခေတ္တရာ ပတ်ဝန်းကျင်မှ ပင်လယ် ခန်းခြောက်သွားကြောင်း ရေးသားခဲ့သည်။ မြို့ပြနိုင်ငံများ ထွန်းကားလာချိန်တွင် ပျူမြို့ပြနိုင်ငံများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် ပုပ္ပားတောင်နှင့် အလှမ်းဝေးကွာသည့် နေရာဒေသများတွင် ပေါ်ထွန်းခဲ့သော်လည်း ပျူသမိုင်းမှတ်တမ်းများတွင် ပုပ္ပားတောင်သည် တိမ်မြုပ်နေခဲ့သည်။ ပျူမြို့ပြများပျက်သုဉ်းပြီး ပုဂံ ပေါ်ထွန်းလာချိန်တွင်မှ ပုပ္ပားသည် အလွန်အရေးပါသော နေရာတစ်ခုဖြစ်ဟန်ရှိခဲ့ကာ မြန်မာ့သမိုင်းစာအုပ်များတွင် ပုပ္ပားတောင်ကို ပုဂံနှင့်ဆက်နွှယ်လျက် ရေးသားကြသော်လည်း ပုဂံကျောက်စာများတွင် ပုပ္ပားနှင့်ဆက်နွှယ်သည့် အကြောင်းအရာများ ရေးထိုးထားခြင်းကို မတွေ့ရှိရသေးပါချေ။

### ပုပ္ပား ဘူမိပထဝီဝင်ဥယျာဉ်

ပုပ္ပားသည် အပန်းဖြေ ခရီးသွားများအပြင် ရှေးဟောင်းသုတေသန၊ ဘူမိဗေဒ၊ သမိုင်း၊ ရုက္ခဗေဒ၊ သစ်တော အစရှိသည့် ပညာရပ်ဆိုင်ရာ သုတေသီများ စိတ်ဝင်စားကြသည့် နယ်မြေတစ်ခုဖြစ်သည်။ ဘူမိဗေဒဆိုင်ရာ ကျောက်ဖွဲ့စည်းပုံကို လေ့လာကြသူများ၊ မျောက်၊ ငှက်၊ လိပ်ပြာစသည့် ဇီဝမျိုးစိတ်များကို သုတေသနပြုကြသူများ၊ ပရဆေးပင်များနှင့် သစ်ခွ အပါအဝင် အပင်မျိုးစိတ်များကို လေ့လာ သုတေသနပြုသူများသည် ပုပ္ပားသို့ လာရောက်ကြမြဲဖြစ်သည်။

ပုပ္ပားတောင်အနီးတွင် ၁၉၈၃ ခုနှစ်က တည်ထောင်ခဲ့သည့် ၄၉ ဒသမ ၆၃ စတုရန်းမိုင် ကျယ်ဝန်းသော ပုပ္ပားတောင်ဥယျာဉ်၌ ဆေးဖက်ဝင်အပင်ပေါင်း ၃၅၀ ကျော် စိုက်ပျိုးထားသည်။ ပုပ္ပားဒေသတွင် ဒေသခံငှက်မျိုးစိတ် ၇၀ ကျော် အပါအဝင် ငှက်မျိုးစိတ် ၁၃၀ ကျော်၊ မျောက်နှင့် တောကြောင်အပါအဝင် နို့တိုက်သတ္တဝါ မျိုးစိတ် ၁၀ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၀၀၊ ငှက်မျိုးစိတ် ၁၇၅ မျိုး၊ ပရဆေးပင်ပေါင်း ၃၆၀၊ သစ်ခွ ၈၄ မျိုးရှိပြီး ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် ဈေ့၊ မြန်မာဗီလုံးနှင့် နဖားကြူးငှက်များကို တွေ့ရှိနိုင်သည်။

ပုပ္ပားတောင်ဝန်းကျင်တွင် မျောက်၊ တောဝက်၊ ဂျီနှင့် စိုင်များ ကျက်စားနေထိုင်ကြသည်။ ပုပ္ပားတောင်မတွင် မျောက်ညိုနှင့် မျောက်မျက်ကွင်းဖြူများ ကျက်စားလျက်ရှိကာ ယင်းတို့သည် မျိုးစိတ်မတူညီကြသော်လည်း မျောက်ညိုများက ရွက်ကြမ်းများကိုစား၍ မျောက်မျက်ကွင်းဖြူများက ရွက်နုများကို စားကြသဖြင့် အတူတကွ နေထိုင်နိုင်ကြသည်။ ယင်းတို့ကို တောင်တွင်းချောင်စခန်းမှ မှန်ပြောင်းဖြင့် စောင့်ဆိုင်းကြည့်ရှုနိုင်သည်။ ပုပ္ပားဒေသတွင် အမဲလိုက်ခြင်းကို တားမြစ်ထားသဖြင့် တောနေသတ္တဝါများသည် ဘေးကင်းစွာ ရှင်သန်နေကြကာ ကောင်းမွန်သော ဂေဟစနစ်ကို မြင်တွေ့ကြရပေသည်။

ပုပ္ပားမီးတောင်ဝ၏ အလယ်မြေပြန့်နေရာတွင် သစ်တောဦးစီးဌာန ပုပ္ပားတောင်ဥယျာဉ် တောင်တွင်းချောင်စခန်းရုံးရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၈၀၀ ရှိသည့် မီးတောင်အနက်ဆုံးနေရာသို့ ယင်းနေရာမှ သွားရောက်နိုင်သည်။ မီးတောင်အောက်ဆုံးချိုင့်အတွင်းမှ မှန်ပြတောင်၊ စပါးပုံတောင်၊ နွားလပိုတောင်နှင့်ဆေးမွှန်တောင်တို့ကို မြင်ရသည့်အနက် ၄၉၈၁ ပေမြင့်သည့် မှန်ပြတောင်သည် အမြင့်ဆုံးဖြစ်သည်။

ပုပ္ပားတောင်တည်ရှိသည့် ကျောက်ပန်းတောင်းမြို့နယ်သည် အရှေ့ဘက်တွင် မိတ္ထီလာမြို့နယ်နှင့် မလှိုင်မြို့နယ်၊ အနောက်ဘက်တွင် ညောင်ဦးမြို့နယ်နှင့် ချောက်မြို့နယ်၊ တောင်ဘက်တွင် နတ်မောက်မြို့နယ်နှင့် မြောက်ဘက်တွင် တောင်သာမြို့နယ်များနှင့် ထိစပ်နေသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ပုပ္ပားသို့ ဒေသအသီးသီးမှ လွယ်ကူချောမွေ့စွာ သွားရောက်နိုင်ပေသည်။

ပုပ္ပားသည် ပညာရပ်ဆိုင်ရာနယ်မြေနှင့် ခရီးသွားနယ်မြေတစ်ခုအဖြစ် ပြည်တွင်းပြည်ပ၌ ထင်ရှားခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ပုပ္ပားတောင်ဝန်းကျင်တွင် အမျိုးသားအဆင့် ဘူမိပထဝီဝင်ဥယျာဉ်(Popa Geo Park)ကိုသာ ထူထောင်နိုင်မည်ဆိုပါက ပုပ္ပားတောင်ဒေသ၏ သဘာဝရေမြေကို ထိန်းသိမ်းလျက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)**
**(၂) ပုပ္ပားတောင် အမိကမ္ဘာစခန်းသာ**(MGS)



# စစ်ရှောင်ပြည်သူများအတွက် ကြက်ခြေနီရန်ပုံငွေ ဈေးရောင်းပွဲတော် ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်လျက်ရှိ

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူး၍ စစ်ဘေးရှောင်ပြည်သူများအတွက် ရန်ပုံငွေ ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပရန် ရန်ကုန် တိုင်းဒေသကြီးအစိုးရထံ တင်ပြထားပြီး ကမ္ဘာ့ကြက်ခြေနီနေ့မတိုင်မီ ကျင်းပသွားမည်ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက မတ် ၂၂ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ ဈေးရောင်းပွဲတွင် အနုပညာရှင်များ၏ ဂီတဖျော်ဖြေပွဲများ၊ မျက်လှည့်ပြပွဲ၊ ဖက်ရှင်သရုပ်ပြ အစီအစဉ်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များထံမှ အလှူကုန်၊ ဈေးနှုန်းသက်သာသည့် အဝတ်အထည်များ၊ လူသုံးကုန်များ၊ မြစ်ကြီးနားဒေသထွက် ပယင်းကျောက်နှင့် ပယင်းထည်ပစ္စည်းများ၊ စစ်ဘေးရှောင်ပြည်သူများ၏ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အနုပညာရှင်များမှ လာရောက်လှူဒါန်းသော ပစ္စည်းများကို ရောင်းချကာ ရရှိသည့်ငွေကြေးများကို စစ်ဘေးရှောင်ပြည်သူများထံသို့ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက ပြောကြားသည်။

နိုင်ငံတကာရှိ အမျိုးသားကြက်ခြေနီအသင်းများနည်းတူ လူမှုကရုဏာလုပ်ငန်းများကို ယခုဈေးရောင်းပွဲမှ ရငွေများဖြင့် ပါဝင်အားဖြည့် လုပ်ဆောင်သွားနိုင်ရန် ကျင်းပခြင်းဖြစ်ကာ လှူဒါန်းလိုသူများအနေဖြင့်လည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက် နိုင်ငံတော်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် ၎င်းတို့၏ ရပ်ရွာများတွင် အိမ်ထောင်စုများ ပြန်လည်အခြေချ နေထိုင်နိုင်ရေးအတွက်လည်း ဈေးရောင်းပွဲတော်မှ ရငွေများဖြင့် အားဖြည့်ကူညီသွားမည်ဟု သိရသည်။

မြန်မာနိုင်ငံတစ်ဝှမ်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြီးကြပ်ကော်မတီ ၁၇ ခု အောက်ရှိ မြို့နယ်များတွင် မြန်မာနိုင်ငံ အမျိုးသားကြက်ခြေနီအသင်းခွဲပေါင်း ၃၃၀ ရှိပြီး စေတနာရှင် ကြက်ခြေနီအသင်းဝင် ငါးသောင်းခန့်နှင့် ရာသက်ပန် ကြက်ခြေနီ အသင်းဝင် နှစ်သိန်းကျော်ရှိသည်။ တက္ကသိုလ်အဆင့် ကြက်ခြေနီအသင်းပေါင်း ၁၀၀ ကျော်အပြင် အခြေခံပညာကျောင်းအဆင့်တွင် အသင်းခွဲငယ်များလည်း ရှိနေပြီး ယခုဈေးရောင်းပွဲမှ အသိအမြင်များရရှိကာ နောက်ပိုင်းတွင် မြို့နယ်အသင်းများတွင်လည်း ဈေးရောင်းပွဲများကျင်းပနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် လုပ်ငန်းတာဝန် ၆ ရပ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဘေးရန်ကင်းကွာ သတင်းစကားပြောကြားခြင်းတွင် လူ ၅၀၀၀ ကျော်နှင့် ပျောက်ဆုံးကွဲကွာ ကလေး ၁၀၀ ကျော်အား မိသားစုနှင့် ဆက်သွယ်ပေးနိုင်ခဲ့ကာ ဘေးဒုက္ခအတွင်း၊ အပြင် Hot Line ဖုန်းနံပါတ် ထားရှိ၍လည်း ကူညီဆောင်ရွက်ပေးနေသည်။

ထို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတကာ ကြက်ခြေနီအသင်းများဖြစ်သည့် IFRC, ICRC တို့နှင့်ပူးပေါင်း၍ ပဋိပက္ခလုပ်ငန်းများသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးခြင်း၊ အကျဉ်းထောင်များမှ အကျဉ်းသားများ မိသားစုနှင့် ဆက်သွယ်နိုင်ရေး ကူညီပေးခြင်း၊ သဘာဝဘေးကျရောက်ရာ ဒေသများသို့ သွားရောက်ကူညီခြင်း၊ ကျန်းမာရေးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

သာမန်အချိန်တွင်လည်း ရှေးဦးသူနာပြုလုပ်ငန်းများ၊ လူနာတင်ယာဉ်ဖြင့် လူနာ



ပို့ဆောင်ပေးခြင်း၊ သွေးလှူဒါန်းခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေး တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဒုက္ခသည်စခန်းများသို့လည်း လိုအပ်သည့်အရာများကို ဘေးဒုက္ခစီမံခန့်ခွဲမှု စံနှုန်းများအတိုင်း ဖြည့်ဆည်းကူညီပေးလျက်ရှိသည်။

**သန့်ဇင်ဝင်း**

# သထုံမြို့နယ်၌ ရွာလုံးကျွတ် စုပေါင်းရဟန်းခံ ရှင်ပြု မင်္ဂလာပွဲ ရိုးရာမပျက်ကျင်းပ



**သထုံ မတ် ၂၆**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလား အလယ်ရွာ အလယ်ရွာတိုက်ကျောင်း၌ ပအိုဝ်းတိုင်းရင်းသားများ စုပေါင်းကာ ဘုရားအနေကဇာတင်ပွဲနှင့် စုပေါင်း ရဟန်းခံ ရှင်ပြုပွဲကို ဆင်မြင်းအစုံဖြင့် ရွာလုံးကျွတ် စည်ကားသိုက်မြိုက်စွာ ပါဝင်၍ မတ် ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ကျေးရွာလုံးကျွတ် စုပေါင်း ရဟန်းခံ ရှင်ပြုပွဲကို မတ် ၂၄ ရက်က ကျင်းပခဲ့ပြီး နံနက် တစ်ကြိမ် ညနေ တစ်ကြိမ် ကျေးရွာအတွင်း ရိုးရာမပျက် စီတန်းလှည့်လည်ခဲ့ကြသည်။ ယခုလို စုပေါင်း ရဟန်းခံ ရှင်ပြု အလှူအတန်းပြုလုပ်ခြင်းသည် ပအိုဝ်းတိုင်းရင်းသားများ၏ ရှေးအစဉ်အလာ တိုင်းရင်းသားရိုးရာအမွေအနှစ်များကို မပျောက်ပျက်စေဘဲ ဘာသာသာသနာကို ကိုင်းရှိုင်းသော ပအိုဝ်းတိုင်းရင်းသားများ စုပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း စုပေါင်းရှင်ပြုပွဲကို ဦးဆောင်သူ ခွန်စံဝင်းက ပြောသည်။

"ရွာရဲ့ စုပေါင်း ရဟန်းခံရှင်ပြုပွဲကို သုံးနှစ်တစ်ကြိမ် စုပေါင်းလုပ်တယ်၊ ခုဆို ခြောက်ကြိမ်မြောက်ပါ။ ရှင်ပြုပွဲဖြစ်မြောက်ဖို့အတွက် ရွာသားတွေအားလုံး အစည်းအဝေးခေါ်ပြီး အားလုံး သဘောတူညီချက်အရ လုပ်တာပါ၊ ပအိုဝ်းတိုင်းရင်းသားများရဲ့ ရိုးရာအမွေအနှစ်တွေလည်း မပျောက်ပျက်အောင် လှည့်လည်တဲ့နေရာမှာ ရိုးရာဝတ်စုံကိုပဲ ဝတ်ဆင်ပြီး ဆင်၊ မြင်းအစုံနဲ့ လှည့်ပါတယ်၊ အဝေးမှာ အလုပ်လုပ်နေကြတဲ့ ဆွေမျိုးတွေလည်း ဒီလိုပွဲမျိုးတွေရှိမှ ပြန်လာပြီး အလှူလုပ်ကြတာဆိုတော့ မိသားစုတွေ ဆွေမျိုးတွေ ဆုံတဲ့ပွဲတစ်ခုလို့ ပြောလို့လည်း ရပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

နောင်ကုလားအလယ်ရွာနေ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ခွန်သိန်းဖေကလည်း "ဒီအလှူပွဲ ကျင်းပနိုင်တဲ့အတွက် ဝမ်းသာမိပါတယ်၊ ဆရာတော်ကြီး ဦးကေသဝက ဦးစီးပြီး ရွာသူ ရွာသားတွေရဲ့ စည်းလုံးမှုနဲ့ ယဉ်ကျေးမှုမပျက် ပြုလုပ်တဲ့ပွဲတစ်ခုဖြစ်ခဲ့ပြီး အနီးအနား ကျေးရွာတွေက ပအိုဝ်းတိုင်းရင်းသားတွေအပြင် ရပ်ဝေးက ပအိုဝ်းတိုင်းရင်းသားတွေပါ စုပေါင်းပါဝင်ကြတဲ့အတွက် ပအိုဝ်းတိုင်းရင်းသားတွေရဲ့ ညီညွတ်မှုလည်းဖြစ်ပါတယ်၊ ဒီပွဲမှာ သာသနာ့ဘောင်ကို ဝင်ချင်တဲ့ ကျေးရွာက ဘယ်သူမဆို အယုတ်အလတ် အမြတ်မရွေး ပါဝင်ခွင့်ရပါတယ်" ဟု ပြောသည်။

စုပေါင်း ရဟန်းခံ ရှင်ပြုပွဲတွင် ရဟန်းလောင်း အပါး ၃၀၊ ရှင်လောင်း ၂၅ ပါး ပါဝင်ခဲ့ပြီး အလှူပွဲတွင် ဆင်ကိုးကောင်နှင့် မြင်း ၂၅ ကောင်ဖြင့် စီတန်းလှည့်လည်ခဲ့ကြကာ အဆိုပါ ကျေးရွာလုံးကျွတ် စုပေါင်း ရဟန်းခံ ရှင်ပြုပွဲသည် နောင်ကုလားကျေးရွာမှ ပအိုဝ်းတိုင်းရင်းသားများ၏ ကြီးမားသော အလှူပွဲကြီးတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

**ခွန်(ဝင်းပ)**

# အမှိုက်သိမ်းယာဉ်တစ်စီး ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၂၆**

(၇၃) နှစ်မြောက်တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့်အမှတ် - ၁ တပ်မတော်စစ်ဆေးရုံကြီး ခုတင် - ၁၀၀၀ (ရန်ကုန်)တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ)(ငြိမ်း) ဗိုလ်မှူးကြီး တင့်ဝေ (ငြိမ်း) က မတ် ၂၅ရက် မွန်းလွဲ ၃ နာရီတွင် အဆိုပါဆေးရုံကြီး၌ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ စစ်သံမှူး (ကြည်း၊ ရေ၊ လေ)(ငြိမ်း) ဗိုလ်မှူးကြီးတင့်ဝေ (ငြိမ်း) ဇနီး ဒေါ်နွယ်နီဝင်း၊ သား ကိုကောင်းမင်းခန့် (MD Asia Central Link Co;Ltd)၊ မြေး မမြတ်နိုးသီရိခန့် မိသားစုက (၇၃) နှစ်မြောက် တပ်မတော် နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်းနှင့် သုံးဘီး အမှိုက်သိမ်းယာဉ်၏ တန်းဖိုးမှာ ငွေကျပ် သိန်း ၃၀ ဖြစ်ကြောင်း သိရသည်။

အမှတ် - ၁ တပ်မတော် စစ်ဆေးရုံကြီး ခုတင် - ၁၀၀၀ (ရန်ကုန်) တပ်မှူး ဗိုလ်မှူးချုပ် စောလွင်က အဆိုပါ အမှိုက်သိမ်းယာဉ်လှူဒါန်းသည့်အတွက် ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးတွင် များစွာ အထောက်အကူရရှိကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်ကိုယ်ပွား)**

# တပ်ကုန်းရွာ၌ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မော်လိုက် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရန်ပုံငွေဖြင့် တပ်ကုန်းကျေးရွာမှ ပြည်သူများအတွက် ဆောင်ရွက်ပေးခဲ့သော ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၂၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ယုနှင့် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်လွင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဟန်မင်းဆွေက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ရေစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး သောက်သုံးရေ ဖြန့်ဝေပေးနေမှု အခြေအနေကို လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါ တပ်ကုန်းကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန VDP စီမံကိန်းမှ ထောက်ပံ့ငွေ ကျပ် ၁၀ သန်းနှင့် ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ပစ္စည်း ထည့်ဝင်ငွေ ကျပ် ၇ ဒသမ ၄၅ သန်းတို့ဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးရွာအတွင်းရှိ ကုန်းကြီးရပ်၊ တောင်ကုန်းရပ်နှင့် ဇီးကုန်းရပ်တို့တွင် ရေစင်များ၊ ရေလှောင်အုတ်ကန်များ၊ ရေစက်ရုံ၊ အရှည် ၁၄၇၀၃ ပေရှိ ရေပိုက်လိုင်းများနှင့် အများသုံးရေတိုင် ၄၈ တိုင်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခင်က ချင်းတွင်းမြစ်ရေနှင့် ကျေးရွာတွင်းရှိ လက်တူးတွင်း သုံး၊ လေးတွင်းကိုသာ အားထားအသုံးပြုခဲ့ကြရသည့် ကျေးရွာနေပြည်သူများအနေဖြင့် ယခုအခါ သောက်သုံးရေ လုံလောက်စွာရရှိနေပြီဖြစ်၍ များစွာအဆင်ပြေလျက်ရှိကြောင်း တပ်ကုန်းကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းက ပြောသည်။

**မော်လိုက်သားလေး**

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# ခရမ်းချဉ်သီးဈေးကျ၍ ရေတာရှည်မြို့နယ်အတွင်းမှ စိုက်ပျိုးသူများ အရှုံးပေါ်နေ

**ရေတာရှည် မတ် ၂၆**

စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းချဉ်ကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဒေသအနှံ့အပြား၌ စိုက်ပျိုးလျက်ရှိကြရာ ယခု သီးနှံဖြိုင်ဖြိုင်ပေါ်ချိန်တွင် ဈေးနှုန်းများ ကျဆင်းနေသဖြင့် ဝယ်ယူစားသုံးသူများအနေဖြင့် ပေါပေါများများ ဝယ်ယူနိုင်ကြ၍ အဆင်ပြေကြသော်လည်း စိုက်ပျိုးသူများအနေဖြင့် ထွန်ယက်စိုက်ပျိုးစရိတ်၊ မျိုးဝယ်သည့်အဖိုးအခပင် ပြန်မရဘဲ အရှုံးပေါ်နေကြကြောင်း သိရသည်။

"ဈေးမှာဖောက်သည်ပေးရင် တစ်ပိဿာမှ တစ်ရာ၊ ရွာတွေကို လှည့်ရောင်းရင် သုံးပိဿာကို ကျပ် ၅၀၀ ပဲ ရောင်းရတယ်၊ ရှုံးတာမှ တအားပါပဲ၊ ဒီရာသီက အလှူတွေပေါတော့ အဝင်နေ့မှာ လာသမျှလူတွေကိုကျွေးဖို့ ပိဿာချိန် ရာနဲ့ချီရောင်းရလို့တော်သေးတယ်"ဟု စစ်တောင်းမြစ်ကမ်းအနီးတွင် ရေတင်၍ ခရမ်းချဉ်စိုက်ပျိုးခဲ့သော တောင်သူတစ်ဦးက ပြောသည်။ ရေတာရှည်မြို့နယ်အတွင်း ဒေသတိုင်းလိုလိုတွင် ယာသီးနှံများဖြစ်သော ဂေါ်ဖီ၊ ခရမ်းချဉ်၊ ငရုတ်များကို စိုက်ပျိုးကြရာ ယခုအချိန်တွင် ခရမ်းချဉ်သီးများ ပြိုင်တူပေါ်လာသည့်အတွက် ဝယ်လိုအားထက် ရောင်းလိုအားက ပိုများနေ၍ ဈေးနှုန်းများကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မင်းကင်း မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့တွင် ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားကာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်သူသူလွင်က တီဘီရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တီဘီရောဂါနှိမ်နင်းရေးဌာနမှ မြို့နယ်ကျန်းမာရေးမှူး အဆင့်-၁ ဦးကျန်ထိုက်မိုးက တီဘီရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများကို အသေးစိတ် ရှင်းလင်းပြီးနောက် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ မြို့နယ်စီမံချက်အရာရှိ ဒေါ်ခင်မာဖြိုးက သုံးလပတ် လုပ်ငန်းဆောင်ရွက်ရန်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ဘားအံမြို့တော်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလို



ကရင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဘားအံမြို့တော် စည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဘားအံ မြို့တွင်းမြို့ပြင်နှင့် မြို့အဝင်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ ဘားအံကမ်းနားလမ်းတစ်လျှောက်တွင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်းနှင့် ကန်သာယာညစျေးဖွင့်လှစ်ခြင်း၊ မြို့ပြစျေးများ ခေတ်မီသန့်ရှင်း သပ်ရပ်စေရေးအတွက် အမှိုက်သိမ်းစနစ်နှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်ချက်များကြောင့် ဖွံ့ဖြိုးတိုးတက်လာသော ဘားအံမြို့သို့ ပြည်တွင်းပြည်ပ ခရီးသွား ဝင်ရောက်လည်ပတ်မှုများ၊ ရောင်းဝယ်ဖောက်ကားမှုများ တိုးတက်များပြားလာကာ ယာဉ်ဝင်ထွက်မှုမှာလည်း များပြားလာရာ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကောင်းမွန်ပြီး အန္တရာယ်ကင်းရှင်းရေးအတွက် အစိုးရ၊ ဌာနဆိုင်ရာ၊ လုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများ တက်ညီလက်ညီဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည့် တာဝန်များလည်း ရှိလာသည်။

ဘားအံမြို့ မြို့မစျေးကြီးပတ်ဝန်းကျင်မှ လမ်းများတွင် ကျေးရွာများမှ စျေးဝယ်များ၏ယာဉ်များ စည်းကမ်းချိုးဖောက်ရပ်နားခြင်း မရှိစေရေးအတွက် ကား၊ ဆိုင်ကယ် ပါကင်နေရာများ စီစဉ်ပေးထားရန် လိုအပ်နေသေးကြောင်း သိရသည်။ မြို့တွင်းရှိ အခြားစီးပွားရေးဆိုင်ရာ လုပ်ငန်းအချို့တွင်လည်း ကားပါကင်နေရာများ စနစ်တကျ စီစဉ်ပေးထားရန် လိုအပ်ချက်ရှိနေသည်။ ထိုသို့ဖြစ်ရခြင်းမှာ လုပ်ငန်းများ လာရောက်လျှောက်ထားစဉ်ကပင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ စည်းကမ်းရှိစွာ စနစ်တကျ ရပ်တန့်နိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုတင်စိစစ်၍ စီစဉ်ဆောင်ရွက်မှု မရှိခဲ့ခြင်းကြောင့်ဖြစ်ရာ မြို့တော်သာယာလှပရေးနှင့် ယာဉ်/လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်နှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေခြင်းဖြစ်သည်။

"ဘားအံ မြို့မစျေးကြီးနဲ့ စျေးအနီးပတ်ဝန်းကျင်က သစ္စာလမ်း၊ စျေးတန်းလမ်း၊ သီတာလမ်းနဲ့ မြေတံတားလမ်းတွေမှာ စျေးဆိုင်တွေကများတော့ လူသွားလူလာများပြီး ရောင်းဝယ်ဖောက်ကားမှု စျေးကွက်အချက်အချာလည်းဖြစ်တော့ ယာဉ်တွေလည်း တအားများတယ်။ စည်းမဲ့ကမ်းမဲ့ ယာဉ်ရပ်ထားတာတွေလည်း နေ့စဉ်နဲ့အမျှ တွေ့နေရတယ်၊ ဘားအံမြို့ကြီး တိုးတက်နေပေမယ့် စည်းကမ်းမလိုက်နာတဲ့ လူအချို့ကြောင့် မြို့တော်အကျည်းတန်မှာ စိုးပါတယ်၊ အထူးသဖြင့် စျေးတန်းလမ်းနဲ့ မြို့လယ်မီးပွိုင့်အနီး ရောဝတီဘဏ်နားကစလို့ လမ်းတစ်လျှောက်မှာ ကားပါကင်မရှိတော့ ယာဉ်တွေကို ဖြစ်သလို ရပ်ရတယ်၊ နေ့စဉ်နဲ့အမျှ ယာဉ်တွေကို စည်းကမ်းမဲ့ရပ်ထားတာတွေ အမြဲတွေ့ရပါတယ်၊ လုပ်ငန်းရှင်တွေဘက်ကလည်း ကား၊ ဆိုင်ကယ်ပါကင်နေရာတွေ စီစဉ်ပေးသင့်ပါတယ်၊ တာဝန်ရှိဌာနကလည်း လုပ်ငန်းတွေလျှောက်စဉ်ကတည်းက စိစစ်ပြီးမှ ခွင့်ပြုသင့်ပါတယ်၊ ယာဉ်/လမ်း အန္တရာယ် ကင်းရှင်းစေရေးအတွက် ပြည်သူရော၊ အစိုးရဌာနတွေရော၊ အရပ်ဘက်အဖွဲ့အစည်းတွေပါ အားလုံးမှာ တာဝန်ရှိတယ်လို့ ထင်ပါတယ်"ဟု ဘားအံမြို့ခံတစ်ဦးဖြစ်သူ ကိုနိုင်နိုင်ဦးက ပြောသည်။

ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များ တိုးတက်အောင်မြင်လာခြင်းအကျိုးကြောင့် ယခုအခါ ဘားအံမြို့၌ စီးပွားရေးလုပ်ငန်းများလည်း ပိုမိုဖြစ်ထွန်းလာကာ ဒေသနေပြည်သူများအနေဖြင့် ကူးသန်းသွားလာရေးတွင်လည်းကောင်း၊ ကုန်စည်ပို့ဆောင် သယ်ယူရေးတွင်လည်းကောင်း ကားနှင့်ဆိုင်ကယ်များကို ယခင်နှစ်များထက် အဆများစွာ ပိုမိုအသုံးပြုလာကြသည်ကိုလည်း မြင်တွေ့လာရသည်။

ထိုသို့ ယာဉ်အသုံးပြုမှု များလာခြင်းကြောင့် ယာဉ်မတော်တဆမှုများလည်း မကြာခဏ ဖြစ်ပွားလာကာ သေဆုံး/ဒဏ်ရာရရှိမှု ဖြစ်စဉ်များလည်း သိသိသာသာ မြင့်တက်လာသည်။ ကရင်ပြည်နယ်အတွင်း၌ ၂၀၁၇ ခုနှစ်ထဲတွင် ယာဉ်တိုက်မှုပေါင်း ၄၈၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၆၈ ဦး၊ ဒဏ်ရာရသူ ၈၂၉ ဦးရှိခဲ့ကြောင်း၊ ယခု ၂၀၁၈ ခုနှစ်တွင် မတ်လအထိ ယာဉ်မတော်တဆမှု ၉၁ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၃ ဦး၊ ဒဏ်ရာရရှိသူ ၁၂၅ ဦး ရှိခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသို့ ယာဉ်မတော်တဆမှု များပြားလာခြင်းကြောင့် ထိခိုက်သေဆုံး ဒဏ်ရာရရှိမှု ဖြစ်စဉ်များကို လျှော့ချကာကွယ်နိုင်ရေးအတွက် အစိုးရ၊ ပြည်သူများ၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ တက်ညီလက်ညီ ပူးပေါင်း၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြောခြင်း၊ သတိပေးပြောကြားခြင်း၊ ယာဉ်လမ်း အန္တရာယ်ကင်းဝေးစေရေး အသိပညာပေး လက်ကမ်းစာစောင်များကို လမ်းအသုံးပြုသူများထံသို့ ဖြန့်ဝေပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းဆောင်းပါး**

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ပေါက်ခေါင်းမြို့နယ်အတွင်းမှ ကျေးရွာအချို့တွင် သောက်သုံးရေ ပြတ်လပ်နေ

**ပေါက်ခေါင်း မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ကျေးရွာအချို့တွင် နှစ်စဉ် နွေရာသီကာလရောက်တိုင်း သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ကြုံတွေ့ရသလို ယခုနှစ်တွင်လည်း ဖေဖော်ဝါရီလကုန် မတ်လဆန်းအချိန်ခန့်မှစ၍ အပူချိန်မြင့်တက်ကာ ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရပြီဖြစ်ကြောင်း သိရသည်။



ပေါက်ခေါင်းမြို့နယ် ပေါက်ခေါင်း-အုတ်တွင်းလမ်းဘေးတောင်ဘက်ခြမ်းရှိ ကျေးရွာများဖြစ်သော တောင်လည်ကျေးရွာအုပ်စု အပါအဝင် ကျေးရွာပေါင်း ၃၆ ရွာခန့်မှာ ဖေဖော်ဝါရီလကုန်ခန့်မှစ၍ ရေစတင်ပြတ်လပ်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။ အဆိုပါရွာများအတွင်းရှိ တူးဖော်ထားသည့် ရေတွင်းများ၊ အဝီစိတွင်းများမှာလည်း အောက်ရေပြတ်တောက်ပြီး ရေခန်းခြင်းများဖြစ်နေသဖြင့် သောက်သုံးရေအတွက် အခက်အခဲဖြစ်နေကြရကြောင်း သိရသည်။

"ဒီဘက်တွေက ပေနှစ်ရာလောက်တူးမှ ရေထွက်တာရှိတယ်၊ ရေထွက်ပြန်တော့လည်း တစ်နှစ်၊ နှစ်နှစ်လောက်နေရင် ရေကခန်းပြီးတော့ မထွက်တော့ပြန်ဘူး၊ ပြီးတော့ ထွက်တဲ့ရေတွေကလည်း ရေငန်တွေဖြစ်နေတော့ သောက်သုံးလို့မရဘူးဖြစ်နေတယ်"ဟု တောင်လည်ကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

ကျေးရွာများတွင် ရေရှားပါးမှုကြောင့် တောင်လည်ကျေးရွာ တိုက်နယ်ဆေးရုံအပါအဝင် အခြားသော ရေလိုအပ်သည့် နေရာများသို့ ပရဟိတအဖွဲ့များက ရေများလာရောက်လှူဒါန်းပေးနေရကြောင်းလည်း သိရသည်။

"ဒီဘက်ကရွာတွေမှာ ရေရှားပါးမှုတွေ စတင်ကြုံတွေ့နေရပြီ၊ ဒါပေမယ့် ဆေးရုံက အရေးကြီးတော့ အဲဒီကို သုံးရက်ခြား၊ လေးရက်ခြား တစ်ခါလောက် သွားလှူပေးနေရတယ်၊ တချို့ရွာတွေက သွားလာရေး အလွန်ခက်ခဲနေတော့ တစ်ရက်ကို နှစ်ခေါက်လောက်ပဲ သွားရောက်လှူဒါန်းနိုင်တယ်"ဟု ပေါက်ခေါင်းမြို့ရှိ ဆုံရိပ်ရေလှူအဖွဲ့မှ ဦးစိုးမင်းအောင်က ပြောသည်။

ဒေသတွင်းပြည်သူများ၏ ကျန်းမာရေးအတွက် မှီခိုအားထားနေရသည့် တိုက်နယ်ဆေးရုံတွင် သောက်ရေသုံးရေ လုံလောက်စွာရရှိနိုင်ရေးမှာ အစိုးရဘက်ဂျက်ဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လတ်တလောတွင် သောက်သုံးရေကိစ္စ အဆင်ပြေစေရေးအတွက် ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်ကာ ရေတွင်းတူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က ပြောသည်။

ပေါက်ခေါင်းမြို့နယ်အတွင်း၌ လက်ရှိအချိန်အထိ သောက်သုံးရေရှားပါးနေသည့် ကျေးရွာပေါင်း ၃၆ ရွာရှိနေပြီး ရေအခက်အခဲကြုံနေရသည့် အိမ်ထောင်စု ၃၂၃၀ ခန့် ရှိနေကြောင်း သိရ သည်။ **ကိုလွင်(ဆွာ)**

## မိုးကောင်းတွင် အထူးကုဆရာဝန်ကြီးများအဖွဲ့ မျက်စိဝေဒနာရှင်များအား ကွင်းဆင်းကုသပေး

**မိုးကောင်း မတ် ၂၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းစစ်ဆေးကုသခြင်းနှင့် ခွဲစိတ်ပေးခြင်းကို မဟာသမယကျောင်းဆရာတော် ဦးထေရာသဘ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းနှင့် မြို့မိမြို့ဖများ၏ ဦးဆောင်မှု၊ သီတဂူရွှေပြည်ဟိန်းနှင့် သီတဂူမြမေတ္တာ အဖွဲ့တို့၏ ပံ့ပိုးလှူဒါန်းမှုဖြင့် မျက်စိအထူးကုဆရာဝန် ဒေါက်တာစဂျေလွင်နှင့် ဇနီးဒေါ်စွဲမိုးမိုးအေးတို့ ဦးဆောင်သော သမားတော်များအဖွဲ့က မတ် ၂၂ ရက်နှင့် ၂၃ ရက်က ဆောင်ရွက်ပေးခဲ့သည်။

မိုးကောင်းမြို့ သာသနာ့ဗိမာန်တော်တွင် အခြေပြု၍ မျက်စိဝေဒနာရှင်များအား စမ်းသပ်ကုသပေးခြင်းနှင့် မျက်မှန်လှူဒါန်းခြင်းကို မတ် ၂၂ ရက်နှင့် ၂၃ ရက်က ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သူများအား ခွဲစိတ်ကုသမှုကို မတ် ၂၄ နှင့် ၂၅ ရက်က မြစ်ကြီးနားမြို့ အံတော်ရှင် သီတဂူစက္ခုဒါနဆေးရုံကြီး၌ သီတဂူအဖွဲ့၏ လှူဒါန်းမှုဖြင့် ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဦးပဥ္စင်းတို့အနေနဲ့က သတ်မှတ်ထားတာ ဦးရေ ၅၀၀ ခန့်ဆိုပေမယ့် ဆရာဝန် ဒကာဒကာမတွေ ကြည့်ပေးနိုင်လောက်တဲ့အထိ လက်ခံပေးခဲ့ပြီး မျက်စိလာပြတဲ့သူတွေအတွက် နေ့လယ်စာကိုလည်း စီစဉ်ပေးခဲ့ပါတယ်"ဟု ဆရာတော် ဦးထေရာသဘက မိန့်ကြားသည်။ မျက်စိစမ်းသပ်ပေးခြင်းနှင့်အတူ တရားဓမ္မအလှူတော်အဖြစ် မတ် ၂၂ ရက် ညပိုင်းတွင် သီတဂူရွှေပြည်ဟိန်းဆရာတော်၏ တရားပွဲကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။ **မင်းမင်းဦး**

## သံယာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဓာတ်ပုံပြိုင်ပွဲမှ ဆုရသူများအား ဆုချီးမြှင့်

**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် ကျင်းပခဲ့သည့် မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် ထည့်သွင်းကျင်းပခဲ့သည့် ဓာတ်ပုံပြိုင်ပွဲမှ ဆုရရှိသူများအား ဆုများကို မတ်လ ၂၄ က ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည့် ဆုချီးမြှင့်ပွဲတွင် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က ပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် အကဲဖြတ်အမှတ်ပေးခဲ့သည့် ဒိုင်လူကြီးများကိုယ်စား ဦးသိန်းဌေးမောင်က ဆုရွေးချယ်ခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဓာတ်ပုံပြိုင်ပွဲတွင် ပူးပေါင်းပါဝင်ခဲ့သည့် အထက်မြန်မာပြည် ဓာတ်ပုံအသင်း၊ မန္တလေးဓာတ်ပုံအသင်းနှင့် အကဲဖြတ်ဒိုင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးမြဝင်းနှင့် ဦးညိုဝင်း၊ အတွင်းရေးမှူး ဦးစိုးလွင်နှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ဝေဝေဖြိုးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များအား ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ၁၀ ဆုကို ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## လိပ်သိုမြို့၌ ဂေဘားစာပေပြန့်ပွားရေးသင်တန်း ဖွင့်လှစ်ပြီး ဂေဘားစာပေ နှစ်(၁၅၀)ပြည့် ဂျူဘလီပွဲကျင်းပ

**လိပ်သို မတ် ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် ဂေဘားတိုင်းရင်းသားများ အများဆုံး နေထိုင်လျက်ရှိရာ ဂေဘားစာပေနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြန့်ပွားစေရေးအတွက် နွေရာသီ တိုင်းရင်းသား ဂေဘားစာပေ မွမ်းမံသင်တန်းကို မတ် ၂၃ ရက်က လိပ်သိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဖွင့်ပွဲနှင့်အတူ ဂေဘားစာပေ နှစ်(၁၅၀)ပြည့် ဂျူဘလီပွဲကိုလည်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် လိပ်သိုမြို့ ယေဇူးရွှေနှလုံးတော် ဘုရားကျောင်းမှ ဘုန်းတော်ကြီး ဖာသာဒါညေးလယ်က အမှာစကားပြောကြားပြီး သံတောင်ကြီးမြို့နယ် ပညာရေးမှူး ဦးဉာဏ်ထွန်းက ဂေဘားတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ထို့နောက် ဂေဘားတိုင်းရင်းသား တိုင်းရင်းသူများက ဂေဘားစာပေ သမိုင်းအကျဉ်း၊ ဂေဘားလူမျိုးများ ဆင်းသက်လာပုံနှင့် ယဉ်ကျေးမှု၊ မတ် ၂၃ ရက်တွင်ကျရောက်သည့် ဂေဘားအမျိုးသားနေ့အကြောင်း သိကောင်းစရာစသည့် စာတမ်းများကို ဖတ်ကြားကြသည်။

ဂေဘားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဦးစောဂျော့လှဒင်က ဂေဘားစာပေ မွမ်းမံသင်တန်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တတိယအကြိမ် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ဂေဘားစာပေ နှစ်(၁၅၀)ပြည့် ဂျူဘလီပွဲနှင့် တပေါင်းတည်း ပြုလုပ်ခြင်းဖြစ်ကြောင်း၊ စာပေနှင့်ယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် လက်ဆင့်ကမ်း သင်ကြားပေးနိုင်အောင် ဆရာဖြစ် မွမ်းမံသင်တန်းအနေဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ သင်ကြားပေးနိုင်ရန်နှင့် ဘာသာစကား၊ စာပေအရေးအသား အရည်အသွေး ပိုမိုတိုးတက်စေရန် ပြုပြင်ပြောင်းလဲနေသည့် ပညာရေးစနစ်နှင့်အညီ သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဂေဘားစာပေကို လက်ဆင့်ကမ်းသင်ကြားပေးနိုင်မည့် အခြေခံပညာမူလတန်းကျောင်း ၁၀၈ ကျောင်းမှ ဆရာ ဆရာမ ၆၇ ဦး တက်ရောက်သင်ကြားကြပြီး မတ် ၂၃ မှ ၂၈ ရက်အထိ သင်တန်းကာလခြောက်ရက်အတွင်း ဂေဘားစာပေအပြင် ဂေဘားရိုးရာယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာများကိုပါ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဗုဒ္ဓဥယျာဉ်တော်မှသည် ပွိုင့် ၅၉၉၃ ဆီသို့

**မြင့်စိုး (နတလ)**

ကျိုင်းတုံ- တာချီလိတ်ကားလမ်းပေါ်က ကျိုင်းတုံမြို့နှင့် မဝေးလှသော ဤနေရာ။ ဤနေရာတွင် ကျိုင်းတုံမြို့ ဝစီပိတ်ဆရာတော်၏ စီစဉ်ညွှန်ကြားဖန်တီးမှုတို့ဖြင့် တည်ထောင်ထားသော ဗုဒ္ဓဥယျာဉ်တော် တည်ရှိနေပါသည်။ မဟာဗောဓိစေတီတော် တည်ထားကိုးကွယ်မည့် ကုန်းထိပ်မှနေ၍ အရပ်လေးမျက်နှာသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ပတ်ဝန်းကျင်တစ်ခွင်လုံးသည် တိတ်ဆိတ်အေးချမ်းငြိမ်သက်နေသလို စိတ်ဝယ်ခံစားလိုက်ရ၏။ ကျိုင်းတုံမြောက်ခြမ်းမှသည် အရှေ့ခြမ်းရှိ ပွိုင့် ၅၉၉၃ နှင့် ထင်းရှူးတောင်၊ မိုင်းငေါ့ဒေသများ အပါအဝင် နေရာတော်တော်များများမှာ လှူပ်ရှားခဲ့ကြရသည့် တပ်မ (၈၈) တပ်တို့၏ ပုံရိပ်များ၊ အနောက်ဘက် သံလွင်မြစ်မှသည် အနောက်မြောက်ဘက် မော်ဖဒေသတစ်ခုလုံးအား အရင်းအနှီးကြီးစွာ ပေးဆပ်ရယူခဲ့ကြရသော တပ်မ (၇၇) တပ်များ၏ ပုံရိပ်များကို ပြန်လည်မှန်းဆကြည့်လိုက်သောအခါ၊ အချို့ကား ဝေဝါးလျက်၊ အချို့ကား နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော အတိတ်နှင့်အတူ လွင့်ပါးပျောက်ကွယ်လုဆဲဆဲ။ ဖြစ်နိုင်လျှင် တစ်ချိန်က အတိတ်ဆိုး၊ အရိပ်ဆိုးများကို အားလုံးချန်ထားရစ်ခဲ့ကြပြီး ငြိမ်းချမ်းသော အနာဂတ်ခရီးကို စိတ်တူကိုယ်တူ လက်တွဲညီညီ ချီတက်ကြမည်ဆိုပါလျှင်...။ ထိုသို့ စဉ်းစားတွေးတောလိုက်မိသည်ခဏ၌ ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်တစ်ခုလုံးသည် ပို၍ပို၍ အေးချမ်းသွားသလိုပင်...။



ကျိုင်းတုံမြို့ပန်ကွဲကျေးရွာအနီး ဗုဒ္ဓဥယျာဉ်တော်အတွင်းမှ ရုပ်ပွားတော်များ

### ဗုဒ္ဓဥယျာဉ်တော်အတွင်းသို့

ပြီးခဲ့သည့် ဇန်နဝါရီလ ၂၂ ရက်နေ့က ကျိုင်းတုံဒေသသို့ ရောက်ခဲ့သည်။ နောက်တစ်နေ့ ဇန်နဝါရီ ၂၃ ရက်မှာ မက်မန်းမြို့ကလေး (မော်ဖဒေသ) သို့ ဆက်လက်သွားရောက်ပြီး တစ်ညအိပ်ခဲ့၏။ ၂၄ ရက်နေ့ကတော့ မိုင်းပျဉ်းအခြေပြု၊ မိုင်းပျဉ်းမှ နောက်တစ်နေ့ နံနက်စောစော ပြန်ထွက်လာကြပြီး ကျိုင်းတုံကို ပြန်ရောက်လျှင်ရောက်ချင်းပင် တာချီလိတ်ကားလမ်းပေါ်က ပန်ကွဲကျေးရွာအနီးရှိ အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်းသို့ သွားရောက်ကာ ဘုရားစေတီများကို လှည့်လည်ဖူးမြော်ကြည်ညိုခဲ့သည်။ ကျွန်တော်နှင့်အတူ ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုနှင့် သူ့ဇနီး ဒေါ်မာလာစိန်၊ မက်မန်းဒေသသို့ အတူလိုက်ပါခဲ့သည့် တပည့်ကျော်များလည်း ပါဝင်သည်။ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တည်ထားပြီး ရုပ်ပွားတော်အဆူဆူနှင့် ကုသိုလ်ရှင် အလှူရှင်များက တည်ထားဆဲ ရုပ်ပွားတော်များကို အစီအရီ ဖူးတွေ့ခဲ့ရသည်။ ဝစီပိတ်ဆရာတော်၏ စီစဉ်ညွှန်ကြားဖန်တီးမှုဟု ကျွန်တော် သုံးနှုန်းသလိုပင် စိုက်ထူထားသော ရုပ်တုအချို့၏ အဓိပ္ပာယ်ညွှန်းဆိုချက်က အလွန်ပင် လေးနက်နေသလို ရုပ်တုများ၏ အောက်ခြေ ကျောက်ပြားပေါ်တွင် ရေးထိုးထားသော သံဝေဂ ကဗျာများကလည်း ဖတ်လိုက်ရသူ၏ စိတ်ကို ညွတ်နူးသွားစေခဲ့သည်မှာ အမှန်ပင်။ ကြည့်လေ... ပန်းသီးလက်ဆိုသည့် ခေါင်းစဉ်ဖြင့် ဆရာတော် ရေးသားထားသည်က... ဒီလောကကြီးမှာ ကိုယ်လိုချင်တာအားလုံး ရဖို့အတွက် အချိန်တွေ အရမ်းတိုလွန်းတယ်၊ ဒီလောကကြီးမှာ ကိုယ်သိချင်တာအားလုံး သိဖို့အတွက် အချိန်တွေ အရမ်းတိုလွန်းတယ်၊ ဒီလောကကြီးမှာ ကိုယ်လုပ်ချင်တာအားလုံးလုပ်ဖို့အတွက် အချိန်တွေ အရမ်းတိုလွန်းတယ်။ ဒါပေမဲ့ပေါ့ ဒီလောကကြီးမှာ ဒါန၊ သီလ၊ ဘာဝနာ၊ ပါရမီပန်းတွေ သီဖို့ အတွက် အချိန်လေးတော့ ကျန်ပါသေးတယ်... ဆိုတာမျိုး။

### နှင်းဆီပန်းခင်းကြီးထဲက ကဗျာပန်းခင်းတစ်ခု

ထို့အပြင် နှင်းဆီပန်းခင်းကြီးထဲက ကဗျာပန်းခင်းတစ်ခုကိုလည်း လေ့လာဖတ်ရှုခွင့်ရလိုက်သည်။ ဖြူ၊ နီ၊ ဝါ၊ ပြာ အရောင်အသွေးစုံစွာ ဖူးပွင့်နေသည့် နှင်းဆီပန်းခင်းကြီးထဲ၌ ကျောက်တိုင်များကို စိုက်ထူ၍ ဆရာတော်ကြီးများ၏ ဩဝါဒအဆိုအမိန့်များ၊ ဝစီပိတ်ဆရာတော်အပါအဝင် ရဟန်းရှင်လူတို့ သီကုံးရေးသားထားသော ကဗျာများကို ဖော်ပြထားပါသည်။ ပို၍ထူးခြားသည်က ထိုကဗျာပန်းခင်းနှင့် မနီးမဝေးတွင် ဆရာတော်ပျံလွန်တော်မူသွားချိန်၌ ထားရှိမည့် စံကျောင်းတော်တစ်ခုကို တွေ့ရသလို ခြံစည်းရိုး အုတ်တံတိုင်း ပတ်ပတ်လည်၌လည်း ကဗျာကျောက်စာချပ်များစွာ ထည့်သွင်းပြုလုပ်ထားသည်မှာ အံ့သြဖွယ်ရာပင်။

ထိုကဲ့သို့ အံ့သြဖွယ်ရာများ တည်ရှိနေသည့် ဗုဒ္ဓဥယျာဉ်တော် အဝင်ဝ၌ပင် ဖူးတွေ့ရမည်မှာ အေးချမ်းသော အတိတ်နိမိတ်ကို ဆောင်ယူကာ တည်ထားသည့် အဘယရာဇမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည်။ ကျွန်တော်သွားရောက်ဖူးမြော်စဉ်က အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်၍ ငြမ်းများပင် မဖြုတ်ရသေး၊ ထိုမှ ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့် မူဆယ်မြို့ လိုင်တိန်ခမ်းကျောင်းဆရာတော်တို့ အမှူးပြုသော ပင့်သံဃာ ဆရာတော်ကြီးများ ၁၀၈ ပါး ကြွရောက်တော်မူကြပြီး ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဘိသိက်သွန်းခြင်း၊ မူလဌာပနာတော်များသွင်းခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကုသိုလ်ရှင်စေတနာရှင်များ တက်ရောက်ကြည်ညိုကြကြောင်း သိရသည်။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ပန်ကွဲရွာမှ ရုပ်ပွားတော်မြတ်ကြီးရှိရာသို့ အတက်လမ်းပေ ၃၄၀၀ ကို ကတ္တရာခင်းနိုင်ရန် ကတ္တရာနှင့် အလှူငွေများ လှူဒါန်းပေးခဲ့သောကြောင့် ထိုလမ်းအခြေအနေကိုပါ ကျွန်တော်တို့အဖွဲ့ ကြည့်ရှုစစ်ဆေးခဲ့ပါသေးသည်။ ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်း အမြင့်ဆုံးနေရာဖြစ်သော တောင်ကုန်းအထွတ်တွင် မဟာဗောဓိစေတီတော် ဆက်လက်တည်ထားမည်ဖြစ်ရာ မြေသန့်မင်္ဂလာ ပြုလုပ်ထားကြောင်း တွေ့ရသည်။

### အမှတ်ရစရာတွေကလည်း များလှ

ထိုသို့ မြေသန့်မင်္ဂလာပြုလုပ်ထားသော တောင်ကုန်းလေး ထိပ်မှနေ၍ အရှေ့ဘက်ယွန်းယွန်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ လွယ်မွေကို ထင်ထင်ရှားရှား မြင်နေရသည်။ ဟိုးယခင်ကတည်းက လွယ်မွေဆိုတာ ရှိနှင့်ပြီးဖြစ်သော်လည်း ကားနှင့်မသွားရဘဲ ကျိုင်းတုံမှ ထွက်ကတည်းက လမ်းချည်းလျှောက်နေရသဖြင့် ဝေးလွန်းလှသည်ဟု ထင်ခဲ့မိသော လွယ်မွေ၊ ယခုတော့ ကားလမ်းလည်း ကောင်းပြီ သွားချင်လျှင် အနီးကလေးသာ။ လွယ်မွေကိုကျော်၍ ဘယ်ဘက်လမ်းအတိုင်း သွားလျှင်တော့ ဝမ်တဲချောင်း (ဝမ်တဲစခန်း) သို့ ရောက်မည်။ ထိုမှ ပွိုင့် ၄၆၆၄ ဆီသို့။ ထိုမှ ဆက်လက်၍ ရောက်သွားမည်မှာ ပွိုင့် ၅၉၉၃ တောင်ကုန်းသို့ ဖြစ်သည်။ ယခုတော့ ဘာအဆင့်သတ်မှတ်ထားသည်မသိ။ ယခင်ကတော့ မဆုတ်တမ်းခံစစ်တစ်ခုဖြစ်၏။ ၁၉၈၄/၁၉၈၅ ခုနှစ်တွင် တစ်ကြိမ် ရောက်ဖူးခဲ့၏။ မိမိက AQ၊ သူငယ်ချင်းကျော်ဇင်သက်က IO၊ တပ်ရင်းမှူးကတော့ စိတ်အလွန်တိုတတ်သော ဆရာသမားတစ်ဦး။ တစ်ခါသင်ပေးထားသော အကြောင်းအရာ သင်ခန်းစာတစ်ခုကို နောက်တစ်ကြိမ်ထပ်၍ မှားခွင့်မပေးသူ။ အလွန်လည်း စည်းကမ်းစနစ်ကျနသူဖြစ်၏။ ဆိုခဲ့သည့်အတိုင်း ကျိုင်းတုံမှ လွယ်မွေကိုဖြတ်၍ ပွိုင့် ၅၉၉၃သို့ ချီတက်စဉ် ဘီအေ ၈၄ နောက်ပွင့်ရိုင်ဖယ် သေနတ်ထမ်းသော ရဲဘော်က တခြား၊ ယင်းသေနတ်၏ ဗုံးတွဲများကို သယ်ဆောင်သော ရဲဘော်တွေက တခြားစီ မြင်တွေ့သွားသောအခါ၊ အလွန်အရေးကြီးသော ယင်းသေနတ်ကြီးနှင့် ဗုံးတွဲများ တစုတစည်းတည်းရှိအောင် မကြီးကြပ်နိုင်ရကောင်းလားဟူ၍ ဒေါသတွေပေါက်ကွဲပြီး ဝမ်တဲချောင်းသို့ အရောက် ကျွန်တော်နှင့် ကျော်ဇင်သက်အား ခေါ်နှင့်ပေါက်မည်၊ တုတ်နှင့်ရိုက်မည်၊ သေနတ်နှင့်ပစ်မည်တွေ ဖြစ်ကုန်တော့၏။ ဆရာသမားက တကယ်မလုပ်လောက်သော်ငြား မိမိတို့နှစ်ယောက်မှာ မပြေးသော် ကံရာရှိ ဆိုသကဲ့သို့ ပြေးလမ်းပြေးပေါက်ကိုတော့ ကြိုတင်ရှာဖွေထားပြီးဖြစ်ကြသည်။ ဆိုကြပါစို့ရဲ့ ဤသို့ ဤနှယ် ဆူဆူညံညံသံလေးများဖြင့် ပွိုင့် ၅၉၉၃ သို့ ရောက်ပြီးသကာလ အမှတ်ရစရာတွေကလည်း များလှသည်။ ထိုတောင်ကုန်းကို တပ်မ (၈၈) တပ်တွေ ဘယ်နည်းဘယ်ပုံ အပြင်းအထန် တိုက်ယူခဲ့ရသလဲတော့မသိ၊ သစ်ပင်တွေ အားလုံးလိုလိုမှာ ကျည်ဆန်ဖောက်ထွက်ရာတွေက ဗရပွနှင့်။ တောင်ကုန်းအောက်ခြေသို့ တောကောင်သွားပစ်သော ရွှေထန်းဆိုသော ရဲဘော်တစ်ယောက်အပြန်မှာ M-21 သေနတ်တစ်လက် (ဒင်ပိုင်းမီးလောင်လျက်) ကောက်ရလာသေးသည်။ ကျွန်တော်တို့ ရောက်သွားချိန်၌ ရင်ဆိုင်တိုက်ပွဲမျိုးတွေ မရှိတော့သော်ငြား ဗကပ ဘက်မှ လာထောင်ထားသော မိုင်းဒဏ်ကိုတော့ ခံကြရသေးသည်။ ကျိုင်းတုံသို့ လူနာကို အထမ်းဖြင့် ပြန်ပို့လျှင် ပွိုင့် ၄၆၆၄ နှင့် ဝမ်တဲကြားမှာ စောင့်၍ မိုင်းထပ်ထောင်တာမျိုးကိုလည်း ကြုံရသည်။ ၁၉၈၈ ခုနှစ်တွင် ကျိုင်းတုံဒေသသို့ နောက်တစ်ခေါက် စစ်ဆင်ရေးဝင်ရချိန်၌ ထင်းရှူးတောင်ဘက်မှာ စခန်းထိုင်ခဲ့ဖူးသည်။ ဘုရားကုန်းပေါ်မှနေ၍ ထိုအကြောင်းတွေကို ပြန်လည်သတိရမိသောအခါ ရှေးတူရူတွင် မြင်နေရသော လွယ်မွေမြို့ကလေးသည် မျက်လုံးထဲမှာ တဖြည်းဖြည်း ရီရီဝေဝေ မှုန်ဝါးဝါးဖြစ်လို့လာသည်။ လွမ်းဝတ်မှုန်တွေကြောင့်ပဲလား ဆိုတာကိုတော့ အတပ်မပြောနိုင်တော့ပါ။ ။

> "ထို့အပြင် နှင်းဆီပန်းခင်းကြီးထဲက ကဗျာပန်းခင်းတစ်ခုကိုလည်း လေ့လာဖတ်ရှုခွင့်ရလိုက်သည်၊ ဖြူ၊ နီ၊ ဝါ၊ ပြာ အရောင်အသွေးစုံစွာ ဖူးပွင့်နေသည့် နှင်းဆီပန်းခင်းကြီးထဲ၌ ကျောက်တိုင်များကို စိုက်ထူ၍ ဆရာတော်ကြီးများ၏ ဩဝါဒအဆိုအမိန့်များ၊ ဝစီပိတ်ဆရာတော် အပါအဝင် ရဟန်းရှင်လူတို့ သီကုံးရေးသားထားသော ကဗျာများကို ဖော်ပြထား"



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၃၀ ရပ်ကွက်၊ ဒဂုံတက္ကသိုလ် ဘူတာရုံပိုင်ရုံးခန်းတွင် ရထားရဲတပ်ဖွဲ့၊ အမှတ် ၁၂ တပ်ခွဲ၊ တပ်စု ၂ တိုးကြောင်ကလေးမှ တပ်စုမှူး ဒုရဲအုပ် သန်းအေးသည် မတ် ၂၂ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ ဒဂုံတက္ကသိုလ် ဘူတာရုံပိုင် ဦးမြင့်စိုးလွင်၊ ဒဂုံတက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ ရထားမရပ်မီအချိန် (သို့) ရထားစတင်ထွက်ခွာချိန်များတွင် ရထားပေါ်မှခုန်ချခြင်း၊ ရထားပေါ်သို့ ခုန်တက်ခြင်းများ ပြုလုပ်မှုများကြောင့် မတော်တဆဖြစ်စဉ်များနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေး၊ မူခင်းလျော့နည်းကျဆင်းစေရေးတို့ ပညာပေးဆွေးနွေးစဉ်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## ကျေးလက်အိမ်ရာများ ဆောင်ရွက်ထားရှိမှုနှင့် မြစိမ်းရောင်ကျေးရွာများကို ကွင်းဆင်းစစ်ဆေး

**ငွ မတ် ၂၆**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်နှင့် တာဝန်ရှိသူများသည် မတ် ၂၂ ရက်က သံတွဲခရိုင် ငွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ရောက်ရှိကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးစောဝင်းလိုက်ပါ၍ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာများ ဆောင်ရွက်ထားရှိမှုနှင့် မြို့နယ် မြစိမ်းရောင်ကျေးရွာများသို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုကို စစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ကျေးလက်ညွှန်ကြားရေးမှူးက မြစိမ်းရောင်ကျေးရွာရှိ မြစိမ်းရောင်ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက် ထားရှိမှုအခြေအနေများကို တွေ့ဆုံမေးမြန်း၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး မြစိမ်းရောင်ကော်မတီဝင်များက မိမိတို့ကျေးရွာတွင် လုပ်ကိုင် ဆောင်ရွက်ထားရှိသော လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ ပြည်နယ်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၁၅၇

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး။**

# မြန်မာ့သင်္ကြန် မဟာဆန်ဖို့မလိုသော်လည်း မြန်မာ့ယဉ်ကျေးမှုကို အစဉ်စောင့်ထိန်းဖို့လို

**ရွှေတိုင်လွင်**

နွေလရာသီ ဂိမ္ဟန္တမိဿရာသီတွင် လတန်ခူးသည်လည်း ပါဝင်နေပေသည်။ တန်ခူးလကို ရှေးက ထန်းခူးသောလ ဟူ၍လည်းကောင်း၊ ခေတ်ကာလရွေ့လျားလာသောအခါ တန်ခူးလဟု ဆိုစမှတ်ပြုလာခဲ့ပေသည်ဟု လေ့လာတွေ့ရှိရသည်။ နွေဦးဝင်စ တန်ခူးလသည် ကျီးတာရာသောက်ရှုး၍ အဿဝတီ၊ ဘရဏီ ကြတ္တိကာနက္ခတ်တို့နှင့်ဆန်းယှဉ်ကာ ရာသီပန်းအဖြစ် ကံ့ကော်ပန်းတို့ ဝေဆာသင်းထုံလျက်ရှိပြီး မိတ်ဖက်ပန်းများဖြစ်သည့် အင်ကြင်း၊ ဂမုန်း၊ ပိတောက်၊ ငုဝါပန်းတို့ကလည်း ထိန်ထိန်တောက်မျှ မွှေးပျံ့ကြိုင်လှိုင်လျက် ရှိနေပါလေသည်။

### နိုင်ငံအနှံ့ကျင်းပ

လတန်ခူးတွင် ဗုဒ္ဓဘာသာနွယ်ဝင်မြန်မာလူမျိုးတို့သည် မင်္ဂလာဆယ့်နှစ်ပါး၌ တစ်ပါးအပါအဝင်ဖြစ်သည့် သင်္ကြန်စာမင်္ဂလာ ရေသွန်းလောင်းပွဲတော်ကို ရှေးပုဂံခေတ်ကာလမှသည် ယနေ့ထိကျင်းပလာခဲ့သည်ကို အထောက်အထားများစွာဖြင့် လေ့လာတွေ့ရှိကြရပါပေမည်။ ဤလ-ဤရာသီသို့ရောက်လျှင် နှစ်ဟောင်းက အညစ်အကြေးတို့အား ဆေးကြောသန့်စင်ကာ သန့်ရှင်းကောင်းမွန်သော မြန်မာမှု၊ မြန်မာ့ယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ကို နိုင်ငံအနှံ့ ကျင်းပနေသည်ကို လည်း နှစ်ထောင်းအားရရှိရပါပေမည်။ ဤလ အချိန်အခါတွင် မကောင်းမှုဒုစရိုက်တို့အား ရှောင်ကြဉ်ကာ ကောင်းမှုကုသိုလ်တရားတို့အား ပွားများနေကြသည်မှာ မြန်မာလူမျိုး တစ်မျိုးသားလုံးအတွက် အလွန်မှနှစ်သက်ကြည်နူးစရာပင် ဖြစ်မိပါလေသည်။

တန်ခူးလသည် သောက်သုံးရေကန်များ ကုန်ခန်းကြသော ရေငတ်သောကာလဖြစ်သလို ရေကန်တို့တွင် ရေများနည်း၍ ကန်အတွင်း သား၊ ငါး၊ ပုစွန်၊ ရေသတ္တဝါတို့ သေကျေပျက်စီးကြရသည်ကို မဖြစ်စေလိုသဖြင့် ကြီးမား၍ရေများသော ရေကန်များ၊ မြစ်များသို့ ရေနည်းသော ကန်၊ချောင်း၊ မြောင်းများမှ ပုစွန်၊ငါးတို့အား လွှတ်ပေးခြင်းကို လတန်ခူး နှစ်ကူးသည့်ကာလတွင် ကျင်းပကြသလို ကျေးငှက်၊ ကျွဲ ၊ နွား အစရှိသည်တို့ကိုလည်း ဘေးမဲ့လွှတ်ပွဲတော်ကိုလည်း ကျင်းပကြရာ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ် အကအခုန်များဖြင့် ပြုလုပ်လာခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်ပေသည်။ ထို့အတူ နှစ်ဆန်းတစ်ရက် တန်ခူးလမြတ်ဝယ် ဘုရား၊ တရား၊ သံဃာ အမှူးထားလျက် သက်ကြီးရွယ်အို အဘိုးအဘွားတို့အား ပူဇော်ကန်တော့



ခြင်း၊ ခြေသည်း၊ လက်သည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းအမှုတို့ကို လူငယ်၊ လူရွယ်များက စဉ်လာမပျက် ပြုဆောင်လျက်ရှိသည်ကိုလည်း ကြည်နူးဝမ်းမြောက်ဖွယ် ခံစားရပါပေမည်။

### ယဉ်ကျေးမှုအား ဖျက်ဆီးနေ

ယနေ့ခေတ်သင်္ကြန်နှင့် ရှေးသင်္ကြန်တို့သည် ကွာခြားလှပါ၏။ ရှေးက အတာရေပက်ဖျန်းကြရာတွင် မောင်နှင့်နှမ၊ သားနှင့်အမိ ယဉ်ကျေးသိမ်မွေ့စွာ ငွေဖလားဝယ် အမွှေးနံ့သာများထည့်ကာ သပြေရွက်ညှာဖြင့် ဇေယျတုခက်ဖြာ အောင်မြင်ပါစေဟူ၍ ရေများကို ပက်ဖျန်းရာ ခွင့်ပြုချက်တောင်းခံပြီးမှ မြန်မာ့မူဟန် ယဉ်ကျေးမှုဟန်ပန်ဖြင့် ရေကစားခဲ့သော်လည်း ဒီနေ့ဒီခေတ်ကာလတွင် အတာသင်္ကြန်သည် မင်္ဂပါပံ နုနာတိ - မကောင်းမှုအားလုံးကို ပယ်ဖျောက်၍ ကောင်းမှုများပွားများကျင့်သုံးနေသည်ဟု ဆိုကြမည်မှာ ဖြစ်နိုင်ပါ၏လောဟူ၍ စာရေးသူ သုံးသပ်ရှုမြင်မိပါသည်။

ဝတ်စားဆင်ယင်ပုံကို ကြည့်ပါဦး၊ မိန်းကလေးများသည် မြန်မာမှုဝတ်စုံ မဝတ်ကြတော့ဘဲ အနောက်တိုင်းနှင့် အခြားနိုင်ငံများမှလာသော မြန်မာ့ယဉ်ကျေးမှုကို သွေဖည်သည့် ဝတ်စားဆင်ယင်ပုံတို့က နေရာယူထားကြသလို အမျိုးသားတွေကြပြန်တော့လည်း အဖျော်ယမကာ၊ ဘီယာ၊ ဝိုင်၊ အရက်တို့ သောက်စားမူးယစ်ပြီးမှ ရေကစားကြခြင်းသည် မြန်မာ့ယဉ်ကျေးမှု အတာသင်္ကြန်ကို ပုံဖော်သည်ဟုမဆိုနိုင်၊ ကိုယ့်ဘာသာယဉ်ကျေးမှုအား ဖျက်ဆီးနေသည်ဟု တွေးမြင်မိပါသည်။

သို့ဖြစ်၍ မြန်မာ့ယဉ်ကျေးမှုအတာသင်္ကြန် ပုံပျက်ပန်းပျက်ဖြစ်လာသည်မှာ ယခု ၁၀ နှစ်တာကာလအတွင်း အဆိုးရွားဆုံးဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာဗုဒ္ဓဘာသာနွယ်ဝင်လူမျိုးတို့က မင်္ဂလာတရားတော်လာအတိုင်း ပြုဆောင်ကျင့်သုံးသွားကြဖို့လိုအပ်သလို အဖျော်ယမကာနှင့် ပတ်သက်ပြီးမင်း၊ အစိုးရတို့က အကန့်အသတ် အပိတ်အပင်များဖြင့် မြန်မာ့ယဉ်ကျေးမှုအတာသင်္ကြန်ကို ဖန်တီးပုံဖော် ပေးသွားကြပါမှ အနာဂတ်ကာလတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကျန်ကောင်းကျန်နေပေလိမ့်မည်ဟု ယုံကြည်မိပါသည်။ သို့မဟုတ်ပါလျှင် မြန်မာ့ယဉ်ကျေးမှုပျောက်ပျက်သွားနိုင်သည်ကို စိုးထိတ်မိရပါလေသည်။

### မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲများ ကျင်းပဖို့လို

မြန်မာလူမျိုးတိုင်းသည် မိမိတို့ရိုးရာ ယဉ်ကျေးမှုအတာသင်္ကြန်ကို မြန်မာမှုမှမသွေဖည်ရအောင် သက်ကြီးစကား သက်ငယ်ကြားဆိုသကဲ့သို့ ရှေးအဘိုးအဘွားတို့၏ လက်ဆင့်ကမ်းပြောစကား၊ ရှေးစာဆိုရှင်ကြီးတို့၏ တေးကဗျာစာပေတို့ကိုလည်း လက်ဆင့်ကမ်းသယ်ဆောင်ကြရင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲများကို ကျင်းပသွားဖို့လိုပေမည်ဟု ယူဆရပါပေသည်။

ဤအတာသင်္ကြန်နှစ်ကူးမင်္ဂလာအဆိုနှင့်ပတ်သက်၍ ရှေးစာဆိုရှင်အချို့၏ လေးချိုးနှင့် အဲချင်းများထဲမှ ကောက်နုတ်ကာ မြန်မာမှုပုံဖော်ထားမှုတို့အား မီးမောင်းထိုးပြရပါပေမည်။ လှိုင်မင်းသားဆရာ ဉာဏ်ဝန်ကြီး ဦးဖြေ၏ တန်ခူးလရာသီ ဘွဲ့လေးချိုးကြီးမှ ကောက်နုတ်၍ တင်ပြပေးရမည်ဆိုပါလျှင် “ရေသွန်းပွဲခံတော့ပ၊ မြန်တစ်နယ်ဝယ်၊ တိုင်းကျယ်ပြည်ကြီးမြတ်သူတို့၊ ကံ့ကော်ရင်ခတ်၊ မွှေးရည်သတ်နှင့် ခေါင်းချပ်ကယ် ကေသျှင်၊ ဆုလည်းဆင်လို့” ဟူ၍ဖွဲ့ဆိုထားမှုအား ကောက်နုတ်ကာ တင်ပြရမည်ဆိုပါလည်း မြန်မာ့ယဉ်ကျေးမှု သရုပ်ဖော်ထားပါပေသည်။ ဤကာလသည် အတာရေသဘင်ပွဲခံကာ ကျင်းပသောလဖြစ်ပြီး မြန်မာ့နယ်ပယ် နေရာဒေသအနှံ့ တိုင်းပြည်တစ်ပြည်လုံးတွင် ကျယ်ပြန့်စွာစီရင်ကျင်းပခဲ့ပုံနှင့် မြန်မာအမျိုးသမီး နန်းတွင်းသူကလေးများ၏ ကေသာထက်၌ ရာသီပန်းဖြစ်သော ကံ့ကော်ပန်း၊ မိတ်ဖက်ဖြစ်သည့် ရင်ခတ်ပန်းတို့ကို ဆင်မြန်းထားကြသည်မှာ ထုံသင်းကြိုင်နေသောပန်းရနံ့နှင့်အတူ မြန်မာ့ဟန်လှပကျော့ရှင်းမှုတို့မှာ ရင်သပ်ရှုမောဖွယ် ရှိလှပေ၏။

### မြန်မာ့မူဟန်ယဉ်ကျေးမှု အလှကို ပေါ်လွင်

ပန်ဆင်ရုံတွင်မကဘဲ ဗုဒ္ဓမြတ်စွာဘုရား၌ပူဇော်ကာ ဆုများလည်း ခံယူလျက်ရှိကြပေသည်ဟု ဆိုထားခြင်းကြောင့် ရှေးရှေးကာလများကလည်း အတာသင်္ကြန်သည် အကုသိုလ်များ ကင်းဝေးစွာဖြင့် ဘာသာ၊သာသနာတို့ဖြင့် ယဉ်ကျေးသိမ်မွေ့လျက်ရှိသော မြန်မာမှု အတာသင်္ကြန်ပွဲတော်များ ကျင်းပခဲ့သည်ကို စာဆိုရှင်၏ လေးချိုးကဗျာကလေးက ထောက်ပြလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါပေမည်။

ထို့အတူ စာဆိုရှင်မယ်ခွေ၏ ဆယ့်နှစ်လရာသီဘွဲ့အဲချင်းကို ကောက်နုတ်တင်ပြရမည်ဆိုပါလျှင် “လအတာကိုတဲ့လေး၊ သီတာငယ်မှပျံ့မွှန်း၊ သပြေမြရည်၊ တစ်သောင်းပြည်ကို၊ အောင်စည်ရွှန်းလို့၊ ရေသွန်းမှခါချိန်” ဟု ယင်းစာပိုဒ်ကလေးကို တင်ပြရမည်ဆိုပါလျှင် စာဆိုရှင်ဆရာမမယ်ခွေက အတာသင်္ကြန်ကာလဝယ်၊ အေးမြသောရေကို ပက်ဖျန်းကြရာ၌ အသပြာတစ်သောင်းတန် ရတနာငွေဖလားဝယ် မွှေးနံ့သာစုံညီစွာဖြင့်၊ အောင်စည်ကို ရွှန်းပါလို့ဟု ရှေးဘုရင်မင်းမြတ်ကိုယ်တိုင် ရေသွန်းတဲ့ပွဲ (ရေလောင်းသည့်ပွဲ)ကို ကျင်းပခဲ့သည်ဟု ရေးဖွဲ့ထားခြင်းမှာလည်း မြန်မာ့မူဟန်ယဉ်ကျေးမှုအလှကို ပေါ်လွင်လှပါပေသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရှေးဘိုးဘေးလက်ထက်ကတည်းက ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို ပြုမြဲပြုလာခဲ့ကြသည်ကို စာပေကျမ်းဂန်၊ ကဗျာ၊ လင်္ကာ၊ ရတု၊ ရကန်များဖြင့် ထောက်ပြထားသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ကြရပါလေသည်။ အတာသင်္ကြန်သည် ကောင်းမြတ်သောနှစ်ဦးမင်္ဂလာယူရမည့်အစား အရက်သေစာ၊ အဖျော်ယမကာများဖြင့် ကိုယ့်ဘာသာယဉ်ကျေးမှု ဖျက်နေသကဲ့သို့ ရှိချေပါလေသည်။

သို့ပါသောကြောင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ အတာသင်္ကြန်သည် အဖျော်ယမကာသင်္ကြန် မဖြစ်သင့်ဟုဆိုရာတွင် မြန်မာမှုအတာသင်္ကြန်ကို မဟာဆန်ဆန်ကျင်းပဖို့ မလိုသော်လည်း၊ မြန်မာ့ရိုးရာဓလေ့ မဟာအတာသင်္ကြန်ကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာစောင့်ထိန်းကာ မင်္ဂလာရှိသော မြန်မာမှုအတာသင်္ကြန်အဖြစ် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း ရေးသားတင်ပြလိုက်ရပါတော့သတည်း။ ။

> **“မြန်မာလူမျိုးတိုင်းသည် မိမိတို့ရိုးရာ ယဉ်ကျေးမှုအတာ သင်္ကြန်ကို မြန်မာမှုမှမသွေဖည်ရအောင် သက်ကြီးစကား သက်ငယ်ကြားဆိုသကဲ့သို့ ရှေးအဘိုးအဘွားတို့၏ လက်ဆင့်ကမ်းပြောစကား၊ ရှေးစာဆိုရှင်ကြီးတို့၏ တေးကဗျာစာပေတို့ကိုလည်း လက်ဆင့်ကမ်းသယ်ဆောင်ကြရင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲများကို ကျင်းပသွားဖို့လိုပေမည်ဟု ယူဆရ”**

## ကျေးလက်ပြည်သူများ ရေကောင်းရေသန့်ဖူလုံစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်ပေး

**နမ့်ခမ်း မတ် ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သော ကွန်ဟိုင်းကျေးရွာအဆင့်မြှင့်တင်ရေပေးရေးစနစ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို မတ် ၂၃ ရက်က မူဆယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်သာထွန်းနှင့် တာဝန်ရှိသူများကွင်းဆင်းကြည့်ရှုပြီး ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ရေးပြောကြားသည်။

အဆိုပါ ကွန်ဟိုင်းကျေးရွာ ရေပေးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ငွေကျပ်သန်းပေါင်း ၁၁ ဒသမ ၅၀ သုံးစွဲပြီး ဒေသခံကျေးရွာအိမ်ခြေ ၃၀၀ ကျော်မှာ ရေကောင်းရေသန့်များ ဖူလုံစွာသုံးစွဲနိုင်သဖြင့် ကျေးလက်ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျိုက်မင်ဝပင်လယ်ကမ်းခြေ၌ ခရီးအသွားအလာနည်း၍ ပင်လယ်စာရောင်းသူ ဝင်ငွေထိခိုက်

**ရေး မတ် ၂၆**

မွန်ပြည်နယ် ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ ကျိုက်မင်ဝပင်လယ်ကမ်းခြေတွင် အမှီပြုနေထိုင်သူတစ်ပိုင်တစ်နိုင် ငါးမျှောပိုက်လုပ်ကိုင်နေသူများ အဆင်ပြေနေသော်လည်း ခရီးသွားသူများ အရင်နှစ်ကလို မလာသည့်အတွက် ပင်လယ်စာရောင်းချနေသူများ ဝင်ငွေထိခိုက်နေကြောင်း သိရသည်။

ငါးမျှောပိုက်လုပ်ကိုင်နေသူ ဦးကျော်ဦးက “လွန်ခဲ့တဲ့ ငါးနှစ်က လုပ်ကိုင်သူတွေ မရှိလာခဲ့ပေမယ့် အခုက လူ ၂၀ အထိ လုပ်ကိုင်လာကြသလို လုပ်ကိုင်နေသူအများစုက ရေတစ်ရေမှာ အများဆုံး ငါးမျိုးစုံ ပိဿာချိန် ၂၀ လောက်အထိ ရကြပါတယ်၊ ရရှိလာတဲ့ငါးတွေ လမိုင်း မော့ကနင် ကော့ဒွတ်ငါးဈေးကွက်အတွင်း တစ်ပိဿာမှာ ငွေကျပ် ၂၀၀၀ ကနေ ၇၀၀၀ အထိ ဈေးရတော့ မိသားစုအတွက် အဆင်ပြေပါတယ်”ဟု ၎င်းက ပြောသည်။

ပင်လယ်စာ ရောင်းသူများအတွက်မူ ပွင့်လင်းရာသီဖြစ်သည့် ဘုရားပွဲတော် တန်ဆောင်မုန်းလတွင် ခရီးသွားလာသူများဖြစ်သည့် ရေး - မော်လမြိုင်၊ ရန်ကုန်မှ လာရောက်ခဲ့သလို ထိုင်း၊ တရုတ်၊ ဥရောပနိုင်ငံသားများပါ လာရောက်ကြသည့်အတွက် ရောင်းကောင်းခဲ့သော်လည်းယခုနှစ် အလာနည်းပါးသည့်အတွက် ပင်လယ်စာရောင်းချသူများ ဝင်ငွေထိခိုက်နေကြောင်း ပင်လယ်စာရောင်းချနေသူတစ်ဦးက ပြောသည်။



ကော့ဒွတ် ကျိုက်မင်ဝ ပင်လယ်ကမ်းခြေကို ရေး - မော်လမြိုင်ကားလမ်းကနေ လမိုင်းမြို့မှတစ်ဆင့် ကော့ဒွတ်ကျေးရွာသို့ ကားလမ်းဖြင့် ရာသီမရွေးသွားလာနိုင်ကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**

# မိုင်းယု ၁၀၅ မိုင်၌ အလိုတော်ပြည့်စေတီတော် ထီးတော်တင်ပွဲကျင်းပ

**မူဆယ် မတ် ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်တွင် ခေမာရောင်ခြည်ဓမ္မာရုံ ကျောင်းဆောင် သစ်ပေါ်၌တည်ထားသော အလိုတော်ပြည့်စေတီတော်ထီးတင်ပွဲကို မတ် ၂၄ ရက်က ၁၀၅ မိုင် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးရောင်ခြည်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို သံဃာတော်များထံဆက်ကပ်ခြင်း၊ စိန်ဖူးတော် ငှက်မြတ်နားတော်နှင့်ရွှေထီးတော်ဘုံဆင့်များကို ဆက်ကပ်ခြင်းနှင့် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ်မှုသော ပရိတ်တရားတော်များကို နာယူခဲ့ကြသည်။

ဆက်လက်၍ ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကိုယူဆောင်၍ စေတီတော်ရင်ပြင်ပေါ်တွင် ပက်ဖျန်းချည်နှောင်ခြင်း၊ စိန်ဖူးတော် ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံဆင့်များကို မင်္ဂလာရထားပျံရှိ ရာကုန်းတော်ပေါ်သို့ ပင့်ဆောင်ပေးခြင်း၊ ရွှေထီးတော်တင်လှူခြင်းများကို အစီအစဉ်တိုင်း ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဆရာတော်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ရွှေထီးတော်အထက်ဘုံ အဆင့်များ ငှက်မြတ်နားတော် စိန်ဖူးတော်ကို အစဉ်အတိုင်းတင်လှူခဲ့ကြသည်။

ဆက်လက်၍ ထီးတော်ဘုံဆင့်များနှင့် ငှက်မြတ်နားတော် စသည်တို့ကို မင်္ဂလာရထားပျံဖြင့် ငါးကြိမ်ခဲ့၍ အစဉ်အတိုင်း ပင့်ဆောင်တင်လှူခဲ့ကြပြီး ရွှေထီးတော်တင်ပွဲတွင် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးခဲ့ကြသည်။

အဆိုပါ ထီးတော်တင်ပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ ၁၀၅ မိုင် ညွှန်ကြားရေးမှူး ဦးဝင်းလွင်နှင့် ကုန်သွယ်ရေးဝန်ထမ်းများ၊ အကောက်ခွန် ညွှန်ကြားရေးမှူးနှင့် အကောက်ခွန်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်**



# ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ်အဖွဲ့ ပလောက်မြို့သို့ ရောက်ရှိ

**ပလောက် မတ် ၂၆**

ရန်ကုန်မြို့ ခဝဲခြံ မျက်မမြင်ကျောင်းမှ အမြင်အာရုံမသန်စွမ်းသူများနှင့် အခြားမသန်စွမ်းသူများစုဝေး၍ ပြည်သူလူထုအကြား လူမျိုးဘာသာမခွဲခြားဘဲ ငြိမ်းချမ်းရေးစိတ်ဓာတ်ပေါ်လွင်ထင်ရှားစေရန် ရည်ရွယ်၍ ငြိမ်းချမ်းရေးတွဲလက်များ (Wheel Chair) ခရီးစဉ်အား ကိုယ်အင်္ဂါမသန်စွမ်းသူများမှ Wheel Chair ဖြင့် မတ် ၁၆ ရက်က ကော့သောင်းမြို့မှ စတင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့သို့ မတ် ၂၄ ရက်က ရောက်ရှိခဲ့သည်။

အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များ ( Wheel Chair) ရထားခရီးစဉ် အဖွဲ့ခေါင်းဆောင် ဦးသိန်းလွင်နှင့် ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ) ဒုကျောင်းအုပ်ကြီး ဒေါ်မြသီတာလွင်ပါ ၆၅ ဦးအဖွဲ့ကို ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ/မိခင်နှင့် ကလေးအဖွဲ့၊ ပြည်သူများက ပန်းကုံးများဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ဆက်လက်၍ရေသန့်၊ အအေး၊ မုန့်များ ပေးအပ်လှူဒါန်းကာ ငြိမ်းချမ်းရေးဆန္ဒပြုလက်မှတ်များ ရေးထိုးပေးခဲ့ပြီးနောက် ၎င်းအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**



## စလင်း၌ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးပေး

**စလင်း မတ် ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မတ် ၂၅ ရက်က မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း ယာဉ်မောင်း(က) လိုင်စင်အသစ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာန ခရိုင်ရုံး (မင်းဘူး)မှ ခရိုင်ဦးစီးမှူး ဦးအေးမင်းနှင့်အဖွဲ့က နယ်လှည့်အစီအစဉ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ဆောင်ရွက်ရာတွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်း ၄၀၃ စီး၊ ယာဉ်မောင်းလိုင်စင် ၄၀၀ ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## သုဝဏ္ဏဝတီမြို့၌ ယဉ်ကျေးမှုဆရာဖြစ် သင်တန်းဆင်းပွဲကျင်းပ

**သုဝဏ္ဏဝတီ မတ် ၂၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် ဓမ္မဒူတ သုခိတာရုံကျောင်းတိုက်၌ မတ် ၂၅ ရက်က ကရင်ပြည်နယ် နှင့် မွန် ပြည်နယ် (ဗုဒ္ဓ) စကောကရင်စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေးအဖွဲ့(ဗဟို)မှ ဦးဆောင် ကြီးမှူးကျင်းပသော လေးကြိမ်မြောက် (ဗုဒ္ဓ)စကောကရင်စာပေနှင့် ယဉ်ကျေးမှုဆရာဖြစ် သင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှ နာယကဆရာတော်ကြီးများက ဆုံးမသြဝါဒတရားတော်များ ချီးမြှင့်ပေးပြီး ပြည်နယ်ကရင်စာပေနှင့်ယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးစောအောင်ကျော်သိန်းနှင့် သထုံမြို့နယ် ဒုတိယပညာရေးမှူး ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် သင်တန်းဆရာ ဆရာမ ၃၆ ဦးက သင်တန်းသားသင်တန်းသူ ၇၂၉ ဦးအား သင်ကြားပေးပြီး ဘားအံ၊ ကော့ကရိတ်၊ ဖာပွန်၊ ကျိုက်ထို၊ ရေး၊ ပေါင်၊ ဘီးလင်း၊ သထုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များအား ဆရာဖြစ် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"ကရင်စာပေ သင်ကြားရတဲ့ ရည်ရွယ်ချက်က ကရင်လူမျိုးမိဘတွေက မွေးဖွားလာတဲ့ ကရင်တိုင်းရင်းသားမျိုးဆက်တွေ ကရင်စကား၊ ကရင်စာပေ၊ ကရင်ယဉ်ကျေးမှုတွေကို မပပျောက်အောင် အခုလို သင်ကြားပေးရတာပါ" ဟု သထုံမြို့နယ် အောင်းစိုင်ကျေးရွာမှ သင်တန်းဆရာမ နော်တကောဖောက ပြောသည်။ အဆိုပါ သင်တန်းကို မတ် ၁၇ ရက်က စတင်ကျင်းပခဲ့ပြီး နှစ်စဉ်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# သန့်ရှင်းခေတ်မီ ရှေ့သို့ချီ စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှု မကွေးမြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ပြုလုပ်

**မကွေး မတ် ၂၆**

သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ အမှိုက်ကင်းစင်ရေးအတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒေသခံပရဟိတအဖွဲ့များ၊ ဈေးလယ်စိုးနှင့် ရွှေညောင်ရပ်ကွက်နေ ပြည်သူများ၊ MPT ဝန်ထမ်းများ ပူးပေါင်းပါဝင်သော သန့်ရှင်းခေတ်မီ ရှေ့သို့ချီ စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှု တစ်ရပ်ကို မကွေးမြို့ ကမ်းနားလမ်းတစ်လျှောက်၌ မတ် ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့က အရင်ကတည်းက လုပ်ချင်နေတာ၊ အဓိက မတည်ပေးတဲ့ အဖွဲ့အစည်းမရှိတော့ မလုပ်ဖြစ်တာ၊ ဒီပွဲ လုပ်လိုက်ခြင်းအားဖြင့် ပြည်သူတွေ စိတ်ဝင်စားလာမယ်၊ ကမ်းနားလမ်း တစ်လျှောက်နေထိုင်တဲ့ ဈေးဆိုင်တွေလည်း ကျွန်တော်တို့ လုပ်တာမြင်ပြီး စည်းကမ်းမဲ့အမှိုက်စွန့်တာကို ဆင်ခြင်လာနိုင်မယ်လို့ ထင်တယ်၊ ပုံမှန်လုပ်နိုင်ရင်တော့ ပိုကောင်းတယ်၊ ထောက်ပံ့ပေးနိုင်တဲ့ အလှူရှင်တွေ ပေါ်လာရင်ဆက်လုပ်ဖြစ်မှာပါ၊ အမှိုက်ကောက်တာ ပိုက်ဆံမကုန်ဘူး ဆိုတာတော့ မရှိဘူး၊ လိုအပ်တဲ့ လက်အိတ်နဲ့အခြားဆက်စပ်ပစ္စည်းတွေကတော့ လိုပါတယ်"ဟု မကွေးပရဟိတမှ ဦးဆောင်သူ ကိုမိုးက ပြောသည်။

အမှိုက်ကောက် လှုပ်ရှားမှုအတွက် လိုအပ်သောအမှိုက်အိတ် ၊ လက်အိတ် ၊ Max ၊ မီးညှပ် ၊ ဦးထုပ်၊ အင်္ကျီ၊ ရင်ထိုးတံဆိပ်များကို MPT မှ ထောက်ပံ့ပေးပြီး နံနက်စာများလည်း ဝေငှပေးခဲ့ကြောင်း၊ မကွေးပရဟိတ၊ သဒ္ဒါရွှေလက်၊ သဒ္ဒါရှင်၊ မကွေး Woman Club၊ ပါရမီသွေးစသည့် ပရဟိတအဖွဲ့များ ၊ ဈေးလယ်စိုးရပ်ကွက်နှင့် ရွှေညောင်ရပ်ကွက်တို့မှ ပြည်သူများ အမှိုက်ကောက်လှုပ်ရှားမှု၌ ပါဝင်ခဲ့ကြောင်း သိရသည်။

မြို့တော်သန့်ရှင်းသာယာဖို့ ပြည်သူအားလုံးပူးပေါင်းစို့၊ ကားပေါ်မှအမှိုက်များ လမ်းပေါ်သို့ စည်းကမ်းမဲ့ မစွန့်ပစ်ရ၊ လမ်းမပေါ်မှသင့်အမှိုက်များက သင့်ဂုဏ်ကို ညှိုးနွမ်းစေသည်၊ စည်းကမ်းမဲ့ ကွမ်းတံတွေး မထွေးမိစေရေး သင်ကိုယ်တိုင် သတိထားပေး၊ ပတ်ဝန်းကျင် အဆင့်မြင့်တင်ရေး အမှိုက်များစနစ်တကျစွန့်ပစ်ပေး၊ ရေမြောင်း၊ မြစ်ချောင်း၊ လမ်းများအားလုံး အမှိုက်ကင်းမဲ့ဇုန်စသည့် ပိုစတာကိုင်ဆောင်ပြသမှုများ အမှိုက်ကောက်လှုပ်ရှားမှု၌ ပါဝင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ မြို့ကြီး ၁၈ မြို့၌ ယင်းလှုပ်ရှားမှုကို တစ်နေ့တည်း၊ တစ်ပြိုင်တည်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

**ဇေယျာတု(မကွေး)**

## မတ္တရာမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**မတ္တရာ မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ပြည်သူများ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ရှောင်တခင်စစ်ဆေးခြင်းကို မတ် ၂၅ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မတ္တရာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်သိန်း ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်သော အဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြီးတစ်လျှောက်နှင့် မြို့တွင်း ဆူညံစွာအိတ်ဇောဖွင့်မောင်းနှင်သည့် ဆိုင်ကယ်များ၊ စည်းကမ်းပျက် မောင်းနှင်သည့် ယာဉ်/ ဆိုင်ကယ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ကော့သောင်းမြို့၌ ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ဖွင့်ပွဲစည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကော့သောင်း မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့်ခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှု ပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက်က ကော့သောင်းမြို့သီရိမြိုင်ရပ်ကွက် သီရိမင်္ဂလာ ၃ မိုင်ကွင်း၌ ကျင်းပရာဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်အဖြစ် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမောင်က အဖွင့်မိန့်ခွန်းပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ လဲ့လဲ့မော်မှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဧည့်သည်တော်ကြီးများက ပွဲတော်အတွင်းခင်းကျင်းပြသထားသည့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းများနှင့်သက်ဆိုင်သောပြခန်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနပြခန်း၊ တိုင်းဒေသကြီး MIC ပြခန်း၊ ဆလုံရိုးရာယဉ်ကျေးမှုပြခန်း၊ ထိုင်းခရီးသွား ကုမ္ပဏီပြခန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များပြခန်း၊ ထားဝယ်၊ မြိတ်ခရိုင်ဒေသပြခန်း၊ သစ်တောနှင့် ပုလဲမွေးမြူရေးပြခန်း၊ ဒေသတွင်း နိုင်ငံတကာအဆင့်မီအပန်းဖြေကျွန်းပြခန်းများ၊ ဒေသတွင်းအခြားစီးပွားရေးလုပ်ငန်းရှင်များပြခန်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားပြခန်းများ၊ ဒေသထွက်ကုန် အစားအစာ၊ အဝတ်အထည်နှင့် ဒေသရိုးရာယဉ်ကျေးမှုပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## လွိုင်ကော်မြို့ရှိ တည်ဆောက်ရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မတ် ၂၆-** ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၂ ရက်က လွိုင်ကော်မြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့ပြနှင့်အိုးအိမ်လေးခန်းတွဲသုံးထပ် အဆောက်အအုံငါးလုံးတည်ဆောက်ပြီးစီးမှု၊ မြို့ပြနှင့်အိုးအိမ်နှစ်ခန်းတွဲသုံးထပ်တစ်ထပ်တိုက် တည်ဆောက်ပြီးစီးမှု၊ ရှေးဟောင်းသုတေသနလေးခန်းတွဲ နှစ်ထပ် RC ဧည့်ရိပ်သာတည်ဆောက်ပြီးစီးမှု၊ ခွင့်ပြုငွေကျပ် ၂၀ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော လွိုင်ကော်ခရိုင်တရားရုံး၊ ကားဂိုထောင်ဆောင်လုပ်နေမှုနှင့် သိမ်းဆည်းရမိမော်တော်ယာဉ်များ၊ အကျဉ်းသားများထားရှိသည့်အဆောင်၊ မြို့နယ်တရားရုံးအဆောက်အအုံ အခြေအနေ၊ အ.ထ.က(၆) ပေ(၉၀×၃၀)တစ်ထပ် အသစ်တည်ဆောက်ပြီးစီးမှု ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၇၂၅ သန်းဖြင့် ဆောင်ရွက်သော ပြည်နယ်ထွေ/အုပ်ညွှန်ကြားရေးမှူးနေအိမ် တည်ဆောက်ပြီးစီးမှု၊ ပြည်နယ်အားကစားကွင်း(ဒေါ်ဥခူ) အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်ထွေ/အုပ် အုပ်ချုပ်ရေးမှူးနေအိမ်တည်ဆောက်ပြီးစီးမှု၊ မြို့နယ်ထွေ/အုပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု၊ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး ဝန်ထမ်းအိမ်ရာနှစ်လုံး တည်ဆောက်နေမှု၊ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး ရေသွယ်ယူခြင်းနှင့် ခြံစည်းရိုးအုတ်တံတိုင်းကာရံပြီးစီးမှု၊ ခရိုင်အုပ်ချုပ်ရေးမှူး နေအိမ် တည်ဆောက်နေမှု၊ ရုံးဟောင်းအားဝန်ထမ်းအိမ်ရာအဖြစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# သဘာဝစိမ့်စမ်းများတွင် ရေထွက်ကာကွယ်တောများ ပြုစုထိန်းသိမ်းစောင့်ရှောက်သွားမည်

**ရှားတော မတ် ၂၆**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်အတွင်း ရွှေ့ပြောင်းတောင်ယာခုတ်ထွင်ခြင်းနှင့် အခြားသောအကြောင်းအမျိုးမျိုးတို့ကြောင့် သစ်တောများပြုန်းတီးမှုဖြစ်ပေါ်ကာ သဘာဝစိမ့်စမ်းရေထွက်ပေါက်များ ရေထွက်နှုန်းလျော့နည်းလာလျက်ရှိရာ အဆိုပါ သဘာဝစိမ့်စမ်းရေထွက်များ ခန်းခြောက်ပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် သဘာဝရေထွက်များ အနီးဝန်းကျင်တစ်ဝိုက်တွင် ရေထွက်ကာကွယ်တောများ ပြုစုထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်လျက်ရှိကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။

ရှားတောမြို့နယ်တွင် ဈေးပိုင်း၊ အလယ်ပိုင်း၊ အောင်ချမ်းသာ၊ မြောက်ပိုင်းစုစည်း၊ ဒေါလဲဒူ၊ သရီးဒါး၊ ဒေါ်ငူရှေ့ကြီး၊ ဒေါမူလဲ၊ ဒေါတနော၊ နားအွမ်၊ တနော်ကလု၊ ပွန်ချောင်း၊ တေလဲ၊ ဒေါကတဲ၊ ဒေါကလောလဲ၊ ဒေါငူစေ့၊ စလောင်း၊ မြောက်ရွာ၊ တောင်ပိုင်းစုစည်း အစရှိသဖြင့်ရေထွက်ပေါက်အနီးဝန်းကျင်ရှိ ရပ်ကွက်နှင့်ကျေးရွာအမည်များကို အစွဲပြု၍ အမည်မှည့်ခေါ်ဝေါ်သည့် သဘာဝစိမ့်စမ်း ရေထွက်စုစုပေါင်း ၂၀ခန့်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ သဘာဝစိမ့်စမ်းရေထွက် မှတ်တမ်းအရ သိရသည်။



အဆိုပါ ရေထွက်ပေါက်များသည် ပျမ်းမျှရေထွက်ပမာဏဂါလန် ၆၀၀ မှ ၉၀၀၀ အထိ ထွက်ရှိသော ရေထွက်ပေါက်များဖြစ်ကြပြီး အနီးဝန်းကျင်ရှိ ရပ်ကွက်နှင့် ကျေးရွာများအနေဖြင့် သောက်သုံးရေနှင့်စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ သဘာဝစိမ့်စမ်းရေထွက်ပေါက်များ ခန်းခြောက်ပျောက်ကွယ်သွားပါက အနီးဝန်းကျင်ရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် ရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်ဖွယ်ရာရှိသောကြောင့် ရေထွက်များ ခန်းခြောက်ပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် ရေထွက်ကာကွယ်တောများ ပြုစုထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ချင်းတွင်းသင်္ကြန်ကာလအတွင်း ရေကစားသူများ အန္တရာယ်မဖြစ်ပွားစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမည်

**မုံရွာ မတ် ၂၆**

ချင်းတွင်းသင်္ကြန်ကာလအတွင်း မုံရွာမြို့ချင်းတွင်းမြစ်ကမ်းဘေး သဲသောင်ပြင်ရှိ wet zone တွင် ရေကစားကြမည့် ပြည်သူများ ရေနှင့်ပတ်သက်သည့် အန္တရာယ်မဖြစ်ပွားစေရေးအတွက် လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

"အခုအခြေအနေမှာတော့ မြစ်ရေအနက်တိုင်းတာတယ်၊ ရေကစားတဲ့သူတွေ အန္တရာယ်မဖြစ်စေဖို့အတွက် ရေအနက်များတဲ့နေရာတွေကို သတိပေးအလံတိုင်တွေ စိုက်ထူပေးထားတယ်၊ နောက်ပြီး ရေကစားဖို့ သတ်မှတ်ပေးထားတဲ့ရေိယာကို ဘောကွင်းတွေနဲ့ ချထားတယ်၊ အဲဒီပြင်ပထွက်ပြီးတော့ ရေမကစားဖို့လိုပါတယ်၊ နောက်ပြီး မြစ်အတွင်းမှာတွဲသင်္ဘောကြီးချထားမယ်၊ အဲဒီဘေးမှာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေက အသက်ကယ်လှေတွေနဲ့ အသင့်စောင့်နေမှာပါ၊ မြစ်အတွင်းမှာ ရေကစားကြမှာဆိုတော့ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားတဲ့ ကြေညာချက်တွေလိုက်နာဖို့နဲ့ တားမြစ်နယ်မြေတွေကိုသွားပြီး ရေကစားခြင်း မပြုကြဖို့အတွက်ကို အထူးဂရုပြုလိုက်နာကြမယ်ဆိုရင်တော့ ဘာအန္တရာယ်မှ မဖြစ်နိုင်ဘူးဆိုတာကို ပြောချင်ပါတယ်၊ အခုအခြေအနေမှာတော့ ပြင်ဆင်ရေးလုပ်ငန်းတွေဖြစ်တဲ့ ရေအနက်တွေ လိုက်တိုင်းနေတယ်၊ သတိပေးအလံတွေ စိုက်ထူနေတယ်၊ ရှာဖွေ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေကို စုဖွဲ့လေ့ကျင့်မှုတွေ လုပ်နေပါတယ်" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဘေးသဲသောင်ပြင်တွင် ချင်းတွင်းသင်္ကြန်ကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ချင်းတွင်းမြစ်အတွင်း ရေကစားကြမည့် ပြည်သူများ မတော်တဆမှုများ မဖြစ်ပွား စေရေးအတွက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဗေဿျာတိုင်း)**



# ကတူးတိုင်းရင်းသားများ ရိုးရာပွဲတော်အင်းတော်မြို့နယ်၌ ကျင်းပ

**အင်းတော် မတ် ၂၆**

ကတူးတိုင်းရင်းသားများ၏ ရိုးရာပွဲတော်ကို မတ် ၂၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်သာကျေးရွာအုပ်စု အင်ပင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကတူးတိုင်းရင်းသားများ ရိုးရာပွဲတော်မုခ်ဦးကို တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွှန့်နှင့် ချင်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးလထောင်ထန်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုန်၊ အင်းတော်မြို့နယ် အမှတ် ၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ ကတူးအမျိုးသားအဖွဲ့နာယက ဦးပြည့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ကတူးတိုင်းရင်းသားများ ရိုးရာပွဲတော်မုခ်ဦးအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်ကိုယ်စား ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကတူးအမျိုးသားအဖွဲ့နာယကနှင့် ကတူးတိုင်းရင်းသား ခေါင်းဆောင်များဖြစ်ကြသည့် ပင်လယ်ဘူးမြို့နယ်မှ ဦးချင်းအောင်၊ ဗန်းမောက်မြို့နယ်မှ ဦးဝင်းရွှေ၊ အင်းတော်မြို့နယ်မှ ဦးကံအောင်တို့က ကျေးဇူးတင်စကားများပြောကြားကြပြီး ကတူးတိုင်းရင်းသားရိုးရာအကများဖြင့် ကပြခဲ့ကြောင်း သိရသည်။ အဆိုပါ ကတူးတိုင်းရင်းသားများ ရိုးရာပွဲတော်ကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်သို့ တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်၊ ကျေးရွာတို့မှ တာဝန်ရှိသူများ၊ ကနန်းတိုင်းရင်းသားများ၊ ရှမ်းနီတိုင်းရင်းသားများ၊ ကချင်တိုင်းရင်းသားများ၊ သတင်းမီဒီယာများနှင့် ကတူးတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# နေ့စဉ် ဘုရားဖူးများဖြင့် စည်ကားနေသည့် သမိုင်းဝင် ရှေးဟောင်းရသေ့ပျံဂူဘုရား

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်မြစ်၏ အနောက်ဘက်ကမ်း ဘားအံမြို့မှ ၁၂ ကီလိုမီတာအကွာအဝေး မော်တော်ယာဉ်ဖြင့် ၂၅ မိနစ်ခရီး ရသေ့ပျံကျေးရွာအနီးရှိ ၁၂၉၉ ပေခန့်ရှိသော ရသေ့ပျံတောင်ခြေမှ အမြင့်ပေ ၁၅၀ ခန့်တွင် ထုတ်ချင်းပေါက် သဘာဝထုံးကျောက်လိုဏ်ဂူတော် သမိုင်းဝင် ရှေးဟောင်း ရသေ့ပျံဂူဘုရား တည်ရှိလေသည်။

လိုဏ်ဂူအတွင်း ကျောက်အမိုးပေါက်တစ်ခုရှိပြီး ရသေ့တစ်ပါး တောင်ကိုဖောက်၍ ကောင်းကင်သို့ ချာန်ဖြင့် ပျံတက်သွားသောကြောင့် ရသေ့ပျံတောင်ဟု ခေါ်တွင်ခြင်းဖြစ်ကြောင်း ရှေးလူကြီးသူမများက ပြောဆိုကြပြီး ပတ်ဝန်းကျင်ဒေသများတွင် ကရင်၊ ရှမ်း၊ မွန်၊ မြန်မာလူမျိုးများ အဆက်ဆက်နေထိုင်သွားခဲ့ကြကြောင်း သိရသည်။

**မူလလက်ရာအတိုင်း ဖူးမြော်နိုင်**

သမိုင်းဝင် ရှေးဟောင်းရသေ့ပျံဂူဘုရားသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၆ ပေခန့်တွင် တည်ရှိပြီး လိုဏ်ဂူ၏ အရှေ့ဘက်နံရံနှင့် အတွင်းဘက်ဂူနံရံတို့တွင် အုတ်ခွက်ဗုဒ္ဓဆင်းတုများကို အမြင့် သုံးလက်မခန့်မှစ၍ ငါးပေခန့်အထိ အရွယ်အစားမျိုးစုံတွေ့မြင်နိုင်ပြီး ဂူအတွင်း ကပ်လှူပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်များသည် နေရောင်ဒဏ်ကို တိုက်ရိုက်ထိတွေ့ရခြင်းမရှိသဖြင့် မူလလက်ရာအတိုင်း ဖူးမြော်နိုင်ပါသည်။ ရုပ်တု၊ ဆင်းတု၊ အုတ်ခွက်ဘုရားများကို လေ့လာကြည့်ပါက အေဒီ ၁၇ ရာစုအတွင်း အနီးအနားရှိ ကုသိုလ်ရှင်များ၊ ဘုရားဖူးတို့၏ ကုသိုလ်ပြုလှူဒါန်းခဲ့ခြင်းများ လွန်စွာများပြားခဲ့ကြောင်း၊ အမြင့် ငါးပေခန့်ရှိ မတ်ရပ်နှင့် ထိုင်တော်မူနံရံကပ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီး သုံးဆူရှိပြီး ထင်ရှားသော အချက်တစ်ချက်မှာ ဗုဒ္ဓဆင်းတုတော်များတွင် မဏိတော်အထက် ဥဏှိုသမှ ထွက်ပေါ်၍ မီးလျှံသဖွယ် တက်သွားသော အမှတ်လက္ခဏာပင်ဖြစ်သည်။ ဂူအတွင်း တွေ့ရှိရသော ဗုဒ္ဓဆင်းတုတော်အချို့မှာ အေဒီ ၁၃ ရာစုနှစ်ခန့်က လက်ရာဖြစ်ပြီး အချို့နေရာများရှိ အုတ်ခွက်ဆင်းတုများမှာ သဘာဝဘေးဒဏ်နှင့် နှစ်ကာလကြာမြင့်လာသောကြောင့် ပျောက်ဆုံးလစ်ဟာနေသည်ကို တွေ့ရှိရကြောင်း၊ ရသေ့ပျံဂူကို ၁၉၇၅ ခုနှစ်မှစတင်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း အဆိုပါ ဂူဘုရားရှေ့ရှိ ကမ္ပည်းကျောက်စာတိုင်၌ ရေးထိုးထားသည်။



ထုတ်ချင်းပေါက် ဂူဘုရားဖြစ်၍ ဂူအနောက်ဘက်တွင် သာယာလှပသော အလဝံအင်းကြီးနှင့် ပန်းကုန်း၊ ငါးနက်ပြာ၊ တောကြီးကုန်း၊ ဆင်ကျုံး၊ ကျုံဖရဲအရိပ်ဆက်၊ အရိပ်ကျဘုရားစသော ကျေးရွာများနှင့် နောက်ခံဇွဲကပင်တောင်တန်းကြီးများကို မြင်တွေ့ရမည်ဖြစ်ပြီး သံတံတားတစ်စင်းထိုးထားကာ သဘာဝရှုခင်းအလှနှင့် ဗုဒ္ဓထိုင်တော်မူ ရုပ်ပွားတော်တစ်ဆူတို့အား ဖူးမြော်ရမည်ဖြစ်သည်။

**လမ်းပန်းဆက်သွယ်ရေးကောင်းမွန်**

ရှေးဟောင်းသမိုင်းဝင် ရသေ့ပျံဂူဘုရားသည် ဘားအံမြို့နှင့် နီးကပ်စွာတည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ဒေသခံများ၏ ပျူငှာသြော့ဝတ်ကျေပွန်ခြင်းတို့ကြောင့် နေ့စဉ်ဘုရားဖူးခရီးသည်များဖြင့် စည်ကားလျက်ရှိပြီး ပြည်တွင်းဘုရားဖူးများသာမက ပြည်ပဘုရားဖူးဧည့်သည်များလည်း လာရောက်ကြကြောင်း သိရှိရကာ "ပြည်တွင်း ပြည်ပဘုရားဖူး တစ်နေ့ကို ၅၀၀ ကနေ ၆၀၀ လောက်ရှိလိမ့်မယ်လို့ ခန့်မှန်းပါတယ်၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေဆို ဒီထက်တော့ပိုများတာပေါ့၊ ဘုရားလာဖူးတဲ့ ပရိသတ်တွေ စိတ်ကျေနပ်မှုရှိဖို့အတွက် အနောက်ဘက်ဂူအဝမှာ တံတားတစ်စင်းနဲ့ ဘုရားတစ်ဆူကို အသစ်တည်ဆောက်ထားတယ်၊ လိုဏ်ဂူထဲက ဂူဘုရားတွေကို ထိခိုက်မှုမရှိစေဘဲ ဂူရဲ့အပြင်ဘက်မှာပဲ တည်ဆောက်ထားခြင်းဖြစ်တယ်၊ လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးတွေ အဆင်ပြေချောမွေ့စေဖို့ ဘာလုပ်ပေးနိုင်မလဲ စိတ်ထားပဲ ရှိတယ်၊ အတတ်နိုင်ဆုံး အရာရာကို အခမဲ့ပေးထားတယ်၊ ငွေကြေးကောက်ခံတာတို့ မရှိပါဘူး၊ အမြဲတမ်းသန့်ရှင်းမှုဖြစ်အောင် အမှိုက်ကောက်အဖွဲ့တွေနဲ့ အခါအားလျော်စွာ သန့်ရှင်းမှု၊ စိတ်ငြိမ်မှုကို ဦးစားပေးပြီးတော့ လုပ်ပါတယ်၊ ရသေ့ပျံဂူဘုရားရဲ့ ဗုဒ္ဓပူဇနိယပွဲတော်အနေနဲ့ ပျော်ပွဲ ရွှင်ပွဲလုပ်တာတော့ ဘာမှမရှိဘူး၊ ပဋ္ဌာန်းနဲ့ပတ်သက်တဲ့၊ ဓမ္မနဲ့ပတ်သက်တဲ့ တရားတော်နဲ့ပဲ ပူဇော်တယ်၊ ရသေ့ပျံဂူဘုရားပွဲတော်ဟာ တန်ခူးလပြည့်နေ့ပဲဖြစ်ပြီး စတုဒိသာပဲ ကျွေးပါတယ်" ဟု ရသေ့ပျံဂူဆရာတော် ဦးဝိသုဒ္ဓိက မိန့်ကြားသည်။

**လည်ပတ်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ချင်**

အစိုးရရုံးပိတ်ရက် အားလပ်ရက်တွင် ရန်ကုန်မြို့မှ ဘားအံမြို့ ရသေ့ပျံဂူဘုရားသို့ မိသားစုအလိုက် လာရောက်ဖူးမြော်သည့် စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဌာနခွဲမှူး ဒေါ်အိအိခိုင်က "ရှုခင်းတွေကတော့ ရန်ကုန်နဲ့တော့ တခြားစီပဲပေါ့၊ အလွန်ကို လှပပြီးတော့ နေချင်စရာလည်းကောင်းတယ်၊ ဒေသအနေနဲ့ကလည်း ဒေသစာ ထူးထူးဆန်းဆန်းလေးတွေကို စားဖြစ်တယ်၊ လည်လို့ ပတ်လို့ အလွန်ကောင်းတဲ့ နေရာကို လာပြီးတော့ လည်ပတ်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ချင်ပါ တယ်" ဟု ပြောသည်။

ရန်ကုန်မြို့မှ လာရောက်ဖူးမြော်သူ ဒေါ်သန်းရင်ကလည်း "စိတ်လည်းချမ်းသာတယ်၊ ပျော်လည်းပျော်တယ်၊ ဘားအံမြို့ရဲ့ ဂူဘုရားတွေကို တစ်ခါမှလည်းမရောက်ဖူးဘူး၊ အခုမှရောက်ဖူးတာပါ၊ ရှုခင်းတွေလည်း အလွန်လှတယ်၊ ဘုရားတွေလည်း ကြည်ညိုဖို့ကောင်းတဲ့အတွက် လာရောက်ဖူးမြော်ကြည်ညိုကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

သမိုင်းဝင် ရှေးဟောင်းရသေ့ပျံဂူသည် ဗုဒ္ဓဉာဏရသေ့မြတ်သီတင်းသုံးနေထိုင်ခဲ့သည်ဟု အဆိုရှိပြီး ဂူအတွင်းတွင် ရသေ့တရားအားထုတ်ခဲ့သော ကျောက်ဖျာလိုဏ်ဂူတစ်ခု၊ ရသေ့တောင်ကို ထွင်းဖောက်သွားသော ကျောက်အမိုးပေါက်တစ်ခု၊ ရသေ့ဆေးထောင်းသော ကျောက်ဆုံတစ်ခုနှင့် ရသေ့မှောက်သွားသော ဆေးသွေးကျောက်ပြင်ကြီးတစ်ချပ်တို့ကို ယနေ့တိုင်တွေ့ရှိနိုင်ပြီး ကျောက်ပြင်ချပ်ကြီး၏ အလယ်ဗဟိုတွင် လေးလက်မခန့်ရှိ ကျောက်ခွက်တစ်ခုရှိရာ ထိုကျောက်ခွက်ကို ရသေ့ဆေးသွေးသော ကျောက်ခွက်ဟု သိရှိရပြီး ရသေ့ဆေးထောင်းခဲ့သော ကျောက်ဆုံနှင့် ရသေ့မှောက်ခဲ့သော ဆေးသွေးကျောက်ပြင်ကြီးတို့ကို ဘုရားဖူးများက မိမိတို့ခံစားရသော ရောဂါများ ပြန်လည်ပျောက်သပ်လျှင် ပျောက်ကင်းသည်ဟု ယုံကြည်ကြ၍ ပွတ်သွားလေ့ရှိသည်။

ရသေ့ပျံဂူသည် ဘားအံမြို့ သံလွင်တံတားမှ ကော့ဂွန်းဂူသွားလမ်းအတိုင်း ရသေ့ပျံကျေးရွာကို ဖြတ်၍ သွားရောက်ရပြီး စေတီဟောင်းများ၊ အုတ်ကန်များ၊ လက်ရေးစဉ်အမှတ်အသားပါသော အုတ်ချပ်များ၊ စဉ့်ရေသုတ်အုတ်ကျွတ်များ၊ သိမ်နေရာဟောင်းများကြောင့် ရှေးယခင်ကပင် ဗုဒ္ဓဘာသာယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း သိရှိနိုင်ပြီး သာယာလှပခြင်း၊ ရှေးဟောင်းဗုဒ္ဓယဉ်ကျေးမှုလက်ရာများအား မြင်တွေ့ခွင့်ရခြင်းတို့ကြောင့် ရပ်နီးရပ်ဝေး၊ ပြည်တွင်း ပြည်ပမှ ဘုရားဖူးဧည့်သည်များ နေ့စဉ် ဝင်ထွက်သွားလာလျက်ရှိကာ နေ့စဉ် ကားအစီးရေ ၁၀၀ ခန့် လာရောက်ဘုရားဖူးလည်ပတ်ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ် ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်

**မြစ်ကြီးနား မတ် ၂၆**

မြစ်ကြီးနားမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းတွင် မတ် ၂၄ ရက်က ပထမဆုံးအကြိမ် ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက ငလျင်အကြောင်း သိကောင်းစရာများ၊ ယခင်နှစ်များက ငလျင်လှုပ်ခတ်ခဲ့သည့် အကြိမ်ရေများကို ရှင်းလင်းပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်အောင်က သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းထားပုံနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဦးက သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူများနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အခြေအနေများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇက်လွမ်းခေါင်က မြေငလျင်ကြောင့် ဘေးအန္တရာယ်နောက်ဆက်တွဲအဖြစ် မီးလောင်ခြင်းနှင့် ရေကြီးခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး ကျန်းမာရေးအရ သတိထားသင့်ပုံ၊ ပြည်နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ အသက်ကယ်ဆယ်ရေးလက်တွေ့သရုပ်ပြခြင်းနှင့် မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနမှ ဦးတင်ထိုက်က မြေငလျင်လှုပ်ခတ်ပါက ဆောင်ရန်၊ ရှောင်ရန်များကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကချင်ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ရဲမင်း ၈/ကမန(နိုင်) ၀၇၄၃၆၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၆၇၃၂၁၁

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးခိုင်ဝင်းဦး ၈/သရန(နိုင်) ၁၀၈၃၇၃ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၄၂၁၈၇၇၉

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးသိန်းလွင် ၈/ကမန(နိုင်) ၀၃၀၄၃၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၅၇၈၁၂၇

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုသက် ၁၄/ဝခမ(နိုင်) ၂၈၆၆၂ ၏ သင်္ဘောသား BST လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၅၄၆၅၀၈

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ဝင်းဝင်းမာ | ၁၂/ရပသ(နိုင်)၀၄၅၄၅၄ | ၁၀၀၂/ခ၊ အောင်စစ်သည်(၁)လမ်း၊ ၁၀-ရပ်ကွက်၊ ရွှေပြည်သာ | ၃၅ | ၁၀၀၂/ခ | ဦးနေဝင်း |
| ၂ | ဦးရဲကိုကို | ၁၂/ရပသ(နိုင်)၀၄၈၈၂၂ | ၄၀၉၊ ကနောင်ပန်းခြံလမ်း၊ ၈-ရပ်ကွက်၊ ရွှေပြည်သာ | ၆ | ၄၀၉ | ဦးဆန်းဝင်း+၁ |
| ၃ | ဒေါ်နော်ထဲမီ | ၁၂/မရက(နိုင်)၀၂၆၉၆၅ | ယခင်၁၂/ယခု ၁၉၊ ဒေးဗစ်ရွှေနုလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၃/သမိုင်း | ၅/ပ | ဦးထွန်းအောင်ကျော်+ ဒေါ်ဥ |
| ၄ | ဒေါ်စန်းမြင့် | ၁၂/တမန(နိုင်)၀၃၁၃၂၂ | ၉၂၊ ကျောက်ရေတွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေ | ၃၄/စီ | ၁၀/စီ | ဒေါ်မြရင်ပါ(၂၆)ဦး |
| ၅ | ဦးအောင်ငွေး | ၁၂/အစန(နိုင်)၀၅၈၆၀၅ | ၇၂၉၊ အောင်မင်္ဂလာလမ်း၊ က-ရပ်ကွက်၊ သယ်န်းကျွန်း | ၅၂ | ၂၂/၃ (Portion) | ဘာလူးမီရား |
| ၆ | ဒေါ်ကျင်အေး | ၁၂/မဘန(နိုင်)၀၅၁၃၉၀ | ၉၃၀၊ မေတ္တာလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း | ၂၃/သမိုင်း | ၂/က | KR အနားမလဲကော်နား |
| ၇ | ဦးဇော်ဇော်မောင် | ၁၄/လပတ(နိုင်)၀၄၆၀၂၀ | ၃၅၅၊ ကေတုမတီလမ်း၊ ၁၀၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁၀၇ | ၃၅၅ | ဗိုလ်မှူးစိုးသိန်း |
| ၈ | ဒေါ်အေးအေးနွယ် | ၁၂/အလန(နိုင်)၀၃၇၆၂၅ | ၁၁၅၅၊ ဘူတာရုံလမ်း၊ ၁၁-ရပ်ကွက်၊ ရန်ကင်း | ၃၇/တဲဘုံ | ၁၇/ခ | မွန်လှလှ |
| ၉ | ဦးညီညီနော် | ၁၂/အလန(နိုင်)၀၃၇၉၃၈ | ၁၂၀၀၊ ပိတောက်မြိုင်(၁)လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၄ | ၁၂၀၀ | ဦးစန်းယုဆွေ |
| ၁၀ | ဒေါ်မာမာညို | ၁၄/မမန(နိုင်)၁၅၁၈၁၈ | ၅၄၁/ခ၊ တော်ဝင်လမ်း၊ ၈-ရပ်ကွက်၊ ရွှေပြည်သာ | ၇ | ၅၄၁/ခ | ဒေါ်ခင်ခင်ကြီး |
| ၁၁ | ဒေါ်စန်းမြင့်+၁ | ၁၂/ဥကတ(နိုင်)၁၄၃၀၈၀ | ၅၆၈/က၊ ဇေယျာလမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပ | ၁၀ | ၅၆၈/ခ | ဒေါ်သန်းသန်းဝင်း+ဦးကျော်ရွှေ+ဦးလှဝင်း |
| ၁၂ | ဦးကျော်ဇံအောင် | ၁၁/မပန(နိုင်)၀၀၂၂၀၂ | ၁၃၀၇/က၊ ဆရာစံလမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၁၇ | ၁၃၀၇/က | ဒေါ်ညွှန့်လှိုင် |
| ၁၃ | ဒေါ်လှခိုင်သာ | ၁၁/စတန(နိုင်)၀၂၂၇၂၈ | ၃၁၈၊ အောင်သိဒ္ဓိလမ်း၊ ၁၆-ရပ်ကွက်၊ ရွှေပြည်သာ | ၄၇ | ၃၁၈ | ဒေါ်ကျင်မေ |
| ၁၄ | ဒေါ်လေးလေးမြင့် | ၁၂/မရက(နိုင်)၀၉၇၀၈၄ | ၁၀၄၇၊ ဘုရင့်နောင်လမ်း၊ ၁၁-ရပ်ကွက်၊ ရွှေပြည်သာ | ၃၅ | ၁၀၄၇ | ဒေါ်တင်ရွှေ |
| ၁၅ | ဦးထွန်းကြည် | ၁၂/အစန(နိုင်)၀၈၈၅၈၆ | ည/၉၅၊ ခနသိဒ္ဓိလမ်းသွယ်၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန် | ၃၉၉/က(ဘော့ကန်) | ၅၄ | ဦးမြကျော်ထွန်း |
| ၁၆ | ဦးရဲလင်းမောင် | ၁၂/ပဘတ(နိုင်)၀၂၉၄၀၂ | ၁၁၂/က၊ နန္ဒဝန်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်း | ၅၂ | ၃၈-A/၁-B-၁A+၄၃-A/၁A ၁A ၁B-၁A | ဒေါ်ရှင် |
| ၁၇ | ဦးငွေး | ၉/ညဥန(နိုင်)၁၁၂၀၀၇ | ၉/က၊ အနော်ရထာလမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၃ | ၉/က | ဦးအောင်ငွေ |
| ၁၈ | ဦးညဏ်သောင်း | ၈/ခမန(နိုင်)၀၇၆၄၄၁ | ၁၁၈/ခ၊ ဟားခါး(၂)လမ်း၊ ၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၇ | ၁၁၈/ခ | ဒေါ်ကျင်သန်း |
| ၁၉ | ဒေါ်သောင်းရီ | ၁၂/လမန(နိုင်)၁၀၀၂၈၃ | ၁၃၃၃၊ ကျွန်းစစ်သားလမ်း၊ ၁၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁၃ | ၁၃၃၃ | ဗိုလ်မှူးမြင့်ဝင်း |
| ၂၀ | ဒေါ်စုစုတင် | ၁၂/မရက(နိုင်)၀၀၉၁၁၉ | ၄၁၄၊ လေဆိပ်လမ်း၊ ၅-ရပ်ကွက်၊ မရမ်းကုန်း | ၄၀၄/A | ၄၆-က၁ | ဒေါ်ဖွားရှင် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မောင်တောဒေသခံများ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် ကိုင်းကြီးရွာအနီး တစ်ဖက်ပိတ်ဆည်တည်ဆောက်

**မောင်တော မတ် ၂၆**



မောင်တောမြို့နယ်ရှိ ဒေသခံများ သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာရရှိစေရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ ဆည်တမံပေါင်း ၂၆ ခု တည်ဆောက်လျက်ရှိပြီး ယခုနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကိုင်းကြီးကျေးရွာ အပါအဝင် အနီးနားရှိ ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာ ရရှိစေရန်အတွက် ကိုင်းကြီးတစ်ဖက်ပိတ်ဆည်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"ဒီဆည်နာမည်က ကိုင်းကြီးလျှိုပိတ်ဆည်ပါ၊ ဆည်တည်နေရာက မောင်တောမြို့ ကိုင်းကြီးကျေးရွာ အရှေ့မြောက်ဘက် ပေ ၃၀၀၀ ခန့်အကွာမှာ ရှိပါတယ်၊ ဆည်အမျိုးအစားက ကျောက်ကပ်မြေသားတမံအမျိုးအစားဖြစ်ပါတယ်၊ ဒီတမံ တည်ဆောက်ရတဲ့ရည်ရွယ်ချက်ကတော့ နွေစပါး ဧက ၁၀၀ အတွက် စိုက်ပျိုးရေနဲ့ ကိုင်းကြီးကျေးရွာအပါအဝင် တခြားကျေးရွာတွေက ဒေသခံများ သောက်သုံးရေရရှိရေးအတွက် တည်ဆောက်ခဲ့တာဖြစ်ပါတယ်"ဟု မောင်တောမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်မိုးနိုင်က ပြောသည်။

ကိုင်းကြီးတစ်ဖက်ပိတ်ဆည်သည် တမံအလျားပေ ၃၀၀၊ အမြင့်ပေ ၂၀၊ ထိပ်ဝ အကျယ် ၁၅ ပေ၊ အောက်ခြေ အကျယ် ၁၃၅ ပေ၊ ရေဝပ်ဧရိယာ ဧက ၂၀ ရှိကာ မိုးရာသီတွင် ရွာသွန်းသောမိုးရေများအားသိုလှောင်ပြီး မောင်တောမြို့နယ် ကိုင်းကြီး ကျေးရွာနှင့် အခြားကျေးရွာများ နွေရာသီသောက်သုံးရေရရှိရေးနှင့် နွေစပါးစိုက်ပျိုးရေးတို့အတွက် အဓိကထား တည်ဆောက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍

# တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် နက္ခတ်တာရာပြခန်း (နေပြည်တော်)၏ ၁၀ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စည်စည်ကားကား ကျင်းပမည်



တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ရှိ ငါးပြတိုက်သို့ လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၂၆**

တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် နက္ခတ်တာရာပြခန်း(နေပြည်တော်)၏ ၁၀ နှစ်ပြည့် မွေးနေ့နှစ်ပတ်လည်ပွဲတော်ကို မတ် ၃၁ ရက်နှင့် ဧပြီ ၁ ရက်(စနေ၊ တနင်္ဂနွေ) ဌာနဆိုင်ရာရုံးပိတ်ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကို အများပြည်သူများ၊ ကလေးသူငယ်များ နွေရာသီအပန်းဖြေနိုင်ရန်အတွက် မတ် ၃၁ ရက်တွင် နိုင်ငံကျော် ပဉ္စလက် ကိုခိုင်၏ မျက်လှည့်နှင့် ဆက်ကပ်များကို အချိန်နှစ်ပိုင်းခွဲ၍ ပြသမည်ဖြစ်ပြီး ဧပြီ ၁ ရက် (April Full Day) နေ့တွင် Excellent

*စာမျက်နှာ ၉ ကော်လံ ၃* ❒

# မြန်မာနှင့် မကာအိုအသင်းတို့၏ အာရှဖလားခြေစစ်ပွဲ နောက်ဆုံးပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် မတ် ၂၆**

၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲနောက်ဆုံးပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် မကာအိုလက်ရွေးစင်အသင်းသည် မတ် ၂၇ ရက် **(ယနေ့)** ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပွဲမှာ နှစ်သင်းစလုံးအတွက် အရေးမပါတော့သော်လည်း ဂုဏ်သိက္ခာအတွက် ယှဉ်ပြိုင်ကစားရမည့်ပွဲဖြစ်သည်။ မြန်မာအသင်းသည် မတ် ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ကာဂျစ္စတန်အသင်းနှင့် ခြေစစ်ပွဲပြန်ကန်ပွဲတွင် အရေးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ပြီး မကာအိုနှင့်ပွဲမှာ အရေးမပါတော့ခြင်းဖြစ်သည်။ ကာဂျစ္စတန်အသင်းနှင့် ပွဲအပြီးတွင် မြန်မာအသင်းသည် နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်နှင့် လမ်းခွဲခဲ့ပြီး လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်းအား ယာယီနည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၃* ▲



မြန်မာအသင်း ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်မည့် ဦးဇော်ဝင်းထွန်း။

## မြဝတီမြို့၌ နိုင်ငံတော်အလံတိုင်နှင့် ခြသေ့်ရုပ်တုတို့အား ဖျက်ဆီးသူ လေးဦးအား အရေးယူ

စာ » ၁၂

## ရှုရှားဈေးဝယ်စင်တာ မီးလောင်မှုကြောင့် သေဆုံးသူ ၆၄ ဦးအထိ မြင့်တက်လာ

စာ » ၁၄

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017